The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL.22, NO. 14 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 18, 2022

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းဆန် ပြည်ပတင်ပို့မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်တိုးတက်ဖွံ့ဖြိုးစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢




ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း စားသုံးဆီသိုလှောင်ကန်များမှ ဆီဖြန့်ဖြူးမှု အခြေအနေ ကြည့်ရှုစစ်ဆေးပြီး စားသုံးဆီတင်သွင်းသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၂ ➢

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ၂၀၂၂ ခုနှစ် ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်သူ ဝန်ထမ်းများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢

သီရိလင်္ကာသို့ ဆန်လျှော်ဒါန်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လျှော်ဒါန်းမှုကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၅ ➢




ကောမတ်စ်ပုံနှိပ်လုပ်ငန်း
အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။
*Pamphlets, Calendar(Table/Wall)*
*Visiting Card, Company Letter Head*
*File Holder, Business Cards*
*Certificates Labels, Voucher, Book,*
*Catalouges, Postcards, Envelopes, Journal*
No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800, 09 420119709

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း စားသုံးဆီသိုလှောင်ကန်များမှ ဆီဖြန့်ဖြူးမှုအခြေအနေ ကြည့်ရှုစစ်ဆေးပြီး စားသုံးဆီတင်သွင်းသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင်ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Six Winners Brothers ကုမ္ပဏီလီမိတက်၏ ဆီသိုလှောင်ကန်များ၌ စားအုန်းဆီ သိုလှောင်ထားရှိမှုအခြေအနေများ၊ ဖြန့်ဖြူးမှုအခြေအနေ၊ 18 Liter ပုံးများဖြင့် ဘူးသွင်းထုတ်လုပ်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ၊ ပဉ္စမထပ် အစည်းအဝေးခန်းမတွင် စားအုန်းဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများ၊ စားသုံးဆီ တင်သွင်းသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။



အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ပြည်ပမှတင်သွင်းသည့်စားအုန်းဆီများကို စနစ်တကျတင်သွင်း၊ ဖြန့်ဖြူးရောင်းချနိုင်ရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် ဘဏ္ဍာနှစ်မှစ၍ ဈေးကွက်သို့ ဆီပေပါများဖြင့် ဖြန့်ဖြူးနေခြင်းအစား Consumer Pack ဖြင့် ထုပ်ပိုးဖြန့်ဖြူးရောင်းချသွားနိုင်ရေးကို လုပ်ငန်းရှင်များအား အသိပေးနှိုးဆော်ထားပြီးဖြစ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် အသိပေး ပြောကြားလိုကြောင်း၊ Consumer Pack ဖြင့် ထုပ်ပိုးဖြန့်ဖြူးရောင်းချရာတွင် သက်ဆိုင်ရာဌာနများက ညွှန်ကြားထားသည့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြခြင်းအားဖြင့် သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိလာစေမည်ဖြစ်ပြီး စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကြိုတင်ကာကွယ်ရာ ရောက်မည်ဖြစ်ကြောင်း။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စားသုံးသူလက်ခံနိုင်သည့် အရည်အသွေးပြည့်မီသော စားအုန်းဆီများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက်လည်း အရေးကြီးကြောင်း၊ ယခုအချိန်တွင် ပြည်တွင်း၌ နေကြာစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် အရည်အသွေးပြည့်မီသည့် နေကြာဆီထုတ်လုပ်သည့်စက်ရုံများ ပေါ်ပေါက်လာစေရေးအတွက် ချေးငွေများပေးအပ်နိုင်ရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လက်ရှိစားအုန်းဆီကြမ်း ထုတ်လုပ်လျက်ရှိရာမှ အဆင့်မြင့် စားအုန်းဆီ ထုတ်လုပ်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ပမှ စားအုန်းဆီ တင်သွင်းသူများအနေဖြင့် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်သွင်းဖြန့်ဖြူးရောင်းချသွားရန် အသိပေးပြောကြားလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဆီတင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းရှင်များက စားအုန်းဆီ တင်သွင်းမှု၊ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး၊ ပို့ကုန်သွင်းကုန်ရုံးခွဲ (ရန်ကုန်) ရှိပို့ကုန်/သွင်းကုန်ဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပထမထပ်အစည်းအဝေးခန်းမ၌ ကော်စေ့လုပ်ငန်းရှင်များအား တွေ့ဆုံ၍ လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ လုပ်ငန်းဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပဉ္စမထပ် မင်္ဂလာခန်းမ၌ ဆီထွက်သီးနှံ၊ ပဲ၊ နှမ်း၊ ပြောင်းကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းများမှ တာဝန်ရှိသူများ၊ ကုန်သည်များအား တွေ့ဆုံ၍ ကုန်သည်လုပ်ငန်းရှင်းများအနေဖြင့် လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားစေလိုကြောင်း စသည်ဖြင့် အကျယ်တဝင့်ပြောကြားခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပဲ၊ ပြောင်း၊ နှမ်း၊ သီးနှံများအား ပြည်ပသို့ တင်ပို့နေမှုအခြေအနေများအား ရှင်းလင်းဆွေးနွေးကာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများအား ဆွေးနွေးတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဆန် ပြည်ပတင်ပို့မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်တိုးတက်ဖွံ့ဖြိုးစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ဆန်ပြည်ပတင်ပို့မှု လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်တိုးတက် ဖွံ့ဖြိုးစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍသည် နိုင်ငံတော်၏ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေသည့်အပြင် ဆန်ပြည်ပတင်ပို့မှုလုပ်ငန်းစဉ်များနှင့် ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်လျှောက်တွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံးအနေဖြင့် ကဏ္ဍတစ်ခုနှင့်တစ်ခုကို ချိတ်ဆက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်တွင်းမွေးမြူရေး အစားအစာ လိုအပ်ချက်များနှင့် ချိန်ညှိ၍ ပိုလျှံသည်များကို ပြည်ပတင်ပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် ကုန်သွယ်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အညီ ကုန်စည်အရည်အသွေး သတ်မှတ်ချက်၊ ဝယ်ယူမှု ပုံစံအသစ်များ၊ တင်ပို့ရောင်းချမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် ကဏ္ဍအလိုက် စိန်ခေါ်မှုများ ကြုံတွေ့လာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ဆွေးနွေးပွဲတွင် ကဏ္ဍအလိုက်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်းဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်းနှင့် လိုအပ်သည်များကိုလည်း ညှိနှိုင်းပေါင်းစပ် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆန်ပြည်ပ တင်ပို့မှု လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေမှု အခြေအနေ၊ ပြည်တွင်း စိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်းမွေးမြူရေး လုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ချိန်ဆ၍ ပြည်ပတင်ပို့နေမှု အခြေအနေ၊ ဆန်ထွက်ပစ္စည်းများနှင့် တန်းမြင့်ဆန်များ ပြည်ပတင်ပို့မှု အခြေအနေ၊ ပို့ကုန်လိုင်စင် လျှောက်ထားမှု ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် သက်ဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်လျှောက် ကဏ္ဍအလိုက် လိုအပ်ချက်များအပေါ် အသီးသီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ၂၀၂၂ ခုနှစ် ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်သူ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၂ ခုနှစ် ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်သူ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသည့် ပညာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်ကို ချမှတ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်လျော်ညီစွာ စီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းမွန်စွာသင်ယူတတ်မြောက်ရေး၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးနှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးဟူသည့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး မျှော်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရက မျိုးဆက်သစ်လူငယ်များကို ပညာရည်အဆင့်အတန်း၊ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ ပြည့်စုံစေပြီး အမျိုးသားပညာရည် မြင့်မားစေရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တစ်တပ်တစ်အား ပါဝင်ချီးမြှင့်ပံ့ပိုးသည့်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဂုဏ်ထူးဖြင့် အောင်မြင်သည့်အခါ ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းတို့ကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ယခုဂုဏ်ပြုပွဲအခမ်းအနားတွင်လည်း သားငယ်/သမီးငယ်များကို မှာကြားလိုသည်မှာ ပညာရှိမှ မှန်မှန်ကန်ကန် ဝေဖန်ဆုံးဖြတ်နိုင်ပြီး မှန်ကန်သည့် ဦးဆောင်မှုပေးနိုင်မည်ဖြစ်ကာ ပညာရဲရင့် ပွဲလယ်တင့်ဆိုသည့်အတိုင်း ထူးချွန်ထက်မြက်သော ပညာရှင်များဖြစ်အောင် ယခုရရှိထားသည့် ထူးချွန်မှု၊ အောင်မြင်မှုများနှင့် ကျေနပ်မနေသင့်ဘဲ ဆတက်ထမ်းပိုး ကြိုးစားသွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာသင် ထောက်ပံ့ကြေးများအား အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များထံ အသီးသီး ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦးအား ၁၆ ပဲရည် ရွှေတစ်ကျပ်သား ဆွဲပြားအားလည်းကောင်း၊ ဒုတိယဝန်ကြီးက ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦးအား ၁၆ ပဲရည် ရွှေသုံးမတ်သား ရွှေဆွဲပြားအားလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ထူးဖြင့် အောင်မြင်သူများကို တစ်ဘာသာလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ သင်တန်းများတွင် ထူးချွန်ဆုရခဲ့သည့် ဝန်ထမ်းများအား ဆုများအသီးသီးချီးမြှင့်ပြီး ဆုရရှိသူ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယနေ့ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားတွင် ကျပ်နှစ်ရာသုံးဆယ့်တစ်သိန်းကိုးသောင်းအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce
JOURNAL
**အတိုင်ပင်ခံစာတည်း**
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း
**စာတည်းမှူးချုပ်**
မင်းအောင်အေး
**အုပ်ချုပ်ရေးမှူး**
မေခိုင်ဦး
**တာဝန်ခံစာတည်း**
စိန်သံ
**စာတည်းအဖွဲ့**
ရဲမင်းနိုင်
**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး
အေးအေးသန့်
**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)
**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်
**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)၊
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၁)
**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃
**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ဝင်း
**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)
**ကွန်ပျူတာ**
လွင်သန္တာထွန်း၊ ချိုးချိုးနိုင်၊ မေသန္တာမိုး
**Layout Design & Graphic Design**
CJ Design Group
**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Email Address**
commercejournal.editor@gmail.com

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန်နှင့် ပဲမျိုးစုံဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လ တတိယပတ်တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ပေါ်ဆန်းဆန် ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၅၀၀၀၊ ဧရာမင်း စပါးတင်း ၁၀၀ လျှင် ကျပ် ၁၀၅၀၀၀၀၊ ဧရာမင်း ဆန် ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၄၄၀၀၀၊ ရေဦးမြို့မှ ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၃၅၀၀၀၀၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၅၂၀၀၀၊ ဧရာမင်း စပါးတင်း ၁၀၀ လျှင် ၉၀၀၀၀၀၊ ဧရာမင်း(ဆန်)၂၄ ပြည်ပါ တစ်အိတ် ကျပ် ၄၀၀၀၀ များဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ဧည့်မထစပါး တင်း၁၀၀ လျှင် ကျပ် ၈၅၀၀၀၀၊ ဧည့်မထ ဆန် ၂၄ပြည်ပါတစ်အိတ်မှာ ကျပ် ၂၇၀၀၀၊ ငစိန်စပါး တင်း ၁၀၀ လျှင် ကျပ် ၈၀၀၀၀၀၊ ငစိန် ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ဧရာမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၀၀၀၀၀၀၊ ဧရာမင်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၃၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ မော်ဘီ(၂) စပါးတင်း ၁၀၀ လျှင် ကျပ် ၈၀၀၀၀၀၊ မော်ဘီ(၂) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ဆင်းဧကရီ(၃) စပါးတင်း ၁၀၀ လျှင် ကျပ် ၇၅၀၀၀၀၊ ဆင်းဧကရီ(၃)ဆန် ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၃၂၀၀၀၊ ဧရာမင်း စပါး တင်း ၁၀၀ လျှင် ကျပ် ၁၀၀၀၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည် ဆန် တစ်အိတ်လျှင် ကျပ် ၄၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၁၀၀၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၄၅၀၀၀၀၊ ပေါ်ဆန်းဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၅၅၀၀၀၊ မနောသုခ စပါးတင်း ၁၀၀ လျှင် ကျပ် ၈၀၀၀၀၀၊ မနောသုခ ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ဧရာမင်း စပါးတင်း ၁၀၀ လျှင် ကျပ် ၉၅၀၀၀၀၊ ဧရာမင်း ဆန်၂၄ ပြည် တစ်အိတ်မှာ ကျပ် ၃၇၀၀၀၊ ပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ကျပ် ၁၄၀၀၀၀၀၊ ပေါ်ဆန်း ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၄၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇူလိုင်လဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၃၇၀၀၀၊ မန္တလေးသို့ အိတ်ရေ ၅၁၃၀၀၊ မကွေးသို့ အိတ်ရေ ၁၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၉၀၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ်ရေ ၆၅၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ အိတ်ရေ ၆၅၀၀၊ စုစုပေါင်း အိတ်ရေ ၁၁၁၃၀၀ အိတ်၊ တန်အားဖြင့် ၅၅၆၅ စီးထွက်ခဲ့သည်။ ယခု ဇူလိုင်လ တတိယပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၃၇၀၀၀၊ မန္တလေးသို့ အိတ်ရေ ၄၄၉၀၀၊ မကွေးသို့ အိတ်ရေ ၁၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၁၀၀၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ်ရေ ၇၅၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ အိတ်ရေ ၇၅၀၀၊ စုစုပေါင်း အိတ်ရေ ၁၀၇၉၀၀ အိတ်၊ တန်အားဖြင့် ၅၃၉၅ တန် စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အိတ်ရေ ၃၄၀၀ တန်အားဖြင့် ၁၇၀တန်လျော့နည်း စီးထွက်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ဇူလိုင်လ တတိယပတ်တွင် ဖြစ်ပေါ်နေသော ပဲဈေးနှုန်းများမှာ ပဲတီစိမ်း(ကြီး)တစ်တင်း ကျပ် ၄၅၀၀၀၊ ပဲစင်းငုံတစ်တင်း ကျပ် ၄၄၅၀၀၊ မတ်ပဲတစ်တင်း ကျပ် ၅၂၀၀၀၊ ကုလားပဲ ထိုင်ဝမ် တစ်တင်း ကျပ် ၄၈၀၀၀၊ ကုလားပဲ 929 တစ်တင်း ကျပ် ၄၉၀၀၀၊ ကုလားပဲ V2 တစ်တင်း ကျပ် ၅၁၅၀၀၊ ကုလားပဲ V3,7 တစ်တင်း ကျပ် ၅၁၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဂျုံဖြူသန့်တစ်တင်း ကျပ် ၄၅၀၀၀-၄၆၀၀၀၊ ဂျုံနီတစ်တင်း ကျပ် ၄၂၅၀၀-၄၃၅၀၀၊ ပဲကြီး(သစ်) တစ်တင်း ကျပ် ၇၀၀၀၀-၇၁၀၀၀၊ ပဲနီလုံးရိုးရိုး တစ်တင်းကျပ် ၄၄၀၀၀-၄၅၀၀၀၊ ပဲနီလုံးကြား တစ်တင်း ကျပ် ၄၅၅၀၀၊ ပဲပုပ်စေ့ (ဗမာ) တစ်တင်း ကျပ် ၆၂၅၀၀၊ ထောပတ်ပဲ တစ်တင်း ကျပ် ၄၃၅၀၀-၄၅၀၀၀၊ မြေထောက်ပဲ တစ်တင်း ကျပ် ၅၁၀၀၀-၅၇၀၀၀၊ ပုဂံပဲ တစ်တင်းကျပ် ၆၃၅၀၀၊ ပဲလွမ်းဖြူ တစ်တင်း ကျပ် ၃၂၀၀၀-၃၅၀၀၀၊ ပဲလွမ်းပြာ တစ်တင်း ကျပ် ၃၁၀၀၀၊ အစေ့ထုတ်ပြောင်း (CP) တစ်တင်းကျပ် ၁၅၀၀၀၊ ပြောင်းနီ တစ်တင်းကျပ် ၁၄၅၀၀၊ ပြောင်းဖြူ တစ်တင်း ကျပ် ၁၅၅၀၀၊ ဆီထွက်သီးနှံများဖြစ်သော နှမ်းသီးနှံပေါက်ဈေးနှုန်းများမှာ နှမ်းညိုတစ်တင်း ကျပ် ၆၀၅၀၀၊ နှမ်းနက် တစ်တင်း ကျပ် ၆၀၀၀၀-၇၃၀၀၀၊ နှမ်းဖြူ တစ်တင်းကျပ် ၆၆၀၀၀၊ နှမ်းနီ တစ်တင်း ကျပ် ၅၉၀၀၀-၆၀၅၀၀၊ မြေပဲလုံးဆံနီ တစ်ပိဿာ ကျပ် ၄၉၀၀-၅၀၀၀၊ မြေပဲလုံးဆံဖြူ တစ်ပိဿာ ကျပ် ၄၈၀၀-၄၈၅၀၊ ပဲဖတ်တစ်ပိဿာ ကျပ် ၁၈၈၀၊ နှမ်းဖတ်တစ်ပိဿာ ကျပ် ၁၂၈၀၊ နေကြာဖတ် တစ်ပိဿာ ကျပ် ၁၁၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**တင်မာဝေ(မုံရွာ)**

# မြင်းခြံခရိုင် စပါးစိုက်ပျိုးမှုနှင့် ဈေးနှုန်း

စပါးသီးနှံကို ရှေးယခင်က မိုးရာသီမှာသာအဓိကထားပြီး အများဆုံးစိုက်ပျိုးကြသော်လည်း ယခုနောက်ပိုင်း ၁၉၉၂-၁၉၉၃ ခုနှစ်လောက်မှစ၍ နွေရာသီမှာပါ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြသည်။ စပါးကို နွေ၊ မိုး နှစ်ရာသီစိုက်ပျိုးနိုင်သည့်အတွက် တောင်သူများဝင်ငွေတိုးကာ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်သည်။ မိုးစပါးကို ယေဘုယျအားဖြင့် မေလမှစက်တင်ဘာလကုန်ထိ စိုက်ပျိုးကြသည်။ စပါးပင်အတွက် နေရောင်ခြည်စွမ်းအင် အဓိကရရှိမှသာ အပင်အတွက် အစာချက်လုပ်နိုင်မည်ဖြစ်သည်။ သို့မှသာ ကြီးထွားဖွံ့ဖြိုး၍ စပါးအထွက်တိုးနိုင်မည်ဖြစ်သည်။စပါးပင် အနှံထွက်ပန်းပွင့်ပြီးနောက် ရက် ၃၀ မှ ၄၀ အတွင်း ရိတ်သိမ်းနိုင်ပါက ဆန်အကျိုးအကြေနည်းပြီး ဆန်အရည်အသွေးကောင်းစေသည်။

မြင်းခြံခရိုင်တွင် ၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါးစိုက်ဧကမှာ ၂၃၀၉၃ ဧကရှိပြီး အားလုံးရိတ်သိမ်းပြီးဖြစ်သည်။တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၇၀ ဒသမ ၃၈ တင်းနှုန်းဖြင့် တင်းပေါင်း ၁၆၃၉၁၃၄ တင်း ထွက်ရှိခဲ့သည်။ မြို့နယ်အလိုက် စိုက်ပျိုးမှုအနေဖြင့် မြင်းခြံမြို့နယ်တွင် ၃၅၉၅ ဧက၊ တောင်သာမြို့နယ်တွင် ၄၁၇၆ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ၉၈၁၇ ဧက၊ ငါန်းဇွန်မြို့နယ်တွင် ၅၅၀၅ ဧကတို့ဖြစ်သည်။ မြင်းခြံခရိုင်တွင် စပါးစိုက်ပျိုးမှုအနေဖြင့် မနောသုခစပါးကို အများဆုံးစိုက်ပျိုးကြပြီး လက်ရှိ မနောသုခစပါးအသစ်တစ်တင်း ပေါက်ဈေးအနေဖြင့် ကျပ် ၇၀၀၀ ဝန်းကျင်ရှိပြီး အဟောင်းတစ်တင်းလျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ ဆန်ဈေးအနေဖြင့် မနောသုခ(အသစ်)တစ်အိတ်လျှင် ကျပ် ၂၇၀၀၀ ဝန်းကျင်၊ မနောသုခ(အဟောင်း)တစ်အိတ်လျှင် ကျပ် ၃၈၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ဖြိုးအိမွန် (မြင်းခြံ)**

# နွေစပါးဈေး ဆက်လက်မြင့်တက်

ပြည်ခရိုင်အတွင်း နွေစပါးဈေးမှာ ယခင်ဇွန်လ နောက်ဆုံးပတ်တွင် တင်း ၁၀၀ လျှင် ကျပ် ၇၅၀၀၀၀ ရှိခဲ့ရာ ဇူလိုင်လ ဒုတိယပတ်တွင် ပြည်မြို့နယ်တွင် စပါးတင်း ၁၀၀ လျှင် ကျပ် ၇၇၀၀၀၀၊ ပေါက်ခေါင်းမြို့နယ်တွင် ကျပ် ၇၅၀၀၀၀၊ သဲကုန်းမြို့နယ်တွင် ကျပ် ၇၆၀၀၀၀၊ ပေါက်ခေါင်းမြို့နယ်တွင် ကျပ် ၇၈၀၀၀၀ ဈေးဖြင့် မြင့်တက်လာခဲ့သည်။ ဆန်ဈေးမှာ ယခင်အတိုင်း မြင့်တက်ခြင်းမရှိဘဲ ဈေးငြိမ်နေခဲ့သည်။ အရောင်းအဝယ်အနေနဲ့ကတော့ ဒေသတွင်းသာ အရောင်းအဝယ်ရှိပြီး စပါးဈေးသာ မြင့်တက်လာခဲ့သည်။

**လွင်လွင်ဆန်း (ပြည်)**

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၆၀၀၀ ကျော်တင်ပို့

ဇူလိုင်လ ပထမပတ်တွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၄၇ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၄၁၁၀ ကျော်တင်ပို့ခဲ့ကြောင်းသိရှိရသည်။

ယခုတစ်ပတ် ဆန်တင်ပို့မှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၂၇၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၁၁၁၈ တန်ကျော်၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၈၀၊ စင်ကာပူနိုင်ငံသို့ ဆန် ၂၄ တန်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၆၄၀ ကျော်၊ ဂျာမနီနိုင်ငံသို့ ဆန် ၃၇၇ တန်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀ နှင့် ချက်ဇ်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၂၅၆၀ တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉၉ သန်း ရရှိခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၆၀ နှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀ တင်ပို့ခဲ့သည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန် ၁၆၆၇၀ ကျော် တင်ပို့ပြီးနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၄၆ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄၂ သန်းပိုမိုပြီး တန်ချိန် ၂၆၀၀ ကျော် ပိုမိုခဲ့သည်။

**အေးအေးသန့် (DOT)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁၅-၇-၂၀၂၂ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၄၃ | ၄၃၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၈ | ၄၂၀ | ▽ | ၄၂၂ | ၄၂၂ | □ | ၃၄၇ | ၃၄၇ | □ | ၃၈၂ | ၃၈၂ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၂၂ | ၄၁၄ | ▽ | ၄၀၇ | ၄၀၇ | □ | ၃၂၂ | ၃၃၂ | △ | ၃၇၂ | ၃၇၂ | □ |
| ပေါင်းဆန် | ၄၄၈ | ၄၃၄ | ▽ | - | - | - | - | - | | - | - | |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၅-၇-၂၀၂၂)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၈၃၀၀ | □ | ၃၂၀၀၀ | □ | ၁၁၀၀၀ | □ | ၅၂၀၀၀ | □ |
| ပုသိမ် | ၈၇၄၀ | □ | ၃၂၀၀၀ | □ | ၁၂၆၄၀ | □ | ၅၀၀၀၀ | □ |
| ပဲခူး | ၈၆၀၀ | □ | ၃၁၅၀၀ | □ | ၁၁၅၀၀ | □ | ၄၇၀၀၀ | □ |
| ရွှေဘို | ၁၁၀၀၀ | □ | ၄၆၀၀၀ | □ | ၁၆၅၀၀ | □ | ၅၇၀၀၀ | □ |
| စစ်တွေ | ၈၅၅၀ | □ | ၃၂၀၀၀ | □ | ၁၂၅၀၀ | □ | ၄၈၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၈၅၀၀ | □ | ၃၅၀၀၀ | □ | - | - | ၅၃၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၈၅၀၀ | □ | ၃၅၀၀၀ | □ | - | - | ၅၃၅၀၀ | □ |
| မန္တလေး | ၈၀၀၀ | □ | ၃၅၀၀၀ | □ | - | - | ၅၅၀၀၀ | □ |
| မကွေး | ၈၅၀၀ | △ | ၃၈၀၀၀ | □ | - | - | ၅၇၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၃၃၀၀၀ | □ | ၁၀၀၀၀ | □ | ၅၃၀၀၀ | □ |
| မြိတ် | ၈၉၀၀ | □ | ၃၆၀၀၀ | □ | - | - | ၅၆၀၀၀ | □ |
| ဘားအံ | ၈၇၀၀ | □ | ၃၃၀၀၀ | □ | - | - | ၅၂၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# သီရိလင်္ကာသို့ ဆန်လျှုဒါန်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လှူဒါန်းမှုကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြား

ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် သီရိလင်္ကာနိုင်ငံသို့ ဆန်လှူဒါန်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လှူဒါန်းမှုကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။



အစည်းအဝေးတွင် လှူဒါန်းမှုကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ လက်ရှိအချိန်၌ သီရိလင်္ကာနိုင်ငံတွင် စီးပွားရေး အကျပ်အတည်းများနှင့် ကြုံတွေ့နေရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လူသားချင်း စာနာထောက်ထားသောအားဖြင့် နိုင်ငံတော်ရန်ပုံငွေဖြင့် ဆန်တန်ချိန် ၁၀၀၀ လှူဒါန်းနိုင်ရေးအတွက် လှူဒါန်းမှုကြီးကြပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လှူဒါန်းမှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် ဝန်ကြီးဌာနများအနေဖြင့် လှူဒါန်းမည့် ဆန်အမျိုးအစား၊ ဝယ်ယူစုဆောင်းမည့် အစီအစဉ်၊ ကွန်တိန်နာငှားရမ်းမှု၊ ပေးပို့လှူဒါန်းမည့်ကာလ၊ ကုန်ကျစရိတ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးပေးစေလိုကြောင်း၊ လှူဒါန်းမှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့က သီရိလင်္ကာနိုင်ငံသို့ ဆန်လှူဒါန်းနိုင်ရေးနှင့် စပ်လျဉ်းသည့်ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC (IR)**

## ပြည်ကုန်စည်ဒိုင်၏ ပဲဈေးနှုန်း ဈေးကွက်

ပြည်ခရိုင်အတွင်းရှိပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဇူလိုင်လပထမပတ်တွင် မတ်ပဲဈေးများ တက်နေသော်လည်း ဒုတိယပတ်တွင် ဈေးကျနေပြီး ကုလားပဲ၊ စားတော်ပဲ၊ ပဲကြီးဈေးများ တက်လျက်ရှိသည်။

ဇူလလိုင်လဆန်းပိုင်းတွင် မတ်ပဲတစ်တင်းကို ကျပ် ၅၆၀၀၀-၅၆၅၀၀ ဖြင့် အဝယ်ပုံမှန် ရှိခဲ့သည်။ ဇူလိုင်ဒုတိယပတ်တွင် မတ်ပဲဈေးကျလာပြီး ပဲတစ်တင်းကို ကျပ် ၅၂၀၀၀-၅၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဇူလိုင်လပထမပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၄၆၅၀၀ ဖြင့် အရောင်းအဝယ်ရှိပြီး ဇူလိုင်လ ဒုတိယပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၄၆၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်ကို အိတ် ၂၀၀၊ ၃၀၀ ခန့် အဝယ်ရှိခဲ့သည်။

ဇူလိုင်ပထမပတ် ကုလားပဲ(ဟော်လန်)တစ်တင်းကို ကျပ် ၅၀၅၀၀-၅၁၀၀၀၊ ကုလားပဲ (မြကြေးမုံ) တစ်တင်းကို ကျပ် ၅၁၅၀၀ ဖြင့် ဇွန်လကထက် ဈေးတက်လာခဲ့သည်။ ဇူလိုင် ဒုတိယပတ်တွင် ကုလားပဲ(ဟော်လန်)တစ်တင်းကို ကျပ် ၅၁၀၀၀ ၊ ကုလားပဲ(မြကြေးမှုံ) တစ်တင်းကို ကျပ် ၅၁၅၀၀-၅၂၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများ ရန်ကုန်အဝယ်နှင့် နယ်စုံတင်ပို့မှုရှိပြီး တစ်ရက်ကို အိတ် ၃၀၀/၄၀၀ ခန့် အဝယ်ရှိသည်။

ဇူလိုင်ပထမပတ်တွင် ပဲကြီးသီးနှံဈေးမှာ ပဲကြီး(ရွှေကျွန်း)တစ်တင်းကို ကျပ် ၇၀၀၀၀၊ ပဲကြီး(ကမ်းနား)တစ်တင်းကို ကျပ် ၇၀၀၀၀ ဖြင့် တစ်ရက်ကို အိတ် ၂၀၀/၃၀၀ခန့် မြို့တွင်းအဝယ်ရှိခဲ့သည်။ ဇူလိုင် ဒုတိယပတ်တွင် ပဲကြီးဈေးအေးနေခဲ့ပြီး ပဲကြီး (ကမ်းနား)တစ်တင်းကို ကျပ် ၇၀၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားများ တစ်ရက်ကို အိတ် ၂၀၀၊ ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ဇူလိုင်လဆန်းပိုင်းတွင် စားတော်ပဲ(ကျွန်း) သီးနှံတစ်တင်းကို ကျပ် ၉၅၀၀၀-၁၀၀၀၀ ဖြင့် အရောင်းအဝယ်ရှိပြီး ဇွန်လကထက် ဈေးတက်လာကြောင်း သိရသည်။ ဇူလိုင်ဒုတိယပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းကို ကျပ် ၉၅၀၀၀-၁၀၀၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိခဲ့ပြီး တစ်ရက်ကို အိတ် ၂၀၀၊ ၃၀၀ ခန့် အရောင်းအဝယ်ရှိခဲ့သည်။

ဇူလိုင်လပထမပတ်မှာ ဗိုလ်ကိတ်ပဲတစ်တင်းကို ကျပ် ၃၅၀၀၀ ဈေးဖြင့် မြို့တွင်းအဝယ်နှင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၁၀၀၊ ၁၅၀ ခန့် အဝယ်ရှိပြီး ဇူလိုင်လဒုတိယပတ်တွင် ပဲဈေးအေးနေပြီး ဗိုလ်ကိတ်တစ်တင်းကို ကျပ် ၃၅၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်လျက်ရှိသော ပဲများတွင် ကုလားပဲ၊ ပဲကြီး၊ ဗိုလ်ကိတ်၊ စားတော်ပဲ(ကျွန်း)ပဲများမှာ မြို့တွင်းအဝယ်ရှိ၍ အရောင်းအဝယ် သွက်လျက်ရှိပြီး မတ်ပဲရောင်းဝယ်မှုမှာ အနည်းငယ် အေးလျက်ရှိကြောင်း သိရသည်။

**မိမိအေး၊ ခင်ဆွေဝင်း(ပြည်)**

## ဈေးကွက်ဝယ်လိုအားရှိသည့် ပဲယင်း

ပဲယင်းကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့ပြီး အခြားပြည်ပဈေးကွက်သို့ ပုံမှန်ကုန်သွယ်မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိသည်။ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ ဧပြီလက တစ်တင်းလျှင် ကျပ် ၄၁၀၀၀ သာဖြစ်ပေါ်ခဲ့ရာ ယခု ဇူလိုင်လဆန်းတွင် ပစ္စည်းအဝင်မရှိတော့ဘဲ ပြည်ပဝယ်လိုအားရှိနေခြင်းကြောင့် ကုန်လက်ကျန် ပဲယင်းများကို တစ်တင်းလျှင် ကျပ် ၇၅၀၀၀ အထိ ရောင်းချရခြင်းကြောင့် ဈေးကွက်ဝယ်လိုအားရှိသည့် ပဲယင်းကို တိုးချဲ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးနိုင်သည့်ဒေသကို လေ့လာ၍ တောင်သူများအား တိုက်တွန်းခြင်း ဆောင်ရွက်သင့်ကြောင်း ကုန်သည်တစ်ဦးက အကြံပြုလာသည်။

ပဲယင်း၏မူရင်းဒေသမှာ အိန္ဒိယ၊ မြန်မာနှင့် ပါကစ္စတန်တို့ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ပဲယင်းကို ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးပြီး မတ်၊ ဧပြီနှင့် မေလများတွင် ရိတ်သိမ်းလေ့ရှိကြသည်။ ပဲယင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတို့တွင် စိုက်ပျိုးမှုများကြောင်း သိရှိရသည်။ ပဲယင်းသည် ပူနွေးသည့် ရာသီဥတုကို ကြိုက်နှစ်သက်ပြီး အပူချိန် ၁၈ မှ ၃၇ ဒီဂရီစင်တီဂရိတ်အထိ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရသည်။ ပဲယင်းစိုက်ပျိုးသင့်သည့် မြေအမျိုးအစားမှာ ရေစီးရေလာကောင်းသည့် နုန်းမြေ၊ မြေဩဇာကြွယ်ဝသည့် သဲနုန်းမြေများတွင် ပိုမိုသင့်တော်ပြီး ဆားပေါက်မြေ၊ သဲဆန်မြေနှင့် ရေဝပ်မြေများတွင် မစိုက်သင့်ကြောင်း သိရသည်။ အတန်းလိုက် စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် ၆-၈ ပြည်နှုန်း သုံးစွဲနိုင်ပြီး ကြဲပက်စိုက်ပျိုးမည်ဆိုပါက ၁၀-၁၂ ပြည်အထိ သုံးစွဲရမည်ဖြစ်သည်။ ပဲယင်းမျိုးစေ့များကို တန်းကြား ၁၀-၁၂ လက်မ၊ ပင်ကြား ၄-၅ လက်မထား၍ အတန်းလိုက်စိုက်နိုင်ပြီး မျိုးစေ့များကို မြေကြီးအနက် တစ်လက်မထားစိုက်ပြီး ရေအနည်းငယ် ဖျန်းပေးရမည်။ စိုက်ပြီးရက်ပေါင်း ၃၀-၅၀ အတွင်း ၂-၃ ကြိမ်ကြား ပေါင်းလိုက်ပေးဖို့လိုအပ်သည်။ ပဲယင်းပင်တွင် သီးလုံးဖောက်ပိုးနှင့် ကျိုင်းနက်ကောင်များ အဓိက ကျရောက်တတ်သည်ကို တွေ့ရသည်။ ရောဂါအနေဖြင့် အဝါရောင်မိုစေ့ရောဂါ၊ အရွက်ပုပ်၊ အရိုးပုပ်ရောဂါ များကျရောက်တတ်သည်။ အပင်တွေ စ,ဝါပါက နုတ်ပစ်သင့်သည်။ ပဲယင်းကို စိုက်ပျိုးပြီး ၃-၄ လအကြာ ရက်ပေါင်း ၉၀-၁၂၀ အတွင်း ခူးဆွတ်ရိတ်သိမ်းကြသည်။ သီးတောင့်များ၏ ၈၀ ရာခိုင်နှုန်း အညိုရောင်ပြောင်းသည့်အချိန်တွင် စတင်ခူးဆွတ်နိုင်ပြီး နံနက်ခင်းတွင် ခူးဆွတ်ခြင်း ဆောင်ရွက်ပြီး သီးတောင့်များကို နေလှန်းအခြောက်ခံပြီး အစေ့ထုတ်ကာ သိုလှောင်ရောင်းချခြင်းဖြစ်သည်။ ပဲစေ့၏ ဝမ်းဗိုက်တွင် အညှောင့်ဗီဇနေရာ အဖြူစင်းကြောင်းရှည်တစ်ခု ပါရှိသည်။ ပဲယင်းသည် ပဲအခွံမာ၍ အရောင်တောက်ပြောင်ပြီး နီညိုရောင်၊ ကာကီဖျော့ရောင်၊ ဝါညိုရောင် တွေ့ရတတ်သည်။ ဈေးကွက်တွင် ပဲယင်းနီနှင့် ပဲယင်းဝါဟုအခေါ်များပြီး ပဲယင်းနီက ဈေးပိုမိုမြင့်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲယင်းကို နှစ်စဉ် ဧက ၃၅၀၀၀ ကျော်စိုက်ပျိုးထွက်ရှိသည်။ အဓိက အများဆုံးစိုက်ပျိုးရာဒေသမှာ ကလေးမြို့နယ်ဖြစ်ပြီး ဧက ၂၈၀၀၀ ခန့် စိုက်ပျိုးခြင်းဖြစ်သည်။ ကျန်စိုက်ပျိုးသည့် ဒေသများမှာ မင်းကင်းမြို့နယ်တွင် ဧက ၅၈၀ ခန့်၊ ထီးချိုင့်မြို့နယ်တွင် ဧက ၅၆၀၀၊ ကသာမြို့နယ်တွင် ဧက ၁၀၀၊ မြောင်မြို့နယ်တွင် ဧက ၅၀၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၃၀၀ ၊ ပုလဲမြို့နယ်တွင် ဧက ၂၀၀ ခန့် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း တွေ့ရသည်။ တစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှ ၁၃ တင်းခန့်ဖြစ်ရာ တစ်နှစ်လျှင်တင်းရေ လေးသိန်းကျော် ထုတ်လုပ်မှုရှိသည်။ တစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၂၅၀၀၀၀ ခန့်ကုန်ကျပြီး ပေါ်ချိန်ပေါက်ဈေး တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့်ရောင်းချရပါက တစ်ဧက အကျိုးအမြတ် ကျပ် ၂၇၀၀၀၀ ရရှိမည်ဖြစ်သည်။ ပဲယင်းကို တိုးချဲ့စိုက်ပျိုးရန် စဉ်းစားရာတွင် ပဲယင်းစိုက်ပျိုးမည့် မြေနေရာ၌ မြေပဲစိုက်ပျိုးမည့် အမြတ်အစွန်းနှင့် နှိုင်းယှဉ်စဉ်းစား စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။ ပဲယင်းကို ပဲအတိုင်းသော်လည်းကောင်း ကောက်ညှင်း ဆန်နှင့်တွဲဖက်၍သော် လည်းကောင်း စားသုံးလေ့ရှိကြသည်။ ပဲယင်းဈေးနှုန်းကို လေ့လာကြည့်လျှင် ပဲရောင်းဝယ်ချိန် မေလအတွက် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်က တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ခန့်သာရှိခဲ့သော ပဲယင်းသည် ၂၀၂၂ ခုနှစ်တွင် ကျပ် ၄၀၀၀၀ ဖြစ်လာသဖြင့် ယခင်နှစ်ထက် ပဲစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် နှစ်ဆခန့်မြင့်မားလာသကဲ့သို့ ရရှိသည့် ဈေးနှုန်းမှာလည်း နှစ်ဆခန့်ရရှိခြင်းကြောင့် လူမှုစီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးစွမ်းအားကို မလျော့စေရေး ကြိုးပမ်းရ မည်ဖြစ်သည်။

**ရီလင်းထွဋ်(မုံရွာ)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တိုးချဲ့ခန်းမဆောင်၌ ဇူလိုင် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ကျင်းပပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ မြန်မာ့ပို့ကုန်များ ရုရှားနိုင်ငံ ဈေးကွက်သို့ မဟာဗျူဟာကျကျ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တွင် အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်သာရှိသဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်တင်ပို့နိုင်ရေး နှစ်နိုင်ငံလုံးမှ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည့်အတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍပိုင်းကလည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်း အစရှိသော လယ်ယာထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တင်ပို့ရန် အလားအလာရှိသော ကုန်စည်များအဖြစ် ဈေးကွက်သစ်ချဲ့ထွင် တင်ပို့သွားနိုင်ရေးအပေါ် အစည်းအဝေးတက်ရောက်လာကြသူများက ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေး တင်ပြပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များက မြန်မာနိုင်ငံမှ တင်ပို့ကုန်စည်များနှင့်ပတ်သက်၍ လက်ရှိ နှစ်နိုင်ငံ ကုန်သွယ်မှု ဆောင်ရွက်နေသည့် အခြေအနေများနှင့် အခက်အခဲများ၊ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများနှင့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ပို့ကုန်တင်ပို့လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဆီစက်လုပ်ငန်းရှင်များ တွေ့ဆုံ

ပဲခူးတိုင်းဒေသကြီးအတွင်း ဆီစက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရေး၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှုများ လျှော့ချ၍ ပြည်တွင်း၌ စားသုံးဆီများ တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးသူ တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ စားသုံးဆီကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆီစက်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြီးခဲ့သည့်နှစ်အတွင်း ဆီထွက်သီးနှံနေကြာကို ဧက ၈၀၀၀ ခန့် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုအနေဖြင့်လည်း ခေတ်စနစ်ဖြင့်ကိုက်ညီသော ထုတ်လုပ်မှုစနစ်များ ဖြစ်ပေါ်လာစေရေး စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်း၌ စားသုံးဆီဖူလုံမှု ရှိစေရေးအတွက် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ စားသုံးဆီ ပိုမိုထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်သည့် စားသုံးဆီများ ဈေးကွက်ဝေစု ပိုမိုရရှိရေး၊ ပြည်တွင်း ဆီစက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆီထွက်သီးနှံကဏ္ဍ (Supply Chain) ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နိုင်ငံခြားငွေ အသုံးပြုမှု လျှော့နည်းသက်သာစေရေး စသည့် ရည်မှန်းချက်များထားရှိကာ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံစားနပ်ရိက္ခာ ဖူလုံမှုရှိစေရေးအတွက် မိမိတို့ တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာများအား တိုးချဲ့စိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်ကြောင်း ၊ မိမိတို့တိုင်းဒေသကြီးအတွင်း ထွက်ရှိသည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ဆီစက်လုပ်ငန်းရှင်များ အနေဖြင့် မိမိတို့၏ဆီစက်များအား စက်စွမ်းအားပြည့် ကြိတ်ခွဲနိုင်ရန်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်နှင့် အခက်အခဲများအား ပွင့်ပွင့်လင်းလင်းတင်ပြရန် ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးက ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ တိုင်းဒေသကြီးအတွင်း ထွက်ရှိလာမည့်နေကြာသီးနှံများ ဈေးကွက်ရရှိရေးနှင့် ကြိတ်ခွဲထုတ်လုပ်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ထွက်ရှိလာမည့် ဆီထွက်သီးနှံများမှ ဆီကြိတ်ခွဲထုတ်လုပ်ရာတွင် လိုအပ်လာနိုင်သည့် အဆင့်မြင့်စက်ကိရိယာများ၏ ဈေးကွက်၊ ဈေးနှုန်းအခြေအနေများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေးနိုင်ခဲ့မှု အခြေအနေများကို Power Point ဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွား ရေးရာဝန်ကြီးက ဖြည့်စွက်ရှင်းလင်းခဲ့သည်။

ထို့နောက် ဆီစက်လုပ်ငန်းရှင်များက မိမိတို့အနေဖြင့် စက်များ အရည်အသွေး ပြည့်မီစေရေး၊ တောင်သူများအား ချေးငွေများထုတ်ချေးပေးမှုအပြင် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးနိုင်စေရေး ၊ စိုက်ပျိုးသူတောင်သူများ ဆီထွက်သီးနှံ အလေအလွင့်လျော့နည်းစေရန် ရိတ်သိမ်းချိန်လွန်နည်းပညာများနှင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန်၊ အခြောက်ခံစက်များ ဝယ်ယူရရှိပေးနိုင်ရေး၊ လျှပ်စစ်မီး ပြည့်ဝစွာရရှိရေး၊ ဘဏ်ချေးငွေများ ချေးငွေရရှိရေးတို့ကို အသီးသီး တင်ပြခဲ့ရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူ ၁၀ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆီစက်လုပ်ငန်းရှင် ၃၀ ဦး၊ စုစုပေါင်း ၄၀ ဦး တက်ရောက်ကြောင်း သိရှိရသည်။

**ဝါဆို (ပဲခူး)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၅ . ၇ . ၂၀၂၂ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | KOTA RAJIN | ကုန်သေတ္တာ ၇၈၀ တင် ၇၈၂ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၁) | DAWEI | Timber Conversion ၅၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၂) | THEMIS TRIUMPH | (445)PKGS TRANSFORMER 1924 ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | HANTHAR | Y'Maize ၉၀၀၀ တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | AEGEAN EXPRESS | ကုန်သေတ္တာ ၇၃၀ တင် ၈၂၉ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၄) | B TRADER | ကုန်သေတ္တာ ၁၄၁၉ တင် ၈၅၆ ချဆဲ |
| သူလေအမှတ်(၁)ဆိပ်ကမ်း | ATLANTIS DISCOVERY | ဆန်(In Bulk) ၂၇၇၅၀ တန်တင်ဆဲ |
| သူလေအမှတ်(၂)ဆိပ်ကမ်း | CS SATIRA | ဆန် ၃၃၁၅၀ တန်တင်ဆဲ |
| သူလေအမှတ်(၅)ဆိပ်ကမ်း | ZOLA | ဆန်(In Bags) ၂၅၀၀၀ တန်တင်ဆဲ |
| MIPL ဆိပ်ကမ်း | BMC PANDORA | Urea(In Bulk)၁၀၅၀၃တန်ချဆဲ |
| သီလဝါအမှတ်(၄)ဆိပ်ကမ်း | FW.EXCURSIONIST | Steel + Fertilizer 32262 ချဆဲ |
| သီလဝါအမှတ်(၅)ဆိပ်ကမ်း | HANDY PERTH | ဆန်(In Bulk) ၈၀၀ တန်တင်ဆဲ (Top Up) |
| WILMAR JETTY | MT.NEXUS | P'Oil ၈၀၀၀ တန်ချဆဲ |
| | | Y'Maize ၂၆၅၀ တန်တင်ဆဲ |
| IBTT | HORIZON | Soy Beam Meal ၂၇၅၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HAI NAM-85 | Steel ၁၇၀၀၀ တန်ချရန် | OMAN | ၁၅.၇.၂၀၂၂ |
| AAL GALVESTON | Sets Of CIRCUIT BREAKER 946(6)ချရန် | GERMANY | ၁၈.၇.၂၀၂၂ |
| HUI XIN 18 | Steel, ၂၉၀၀၀ တန်ချရန် | CHINA | ၂၂.၇.၂၀၂၂ |
| VTC OCEAN | Fertilizer ၂၀၀၀၀ တန်ချရန် | BRUNEI | ၂၅.၇.၂၀၂၂ |
| IONIS UNITED | Wheat ၂၄၀၀၀ တန်ချရန် | AUSTRAUA , | ၃၀.၇.၂၀၂၂ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ZIM AUSTRALIA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅.၇.၂၀၂၂ |
| KENG TUNG | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅.၇.၂၀၂၂ |
| NAKSKOV MAERSK | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၁၇.၇.၂၀၂၂ |
| YOUNG SHENG | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၇.၇.၂၀၂၂ |
| YOUNG SHENG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၇.၂၀၂၂ |
| RICH SEAWAY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၇.၂၀၂၂ |
| SINAR BINTAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၇.၂၀၂၂ |
| RESOLUTION | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၇.၂၀၂၂ |
| HANSA HOMBURG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၃.၇.၂၀၂၂ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၇.၂၀၂၂ |
| AS FENJA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၇.၂၀၂၂ |
| SINAR BANDA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၇.၂၀၂၂ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၇.၂၀၂၂ |



## ကြက်သွန်နီ/ချင်း/အာလူး

### ချင်းနှင့် ကြက်သွန်နီ ဈေးနှုန်း မြင့်တက်လျက်ရှိ

ကယားပြည်နယ်တွင် ချင်းကို လွိုင်ကော်မြို့နယ် လင်ဖုန်းလေး၊ ဆောင်ပြောင်း၊ ကုန်းသာ ကျေးရွာများတွင် အဓိကစိုက်ပျိုးကြပြီး ဒေသထွက်ချင်းကို ဟင်းခတ်အမွှေး အကြိုင်အဖြစ် ရိုးရာအစားအစာများ၊ ဟင်းလျာများတွင် အသုံးများသဖြင့် ပြည်နယ်တွင်း စားသုံးမှုများကြောင်း၊ ယခု ဇူလိုင်လ ပထမပတ်တွင် ဈေးကွက်အတွင်း ဒေသထွက် ချင်း တစ်ပိဿာလျှင် ၂၂၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိကြောင်း၊ ယခင်ဇွန်လပထမပတ်တွင် ဒေသထွက်ချင်း တစ်ပိဿာလျှင် ၁၅၀၀ ကျပ်ခန့်သာရှိခဲ့ပြီး ဇွန်လပထမပတ်နှင့် ဇူလိုင်လ ပထမပတ် နှိုင်းယှဉ်လျှင် ဒေသထွက်ချင်း တစ်ပိဿာလျှင် ၇၀၀ ကျပ်ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးနှုန်းမြင့် တက်လာရခြင်းမှာ ချင်းစိုက်တောင်သူများမှာ စိုက်ဧက အနည်းငယ်သာ စိုက်ပျိုးနိုင်ပြီး အချို့နေရာများတွင် အချိန်မီ တူးဖော်နိုင်မှု မရှိခြင်း၊ ထုတ်လုပ်နိုင်မှု လျော့နည်းလာခြင်း ကြောင့်ဖြစ်သည်ဟု ဒေသထွက်ချင်း ရောင်းချသူတစ်ဦးထံမှ သိရသည်။

ကယားပြည်နယ်တွင် အခြေခံစားကုန် စားဖိုဆောင် သီးနှံကို ပြည်နယ်တွင်းစိုက်ပျိုးမှု လျော့နည်းသဖြင့် စားသုံးမှု လိုအပ်ချက်အရ အခြားဒေသဖြစ်သည့် မိတ္ထီလာမှ အများဆုံး တင်သွင်းရပြီး ဇွန်လတွင် ပြည်နယ်အတွင်း ကြက်သွန်နီဝင် ရောက်မှုမှာ ၂၄၂၀ အိတ် ၇၂၆၀၀ ပိဿာရှိခဲ့ပြီး ယခုလက်ရှိ ဇူလိုင်ပထမပတ်တွင် ဈေးကွက်တွင် ဖြစ်ပေါ်နေသော ကြက် သွန်နီဈေးနှုန်းမှာ အလုံးကြီး တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ အလုံးသေး တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ယခင် ဇွန်လပထမပတ်တွင် ကြက် သွန်နီ အလုံးကြီး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ အလုံးသေး တစ်ပိဿာလျှင် ကျပ် ၁၂၀၀ သာရှိခဲ့ပြီး ယခင်ဇွန်လပထမ ပတ်နှင့် ယခုဇူလိုင်လပထမပတ် နှိုင်းယှဉ်လျှင် ကြက်သွန်နီ အလုံးကြီး တစ်ပိဿာ ကျပ် ၁၀၀၀၊ အလုံးသေး တစ်ပိဿာ ကျပ် ၈၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးနှုန်းမြင့် တက်ရခြင်းမှာ ပြည်နယ်တွင်း စိုက်ပျိုးထုတ်လုပ်နိုင်မှု လျော့ နည်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိခြင်း၊ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်၍ သယ်ယူစရိတ်များ မြင့်မား လာခြင်းကြောင့်ဖြစ်သည်ဟု နောင်ယားဈေးရှိ ကြက်သွန်နီ ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

**ခင်မြို့ရီ (စားသုံးသူ၊ကယား)**

### ပြည်ကြက်သွန်နီ အရောင်းသွက်

ပြည်ဈေးကွက်၌ ကြက်သွန်နီသီးနှံများ ယခင်တစ်ပတ်ထက် အရောင်းအဝယ် သွက်ခဲ့ပြီး အဝင်မှာလည်း ရေနံချောင်း၊ အောင်လံ၊ ပခုက္ကူနှင့် ဆိပ်ဖြူဘက်မှ ပိဿာ ၃၀ ဝင် အိတ် ၃၀၀ခန့် နေ့စဉ်အဝင်ရှိသဖြင့် ယခင်တစ်ပတ်ကထက် အိတ် ၁၀၀ ဝန်းကျင် ပိုမိုဝင်ရောက်မှုရှိနေကြောင်းလည်း သိရသည်။ ဈေးနှုန်းမှာ အမြင့်ဈေးဖြင့် ဈေးငြိမ်လျက်ရှိနေပြီး ပွဲရုံဈေး တစ်ပိဿာ (ကြီး၊ လတ်၊ သေး)ကျပ် ၁၉၀၀၊ ၁၈၀၀ -၁၇၀၀၊ ၁၆၀၀ နှင့် လက်ကားဈေးအသေးများတွင် ကျပ် ၂၁၀၀၊ ၂၀၀၀၊ ၁၉၀၀-၁၈၀၀ နှုန်းတို့ဖြင့် အသီးသီး ရောင်းချလျက်ရှိနေကြသည်။

**ဝင်းလဲ့ဝါ (ပြည်)**

### ကသာ အာလူးနှင့် ချင်းဈေးနှုန်း

ကသာခရိုင်အတွင်းရှိ မြို့နယ်များသို့ ချင်း ၁၀ ပိဿာ အိတ် တစ်ပတ်လျှင် အိတ် ၂၀၀ မှ ၃၀၀ ခန့်ထိ ဝင်ရောက်လျက် ရှိပြီး ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က ချင်းလက်ကား တစ်ပိဿာလျှင် ကျပ် ၁၁၀၀ မှ ကျပ် ၁၃၀၀၊ လက်လီဈေးမှာ ကျပ် ၁၆၀၀ မှ ကျပ် ၁၈၀၀ သာရှိခဲ့ပြီး ယခုတစ်ပတ် လက် ကားဈေးမှာ ကျပ် ၁၃၀၀ မှ ကျပ် ၁၅၀၀၊ လက်လီဈေးနှုန်းမှာ ကျပ် ၁၈၀၀ မှ ကျပ် ၂၀၀၀ ဖြစ်သဖြင့် ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း ချင်းရောင်းဝယ် သူတစ်ဦးထံမှ သိရှိရသည်။

ကသာမြို့ပေါ်ရှိ ဈေးနှင့် ကုန်စုံဆိုင်များသို့ အာလူး ဝင်ရောက်မှုအနေဖြင့် ယခုတစ်ပတ်အတွင်း မန္တလေး-မုံရွာ ဘက်မှ ပိဿာ ၃၀ ပါ အိတ် ၁၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်လီတစ်ပိဿာလျှင် အာလူး အကြီး၊ အသေးပေါ်မူတည်၍ ကျပ် ၂၄၀၀ မှ ကျပ် ၂၇၀၀၊ လက်ကား ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၂၂၀၀မှ ကျပ် ၂၄၀၀ ထိရောင်းချလျက်ရှိပြီး ဇူလိုင်လပထမပတ်အတွင်း ကသာမြို့ ဈေးအတွင်း ရောင်းချလျက်ရှိသော အာလူးဈေးနှုန်းမှာ ယခင် တစ်ပတ်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ခန့် ဈေးနှုန်းအနည်း ငယ်ကျလျက်ရှိကြောင်း သိရှိရသည်။

**ယဉ်ယဉ်မြင့်(ကသာ)**

### ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၂ မိုးစပါးရာသီ စိုက်ပျိုးစရိတ် ထုတ်ချေး

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ တောင်သူများ စိုက်ပျိုးချိန် အခက် အခဲမရှိ စိုက်ပျိုးနိုင်ရန်နှင့် လိုအပ်သော စိုက်ပျိုးစရိတ် သွင်းအားစုများအတွက် အသုံးပြုနိုင်ရန် စိုက်ပျိုးစရိတ် ချေးငွေများကို မေ ၁၆ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ စိုက်ပျိုးစရိတ်ချေးငွေများကို စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ် ကြောင်း ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တစ်ဧကမှ ၁၀ ဧကအထိ အများဆုံး ထုတ်ချေး ပေးလျက်ရှိရာ ဇူလိုင် ၁၁ ရက်အထိ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၆ မြို့နယ်မှ တောင်သူ ၅၂၄၅၉ ဦး စိုက်ဧက ၃၅၆၆၁၉ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၅၃၄၉၂ ဒသမ ၈၅ သန်း ထုတ်ချေးပေးပြီး ကျန်ချေးငွေများကိုလည်း ဆက်လက်ထုတ် ချေးပေးသွားမည်ဖြစ်ကြောင်း အဆိုပါဘဏ်မှ သိရသည်။

**မင်းမင်းဦး (ပသ)**

### ကျောက်ဖရုံသီး၊ ဖူးစားပြောင်းနှင့် နာနတ်သီး ဈေးကွက်

ပြည်ဈေးကွက်တွင် ကျောက်ဖရုံသီးများ အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ပြည်ဒေသ အနီးတစ်ဝိုက်ရှိ ကျေးရွာ များ၊ သဲကုန်းမြို့နယ်ရှိ ပုတီးကုန်း၊ ဝက်ပုတ်နှင့် ရွှေတောင်မြို့ရှိ ကျေးရွာများမှ တင်ပို့ရောင်းချလျက်ရှိသည်။ ကျောက်ဖရုံသီး ဈေးမှာ ပေါ်ခါစအချိန်တွင် အလုံးကြီး တစ်လုံးလျှင် ကျပ် ၂၀၀၀ နှင့် အလုံးသေးတစ်လုံးလျှင် ကျပ် ၁၀၀၀ ဖြင့် ဈေးတန် ခဲ့သော်လည်း ယခုလှိုင်လှိုင်ပေါ်ချိန်တွင် ကျောက်ဖရုံသီး အလုံးကြီး တစ်လုံးလျှင် ကျပ် ၆၀၀-၇၀၀ နှင့် အလုံးသေး တစ် လုံးလျှင် ကျပ် ၄၀၀-၅၀၀ ခန့်ဖြင့် ရောင်းချလျက်ရသည်။

ထို့ပြင်ပြည်မြို့ဈေးကွက်တွင် ဖူးစားပြောင်း တစ်ဖူးလျှင် ကျပ် ၂၀၀ ဖြင့် ရောင်းချလျက်ရှိပြီး ပြောင်းဝါ ခေါ် သကြား ပြောင်း တစ်ဖူးလျှင် ကျပ် ၃၀၀ ဖြင့် ရောင်းချကြောင်း သိရ သည်။ ပြည်ဈေးကွက်တွင် နာနတ်သီးဈေးနှုန်းများမှာ အလုံး အကြီး အသေးပေါ်မူတည်၍ ဈေးနှုန်းများ ကွာခြားလျက်ရှိ သည်။ နာနတ်သီး အလုံးကြီး တစ်လုံးလျှင် ကျပ် ၁၅၀၀- ၂၀၀၀၊ အလတ် တစ်လုံးလျှင် ကျပ် ၁၀၀၀-၁၅၀၀၊ အသေး တစ်လုံးလျှင် ကျပ် ၅၀၀-၁၀၀၀ ဈေးများဖြင့် ရောင်းချလျက်ရှိ သည်။

**အိအိခိုင်၊ အိသပြေခင်၊ သင်းသင်းအောင် (ပြည်)**

## မန်ကျည်း

### ပြည်မန်ကျည်းမှည့်နှင့် မန်ကျည်းသီးစိမ်းဈေးကွက်

ပြည်ဒေသတွင်း ထွက်ရှိသည့် မန်ကျည်းမှည့် လက်ကျန်သည် ပွဲရုံလှောင် သမားများ လက်ဝယ်၌ရှိခြင်းကြောင့် အခြားနယ်ဖြစ်ကြသော ကျောက်ပန်းတောင်းမှ ဝင်ရောက်လာသော မန်ကျည်းမှည့်ဈေးမှာ အမြင့်ဈေးဖြစ်သောကြောင့် ဒေသထွက် လက်ကျန် မန်ကျည်းမှည့်ဈေး အနည်းငယ်မြင့်နေသည်။ အရောင်းအဝယ်အနေဖြင့် အေးနေပြီး လှောင်လက်များ လက်ဝယ်ဈေးမြင့်တက်နေသည်။ ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာ(အသား)(ပွဲရုံဈေး) ကျပ် ၃၇၀၀ ဈေးတို့ဖြစ်သည်။ ဒေသ တွင်း လက်လီတစ်ပိဿာ အသားဈေးမှာ ကျပ် ၄၃၀၀ တို့ဖြင့် ရောင်းချလျက်ရှိသည်။

မန်ကျည်းသီးစိမ်းကိုလည်း ပြည်အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ခူးဆွတ်၍ ပြည်မြို့ရှိဈေးများတွင် ရောင်းချလျက်ရှိသည်။ မန်ကျည်းသီးစိမ်းများ ပေါ်ခါစတွင် ၁၀ ကျပ်သားလျှင် ကျပ် ၁၀၀၀-၁၂၀၀ ဈေးရှိခဲ့ပြီး ယခုဇူလိုင်လ ဒုတိယပတ်တွင် ၁၀ ကျပ်သားလျှင် ကျပ် ၄၀၀ အထိ ဈေးကျလာခဲ့ပြီး နေ့စဉ် အရောင်းအဝယ်ဖြစ် လျက်ရှိသည်။

**အိအိခိုင် (သဲကုန်း)၊ ဝင်းဝင်းခိုင် (ပြည်)**

## ရော်ဘာ

### ယခုတစ်ပတ် ရော်ဘာတန်ချိန် ၃၅၀၀ ကျော်တင်ပို့

ဇူလိုင် ၂ ရက်မှ ၈ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရော်ဘာ တန်ချိန် ၃၅၀၀ ကျော် တန်ဖိုး အမေရိကန် ဒေါ်လာ ၅ ဒသမ ၁၀၄ သန်းဖိုး တင်ပို့နိုင်ကြောင်း သိရသည်။

တင်ပို့မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရော်ဘာ တန်ချိန် ၂၀၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၆၈၀၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန် ချိန် ၅၀၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀၊ ဂျပန်နိုင်ငံသို့ ရော်ဘာ တန်ချိန် ၁၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ၁၉ တန်ကျော် တင်ပို့ခဲ့သည်။

ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၈၀၀ ကျော် ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉၂ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**အေးအေးသန့် (DOT)**

### ဇူလိုင်လ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်၌ ပြောင်းဖူးစေ့ အရောင်းအဝယ်အေး၊ ဈေးအေး

ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြောင်းဖူးစေ့ အသစ်များ အနည်းငယ် ဝင်ရောက်လျက်ရှိပြီး ရန်ကုန်ဝယ်လက်နှင့် တိရစ္ဆာန်အစာ တောင့်စက်ရုံများမှသာ ပုံမှန်ဝယ်ယူနေပြီး ပြည်ပတင်ပို့မှုအေးနေကြောင်း၊ လတ် တလောဖြစ်ပေါ်ခဲ့သည့် မူဝါဒအပြောင်းအလဲများသည် ရောင်းဝယ်တင်ပို့မှုများ အပေါ်တွင် သက်ရောက်မှုရှိလာသဖြင့် ကုန်သည်လုပ်ငန်းရှင်များ လုပ်ငန်းလည် ပတ်ရန် ငွေကြေးခက်ခဲလာ၍ ဈေးကွက်အေး ဈေးအေးလာခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင် အသိုင်းအဝိုင်းမှ သိရသည်။

ဇူလိုင်လ ဒုတိယပတ်အတွင်း ပြောင်းဖူးစေ့ ၅၄ ပိဿာဝင်သုံးတင်းတစ်အိ တ်ဈေးနှုန်းမှာ ရှမ်းပြောင်းဖူးစေ့ တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၅၀၀၀ မှ ၄၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၆၅၀၀ မှ ၄၈၀၀၀၊ ယခင်လက ကျပ် ၅၂၀၀၀ မှ ၅၂၅၀၀ ဖြစ်သည်။ သုံးတင်း တစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀ မှ ၂၀၀၀ နိမ့်ကျလာသည်။ စီပီ ပြောင်း တစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၄၅၀၀၀ မှ ၄၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၆၅၀၀ မှ ၄၈၀၀၀၊ ယခင်လ ကျပ် ၅၂၀၀၀ မှ ၅၂၅၀၀ ဖြစ်ခဲ့သည်။ သုံးတင်း တစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀ မှ ၂၀၀၀ နိမ့်ကျလာသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၇-၂၀၂၂)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၉၅၀၀ | ၉၅၀၀ | □ | ၉၀၀၀ | ၉၀၀၀ | □ | ၇၇၀၀ | ၇၄၀၀ | △ |
| ရန်ကုန် | ၉၅၀၀ | ၉၅၀၀ | □ | ၉၀၀၀ | ၉၀၀၀ | □ | ၇၇၀၀ | ၇၄၀၀ | ▽ |
| မန္တလေး | ၉၅၀၀ | ၉၅၀၀ | □ | ၈၀၀၀ | ၈၀၀၀ | □ | ၇၈၀၀ | ၇၅၀၀ | ▽ |
| ပဲခူး | ၁၀၀၀၀ | ၁၀၀၀၀ | □ | ၁၀၀၀၀ | ၁၀၀၀၀ | □ | ၆၂၀၀ | ၆၂၀၀ | □ |
| မကွေး | ၉၂၀၀ | ၉၀၀၀ | ▽ | ၉၅၀၀ | ၈၅၀၀ | ▽ | ၆၅၀၀ | ၇၈၀၀ | △ |
| မုံရွာ | ၉၀၀၀ | ၉၅၀၀ | △ | ၈၀၀၀ | ၈၂၀၀ | △ | ၇၀၀၀ | ၈၀၀၀ | △ |
| စစ်တွေ | ၉၀၀၀ | ၁၂၀၀၀ | △ | - | - | - | ၈၅၀၀ | ၈၅၀၀ | □ |

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်း ကုန်သည်များအသင်း၊ ပြောင်းလုပ်ငန်းရှင်များအသင်းတို့နှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ပြောင်းလုပ်ငန်းရှင်များအသင်းတို့နှင့် တွေ့ဆုံ၍ ပဲ၊ ပြောင်းကဏ္ဍနှင့်ပတ်သက်၍ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပြည်တွင်းဈေးကွက်အခြေအနေနှင့် ပြောင်းလဲကျင့်သုံးရမည့်အခြေအနေများ၊ လိုက်နာရမည့်မူဝါဒများ၊ ကြုံတွေ့ရမည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်နိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ဝိုင်းဝန်းဆွေးနွေး တင်ပြမှုများ ပြုလုပ်ခဲ့ကြသည်။

အစည်းအဝေးပွဲသို့ ပဲ၊ ပြောင်းနှင့် နှမ်းတို့အား တင်သွင်း ဖြန့်ဖြူးသည့်လုပ်ငန်းများ လုပ်ကိုင်နေသည့် လုပ်ငန်း ၁၅ ခုကျော် တက်ရောက်ခဲ့ကြသည်။

**သရဖီ(ရန်ကုန်)**

# မြဝတီ ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၄၃ သန်းကျော် ဆောင်ရွက်

၂၀၂၂ ခုနှစ် ဇူလိုင် ၂ ရက်မှ ၈ ရက်အထိ ကာလအတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၅၄သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆၈၇ သန်းရှိပြီး ကုန်သွယ်မှုပမာဏ ၄၃ ဒသမ ၉၃၁ သန်း ဆောင်ရွက်ခဲ့သည်။ အနီးစပ်ဆုံး ယခင်တစ်ပတ် ဆောင်ရွက်နိုင်မှုနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ၂၀ ဒသမ ၉၇၃ သန်းနှင့် သွင်းကုန်ပိုင်းတွင် ၁ ဒသမ ၇၂၄ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၆၉၇ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ယခင်တစ်ပတ်ထက် ပို့ကုန်ပိုင်းတွင်လျော့နည်းရခြင်းမှာ တိရစ္ဆာန်ထွက်နှင့် အခြားပစ္စည်းများ တင်ပို့မှုပိုမိုသော်လည်း လယ်ယာထွက်ကုန်ပစ္စည်း အုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၄၃ သန်း၊ ရေထွက်ပစ္စည်းများ အုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၄ သန်း၊ သစ်တောထွက်ပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၃ သန်းနှင့် စက်မှုကုန်ချောပစ္စည်းတွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၉၈ သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

သွင်းကုန်ပိုင်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်း အုပ်စုတွင် သုည ဒသမ ၈၃၈ သန်း လျော့နည်းခဲ့ပြီး လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁၅ သန်း ပိုမိုခဲ့ကာ လူသုံးကုန်ပစ္စည်းအုပ်စုတွင် ၂ ဒသမ ၇၀၀ သန်း လျော့နည်းခဲ့သောကြောင့် ယခင်တစ်ပတ်ထက် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၂၄ သန်း လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအနေဖြင့် ယခုတစ်ပတ်တွင် ဆန်ကွဲ၊ ပဲတီစိမ်း၊ နှမ်းနက်၊ နနွင်းတက်၊ ရော်ဘာချပ်ပြီး အဝတ်အထည်များ၊ အခြားစက်မှု ကုန်ချောပစ္စည်းများနှင့် အခြားပစ္စည်းများ တင်ပို့မှုလျော့နည်းခြင်းကြောင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၇၃သန်း လျော့နည်းခဲ့ပြီး သွင်းကုန်အနေဖြင့် တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ ကွန်ပျူတာ၊ ကွန်ပျူတာနှင့်သက်ဆိုင်သော ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ ဆေးဝါးပစ္စည်းများနှင့် ဇာနှင့်ဇာထိုးထားသော အထည် အလိပ်များနှင့် အခြားပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂၄ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏလျာထားချက်အပေါ် ပြည့်မီကျော်လွန်ရေး၊ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ စခန်းမှ ပို့ကုန် သွင်းကုန် လိုင်စင်များ အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုပေးနေခြင်း၊ တစ်ဖက်နိုင်ငံ အကောက်ခွန်သက်သာခွင့်အတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးခြင်း၊ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းများ ကုန်သွယ်မှု ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ကုန်သွယ်မှု တိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြဝတီကုန်သွယ်ရေးဇုန်မှ သိရသည်။

**အိမ့် (DOT)**

# တောင်ငူမြို့နယ်အတွင်းရှိ ဆီစက်များသို့ ကွင်းဆင်းလေ့လာ

စားသုံးသူရေးရာဦးစီးဌာန တောင်ငူမြို့နယ်တာဝန်ခံ ဦးမြင့်သူနှင့် ဒု-ဦးစီးမှူး ဦးနေစိုးထက်တို့သည် ဇူလိုင် ၇ ရက်က တောင်ငူမြို့နယ်အတွင်းရှိ ဆီစက်များသို့ သွားရောက်၍ ကြိတ်ခွဲထုတ်လုပ်နိုင်မှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့သည်။

တောင်ငူမြို့ပေါ်ရှိ ဆီစက်ကြီးများအနက် ခိုင်ရွှေဝါဆီစက်နှင့် ဝင်းမိသားစုဆီစက်တို့မှာ ယခင်က ဝယ်ယူထားသော မြေပဲလက်ကျန်များနှင့် မန္တလေးမြို့မှ မှာယူသော မြေပဲများက ကြိတ်ခွဲလျက်ရှိပြီး ဒေါ်ခင်မာဝင်းဆီစက်မှာ နှမ်းဆီများ ကြိတ်ခွဲလျက်ရှိနေသည်ကို တွေ့ရှိရသည်။ ဗိုလ်တစ်ထောင်ဆီစက်နှင့် စိန်ဒေါင်းဆီစက်များမှာ ပြုပြင်ထိန်းသိမ်းထားပြီး ရာသီချိန်တွင် အဆင်သင့်လည်ပတ်နိုင်မည့် ဆီစက်များဖြစ်သည်။ ဒေါ်ဝင်းကြည်ဆီစက်နှင့် ဇမ္ဗူမြင့်ဆီစက်တို့မှာ ရာသီချိန်တွင် လည်ပတ်နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

**မြင့်သူ(တောင်ငူ)**

# စီးပွားရေးဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်း

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက်က ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း ဖော်ဆောင်နေမှုများ ပိုမိုတိုးတက်လာစေရန်၊ စီးပွားရေးဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းရှင်များ ပိုမိုသိရှိနားလည်စေရန်၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေမှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ စီးပွားရေးဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား လုပ်ငန်းရှင်များသို့ တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို အစီအစဉ် ၁၃ ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားကာ စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၁)၊ စက်မှုလက်မှုကြီးကြပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့မှ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး လုပ်ငန်းရှင် ၈၅ ဦးနှင့် တာဝန်ရှိဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးသဉ္ဇာလွင် (နေပြည်တော်)**

# တစ်ပတ်အတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ သန်းကျော်ဆောင်ရွက်

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ၂ ရက်မှ ၈ ရက်အထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၆၅ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၆၇ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၃၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၂၃ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၇၂ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၉၅ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်တင်ပို့ခဲ့သော ပို့ကုန်ပစ္စည်းများမှာ ကဏန်း၊ ငါးရှဉ့်၊ နှမ်းဖြူ၊ Pulp paper၊ ငရုတ်သီးခြောက်(အညှာမပါ)၊ နနွင်းတက်(ရှမ်း)၊ ကွမ်းသီး(အခွံပါ) အစရှိသည်တို့ဖြစ်ပြီး အဓိက ပို့ကုန်ဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲနီကြား၊ ပဲယင်းတို့မှာ တင်ပို့မှုလျော့နည်းခဲ့သောကြောင့် ပို့ကုန်တင်ပို့မှု လျော့နည်းရခြင်းဖြစ်သည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ဘက်ထရီအခြောက်များ၊ စက်ဘီးအပိုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပရိဘောဂများ အစရှိသည်တို့ ပိုမိုတင်သွင်းခဲ့သော်လည်း သွပ်ပြား၊ လယ်ထွန်စက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ လျော့နည်းတင်သွင်းခဲ့သောကြောင့် သွင်းကုန်တန်ဖိုး လျော့နည်းရခြင်းဖြစ်သည်။ ယခုတစ်ပတ် မန္တလေး-မူဆယ် သယ်ယူခနှုန်းထားများမှာ ပြောင်း၊ ဆန်၊ ပဲတီစိမ်း၊ နှမ်း၊ ရော်ဘာများ တစ်ပိဿာလျှင် ကျပ် ၂၀၀ စီရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

**CJ**

# ဇူလိုင်လ ပထမပတ် ကော့သောင်း ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်း အနေဖြင့် ဇူလိုင် ၂ ရက်မှ ၈ ရက်ထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၀၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၈ သန်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃ သန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အဓိကပို့ကုန်ပစ္စည်းဖြစ်သော ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်တို့ တင်ပို့မှု ပိုမိုသဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၂ သန်း ပိုမို ရရှိခဲ့သည်။

သွင်းကုန်ပိုင်းတွင် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက စက်နှင့် စက်ပစ္စည်း တင်သွင်းမှု ပိုမိုခဲ့သော်လည်း ဓာတုဗေဒပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများနှင့် အခြားပစ္စည်းများ တင်သွင်းမှု လျော့နည်းခြင်း၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့်နှင့် အခြားပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၇ သန်း လျော့နည်းခဲ့သည်။ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၅ သန်း လျော့နည်းကြောင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ သိရှိရသည်။

**အေးအေးသန့် (DOT)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များနှင့် တွေ့ဆုံ

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ဇူလိုင် ၅ ရက်တွင် စစ်ကိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲအခမ်းအနား၌ ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေးမှာ စိုက်ပျိုးရေးကို အခြေခံကြောင်း၊ စပါး၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပြီး အသားတင်စိုက်ဧကပေါင်း ၄၅ဒသမ၆ သိန်းကျော်ရှိပြီး သီးထပ်စိုက်ပျိုးဧကပေါင်းများစွာရှိကြောင်း၊ မိမိတိုင်းဒေသကြီး၏ စိုက်ပျိုးရေးထုတ်ကုန်ထုတ်လုပ်နိုင်မှုသည် မြန်မာနိုင်ငံ၏ အများဆုံးတိုင်းဒေသကြီးဖြစ်သောကြောင့် မိမိတို့တိုင်းဒေသကြီး၏ ထုတ်လုပ်နိုင်မှုသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကျိုးသက်ရောက်မှုရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် မျိုး၊ သွင်းအားစုများ အလုံအလောက်ရရှိရေး၊ ဆည်ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကုန်သည်လုပ်ငန်းရှင်များအတွက် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် အခြားလိုအပ်သော ပံ့ပိုးမှုများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမားရိုးကျ ထုတ်လုပ်မှုမှ စံချိန်စံညွှန်းပြည့်မီသည့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ရေရှည်တည်တံ့သော စီးပွားဖြစ်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် မိမိတို့၏ အခက်အခဲများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုသည်များကို ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ယခုအစည်းအဝေးတွင် တက်ရောက်လျက်ရှိကြသည့်အတွက် လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်သည့် အခက်အခဲများနှင့် ကူညီဆောင်ရွက်ပေးလိုသည့် အချက်များကို အသီးသီး ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မိမိတို့တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားသည်။ အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မုံရွာ စက်မှုဇုန်ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ဝေဖြိုးထက်၊ DOCA (စစ်ကိုင်း)**

# ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြော

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့ မြို့ပေါ် ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် ရွှေဖျိုင်းဖြူ ဦးသောင်းစိန်နှင့် GRAND MAX စက်သုံးဆီအရောင်းဆိုင်များသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် စက်သုံးဆီဆိုင်များသို့ နေ့စဉ် ဆီဝင်ရောက်မှု အခြေအနေများ၊ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ/မရှိ၊ စက်သုံးဆီ အရည်အသွေးနှင့် အလေးချိန် အခြင်အတွယ် ပြည့်မီခြင်း ရှိ/မရှိတို့ကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးရာတွင် စားသုံးသူများ စိတ်ကျေနပ်မှုရှိစေရေးနှင့် စားသုံးသူဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ပြီး စစ်ဆေးခဲ့သော စက်သုံးဆီဆိုင်သုံးဆိုင်မှာ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရှိရသည်။


ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီတွင် မြန်အောင်မြို့နယ်၊ စမ်းကျေးရွာ၊ ဘုန်းကြီးကျောင်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြန်အောင်မြို့နယ် တာဝန်ခံက စားသုံးသူပြည်သူ ၂၀ ဦးအား စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

အလားတူ ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီခွဲတွင် တလုတ္တော်မြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဟင်္သာတမြို့နယ်တာဝန်ခံက စားသုံးသူပြည်သူ ၁၀၀ ဦးအား စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲများတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးမြင့်အောင်နှင့် ဦးမိုးကျော်တို့က စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် အခန်း(၂၅)ခန်း၊ ပုဒ်မ(၈၄)ခုဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူကာကွယ်ရေး နည်းဥပဒေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၉/၂၀၂၂)ဖြင့် ပြဋ္ဌာန်းပြီး ဖြစ်ကြောင်းတို့ကို ဟောပြောခဲ့ပြီး စားသုံးသူကာကွယ်ရေးဥပဒေတွင်ပါရှိသော အခန်း (၉) ပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ အခန်း(၁၀)ပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းအကြောင်းနှင့် ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း သိရှိလိုပါက www.doca.gov.mm Website တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း စသည်တို့ကို ဟောပြောခဲ့ပြီး တက်ရောက်သူများမှလည်း သိလိုသည်များကို မေးမြန်း၍ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြကြောင်း သိရှိရသည်။

**ဇာဇာထက် (ဟင်္သာတ)**

## ဈေးကွက်အတွင်း ရွှေအရောင်းအဝယ် အနည်းငယ်အေးနေ



လက်ရှိ ရွှေဈေးနှုန်းမှာ ကျပ် သိန်း ၂၀ အထက်တွင်သာရှိနေပြီး ဈေးကွက်အတွင်း အရောင်းအဝယ် အနည်းငယ် အေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ သိရသည်။

အဆိုပါအသင်း၏ ထုတ်ပြန်ချက်အရ ဇူလိုင် ၁၄ ရက် နံနက် ပိုင်း ရွှေအဖွင့်ဈေးမှာ အကယ်ဒမီ မီးလင်းရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၀၅၀၀၀၀ ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၇၃၃ ဒေါ်လာဖြစ်ကြောင်း သိရသည်။

"အခုအခြေအနေက ရွှေဈေးလေးက နည်းနည်းစွာနေတဲ့ သဘောပေ့ါ။ အရောင်းအဝယ်က အရင်အတိုင်း ပုံမှန်ပါပဲ။ နည်းနည်းအေးတယ်။ အခြေအနေစောင့်ကြည့်နေတဲ့ သဘောပေါ့" ဟု အဆိုပါအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဇူလိုင် ၁၄ ရက်တွင် ပြောသည်။

ရွှေဆိုင်များ၊ ရွှေတုံးရွှေခဲ ရောင်းဝယ်သူများ၊ အွန်လိုင်းမှ အရောင်းအဝယ်ပြုလုပ်သူများ လိုင်စင်ပြုလုပ်ရန်နှင့် သတင်းပေးပို့ခြင်းမရှိဘဲ နယ်စပ်ဖြတ်ကျော် ရွှေအရောင်းအဝယ်များ မပြုလုပ်ကြရန် YGEA က ယခုနှစ် မေ ၁၇ ရက်တွင် အသိပေး ထုတ်ပြန်ထားသည်။

**ပန်းဆု**

## ပြင်ပဒေါ်လာပေါက်ဈေး ကျပ် ၂၁၀၀ ကျော်တွင် ဆက်လက်တည်ရှိ

ပြင်ပဈေးကွက်အတွင်း တစ်ဒေါ်လာပေါက်ဈေး ကျပ် ၂၁၀၀ ကျော်တွင် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

ပြည်တွင်းဒေါ်လာဈေးမှာ ပြီးခဲ့သည့် ဇွန် ၂၃ ရက်မှစတင်ကာ ကျပ် ၂၁၀၀ ကျော်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ လက်ရှိပြင်ပ ငွေလဲကောင်တာများ၌ ဖြစ်ပေါ်နေသော ငွေလဲနှုန်း များမှာ ဇူလိုင် ၁၂ ရက်တွင် ရောင်းဈေး ကျပ် ၂၁၈၀၊ ဝယ်ဈေး ကျပ် ၂၁၆၇၊ ဇူလိုင် ၁၃ ရက်တွင် ရောင်းဈေး ကျပ် ၂၁၈၈၊ ဝယ်ဈေး ကျပ် ၂၁၇၈၊ ဇူလိုင် ၁၄ ရက်တွင် ရောင်းဈေး ကျပ် ၂၁၉၂၊ ဝယ်ဈေး ကျပ် ၂၁၈၂ ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် အမေရိကန်ဒေါ်လာ ၄၄၃ ဒသမ ၈ သန်းအထိ ရောင်းချထားပြီး ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁၁၈ သန်းအထိ စံချိန်တင် ရောင်းချခဲ့ကြောင်း ယင်းဘဏ်က ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

**ပန်းဆု**

## ပြီးခဲ့သည့် ဇွန်လအတွင်း စတော့ရှယ်ယာအရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ် ၂၀၀ မီလီယံကျော်ရှိခဲ့

ပြီးခဲ့သည့် ဇွန်လအတွင်းစာရင်းဝင် ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ် ဖြစ်မှုတန်ဖိုးမှာ ကျပ် ၂၀၀ မီလီယံကျော် ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။

အဆိုပါကာလအတွင်း အရောင်းအဝယ် ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေစုစုပေါင်းမှာ ၄၀၀၆၂ ဖြစ်ပြီး တန်ဖိုး ကျပ် ၂၀၀ ဒသမ ၆၃ မီလီယံရှိခဲ့ကြောင်း သိရသည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၅၈၉၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၄ ဒသမ ၃၃ မီလီယံ၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၅၂၉၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆၇ ဒသမ ၂၉ မီလီယံရရှိခဲ့သည်။

မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၈၇၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၀၂ မီလီယံ၊ ပထမပုဂ္ဂလိက ဘဏ် (FPB) က အစုရှယ်ယာ ၄၀၅၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၇၀ ဒသမ ၉၈ မီလီယံရရှိခဲ့သည်။

TMH Telecom Public (TMH)က အစုရှယ်ယာ ၉၆၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂ ဒသမ ၄၅ မီလီယံ၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၂၀၉၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးကျပ် ၅ ဒသမ ၃၁ မီလီယံ၊ Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၈၇၉ ရောင်းချနိုင်ခဲ့ပြီးတန်ဖိုး ကျပ် ၄ ဒသမ ၂၅ မီလီယံစသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

## ခတ်မြေသြဇာ

# ဇူလိုင်လ တတိယပတ်အတွင်း ခတ်မြေသြဇာတန်ချိန် ၅၇၀၀ ကျော် တင်သွင်း

ဇူလိုင် ၂ ရက်မှ ၈ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၁၉ သန်း တန်ဖိုးရှိ ခတ်မြေသြဇာ တန်ချိန် ၃၂၀၀ ကျော် အား တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၃၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၆၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ရုရှားနိုင်ငံမှ တန်ချိန် ၅၀၀ကျော်၊ ပိုလန်နိုင်ငံမှ တန်ချိန် ၁၆၀ကျော် နှင့် ဂျပန်နိုင်ငံမှ တန်ချိန် ၁၂၀ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခတ်မြေသြဇာ အများဆုံးတင်သွင်းကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ခတ်မြေသြဇာတန်ချိန် ၁၈၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဇူလိုင် ၂ ရက်မှ ၈ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၅ သန်း တန်ဖိုးရှိ ခတ်မြေသြဇာ တန်ချိန် ၂၆၀၀ကျော် အား တင်သွင်းခဲ့သည်။ ထိုင်းနိုင်ငံမှ တန်ချိန် ၁၃၀၀ကျော်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၇၀၀ ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၅၀၀ ကျော် တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းခဲ့ကြောင်း သိရှိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ခတ်မြေသြဇာ တန်ချိန် ၂၃၀ ကျော်လျော့နည်း တင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# မော်လမြိုင် ဘိလပ်မြေနှင့် ခတ်မြေသြဇာဈေးကွက်

မော်လမြိုင်မြို့၌ ယခုဇူလိုင်လ တတိယအပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသည့်ဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၈၅၀၀၊ ဆင်(ထိုင်း) ကျပ် ၁၁၅၀၀၊ ကြံ့တံဆိပ်(အပြာ) ကျပ် ၈၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ခတ်မြေသြဇာမှာ ဈေးနှုန်းအနည်းငယ်တက်လာပြီး အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရှိရသည်။

အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ယခင်တစ်ပတ်တွင် ကွန်ပေါင်း (မြန်မာ့သြဘာ ရွှေကောမက်) ၁၅း၁၅း၁၅ မှာ ကျပ် ၁၂၀၀၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ မှာ ကျပ် ၁၂၅၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ မှာ ကျပ် ၁၂၅၀၀၀၊ ပုလဲ (အသေး) ၄၆ ရာခိုင်နှုန်း မြန်မာ (MPE) မှာ ကျပ် ၆၈၀၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ကွန်ပေါင်း (မြန်မာ့သြဘာ ရွှေကောမက်) ၁၅း၁၅း၁၅ မှာ ကျပ် ၁၀၂၂၀၀၊ ကွန်ပေါင်း ၂၀း၁၂း၁၂ မှာ ကျပ် ၁၂၅၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ မှာ ကျပ် ၁၃၀၀၀၀၊ ပုလဲ (အသေး) ၄၆ရာခိုင်နှုန်း မြန်မာ (MPE) မှာ ကျပ် ၆၈၅၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

**အောင်မြင့်မြတ် (မွန်)**

# တနင်္သာရီတိုင်းဒေသကြီးတွင် ကွမ်းသီးနှင့် သီဟိုဠ်ဈေး မြင့်တက်လျက်ရှိ

ကွမ်းသီးနှင့် သီဟိုဠ်များသည် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ကွမ်းသီးတွင် ကွမ်းသီးအလုံးဈေးနှင့် ကွမ်းသီးခွဲခြမ်းဈေးဟူ၍ ဈေးနှုန်းနှစ်မျိုးရှိပြီး သီဟိုဠ်စေ့တွင် အခွံမချွတ်ရသေးသော အသီးအကြမ်းဈေးနှင့် အခြောက်လှန်းသန့်စင်ပြီး အချောဈေးဟူ၍ ဈေးနှုန်း နှစ်မျိုးရှိကြောင်း သိရှိရသည်။ ဇူလိုင်၁၄ ရက်တွင် ကွမ်းသီး ဈေးမှာ ကွမ်းသီးအလုံး(အခွံမပါ) တစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှုန်းရှိပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့သောဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၁၀၀ နှုန်း ဈေးပေါက်နေကြောင်းနှင့် ကွမ်းသီးခွဲခြမ်း တစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။ အရောင်းအဝယ်မှာ အနည်းငယ်အေးလျက်ရှိပြီး သီဟိုဠ်ဈေးနှုန်းမှာ သီဟိုဠ်စေ့အကြမ်း တစ်ပိဿာလျှင် ကျပ် ၄၀၀၀-၄၃၀၀ ရှိပြီး သီဟိုဠ်စေ့အချော တစ်ပိဿာလျှင် ကျပ် ၂၃၀၀၀-၂၃၅၀၀ ရှိကြောင်း သိရသည်။

ကွမ်းသီးဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီး သီဟိုဠ်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ်နှိုင်းယှဉ်လျှင် ဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်းနှင့် အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရှိရသည်။

**ဝင့်ဝါခိုင်(ထားဝယ်)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၁၁.၇.၂၀၂၂)ရက်နေ့မှ (၁၇.၇.၂၀၂၂)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1419 |
| ငွေလဲနှုန်း | 1853 |
| Customs ငွေလဲနှုန်း | 1850 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 3,286,759 | 5.37 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 13,147,035 | 21.47 |
| ၄ | ဆိပ်ကမ်းသိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 131,257,500 | 214.34 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 300 | 300,000 | 0.49 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 5,836,950 | 9.53 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **159,710,964** | **260.80** |
| ၁၁ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | 2,629,407,000 | 4,293.68 |
| | စရိတ်စုစုပေါင်း | | **2,789,117,964** | **4,554.48** |

## နို့ဆီ/နို့စိမ်း

# ဇူလိုင်လ တတိယပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နို့ဆီတန်ချိန် ၄၀၀ ကျော် တင်သွင်း

ဇူလိုင် ၂ ရက်မှ ၈ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၉၀ သန်း တန်ဖိုးရှိ နို့ဆီ တန်ချိန် ၄၅၀ ခန့်အား တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၂၂၀ ကျော်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၂၂၀ ကျော် အသီးသီး တင်သွင်းခဲ့ပြီး တင်သွင်းခဲ့သည့် အမျိုးအစားများမှာ Hawk Brand နှင့် Dawn Brand တို့ဖြစ်ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့ဆီတန်ချိန် ၁၅၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း နယ်စပ်မှ နို့ဆီတင်သွင်းမှု မရှိကြောင်း သိရသည်။

**အိမ့် (DOT)**

## ဘိလပ်မြေ

# ယခုတစ်ပတ်အတွင်း နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၁၀၀၀ ကျော် အဝင်မြင့်တက်

ဇူလိုင် ၂ ရက်မှ ၈ ရက်ထိ ကာလအတွင်း နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၁ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၄၅၀၀ ကျော်အား ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဘိလပ်မြေတန်ချိန် ၁၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဘိလပ်မြေ တင်သွင်းမှုမရှိကြောင်း သိရသည်။

**အိမ့် (DOT)**

# ရေနံချောင်းမြို့နယ်၌ နှမ်း၊ မြေပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ နှမ်းနှင့်မြေပဲများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။ "မိုးရာသီစိုက် နှမ်းနဲ့မြေပဲက အောင်မြင်ဖြစ်ထွန်းတယ်။ အထွက်ကတော့ မိုးရွာသွန်းမှုကောင်းတဲ့ ကျေးရွာနှင့် အနည်းငယ်မိုးလိုတဲ့ ကျေးရွာအချို့ တောင်သူတွေအတွက် အထွက်သင့်နိုင်တယ်။ ဒီနှစ်မိုးရွာသွန်းမှုက အပင်တွေအသီးသီးချိန်မှာ မိုးမရွာဘူး။ မိုးရေလိုသွားတယ်။ ဒါပေမဲ့ ဒီတစ်ပတ်မှာ မိုးပြန်ရွာတဲ့အတွက် အထွက်သင့်နိုင်တယ်။ မြေပဲကတော့ဖော်ဖို့ လိုသေးတယ်"ဟု ရေနံချောင်းမြို့နယ် သပြေစမ်းကျေးရွာနေ တောင်သူတစ်ဦးကပြောသည်။

လက်ရှိနှမ်းနီတစ်တင်း ကျပ် ၆၂၀၀၀၊ စမုံနက် ကျပ် ၈၀၀၀၀၊ ပေါက်ဈေးရှိပြီး ရေသွင်းနှမ်းများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **ဆန်းညွှန့်(ရေနံချောင်း)**

**၃၀-၆-၂၀၂၂ မှ ၁၃-၇-၂၀၂၂ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း**

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 645 | 8 | - | - | - | 653 |
| | Form AANZ | 31 | 1 | - | - | - | 32 |
| | Form AHK | 8 | - | - | - | - | 8 |
| | Form AI | 319 | 9 | - | - | - | 328 |
| | Form AJ | 46 | - | - | - | - | 46 |
| | Form AK | 334 | 9 | - | - | - | 343 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 18 | 2 | - | - | - | 20 |
| | Form E | 461 | 21 | - | - | - | 482 |
| | Form Korea | 18 | - | - | - | - | 18 |
| | E Form D | 393 | - | - | - | - | 393 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 2273 | 50 | - | - | - | 2323 |

# အာဆီယံစားသုံးသူကာကွယ်ရေး ညီလာခံတွင် အွန်လိုင်းစားသုံးသူတိုင်ကြားမှုစနစ်အား တရားဝင်မိတ်ဆက်

တတိယအကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေး ညီလာခံ (3rd ASEAN Consumer Protection Conference-ACPC) ကို "Building a Fair and Future-Ready Marketplace for Consumers in ASEAN" ခေါင်းစဉ်ဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဖိလစ်ပိုင်နိုင်ငံမှ ပူးတွဲတာဝန်ယူ၍ ဇွန် ၂၈ ရက်တွင် Virtual စနစ်ဖြင့် ကျင်းပခဲ့သည်။ အဆိုပါ ညီလာခံကို Thematic Session သုံးခုဖြင့်ကျင်းပခဲ့ပြီး Session-2 ဖြစ်သည့် "Scanning the Horizon-Towards the New Normal for B2C Dispute Resolution in ASEAN" တွင် ASEAN Regional Complaints Platform အား တရားဝင် မိတ်ဆက်ခဲ့သည်။ စားသုံးသူများအနေဖြင့် နယ်စပ်ဖြတ်ကျော် စားသုံးသူတိုင်ကြားမှုများအား အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ၏ website ဖြစ်သည့် www.aseanconsumer.org တွင် ဝင်ရောက်တိုင်ကြားနိုင်သည်။

အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီအနေဖြင့် အာဆီယံ စားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)အား အကောင်အထည်ဖော်ဆောင်လျက်ရှိရာ လုပ်ငန်းစီမံချက်ပါ ရည်မှန်းချက်ပန်းတိုင် (၄) ၏ Deliverable 4.1.1 ဖြစ်သည့် ACCP Web Portal အားအဆင့်မြှင့်တင်သွားရန်ဟူ၍ ဖော်ပြပါရှိချက်ကို အကောင်အထည်ဖော်မှုအနေဖြင့် ACCP ၏ Website တွင် Complaint Function အား GIZ အဖွဲ့အစည်း၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်သည်။ တိုင်ကြားသူများအနေဖြင့် Complaint Function ကို အသုံးပြုနိုင်ရန်အတွက် ACCP website သို့ ဦးစွာဝင်ရောက်၍ File a complaint မှတစ်ဆင့် တိုင်ကြားမှုပုံစံ (Complaint Form) တွင် လိုအပ်သည့် အချက်အလက်များအား ဖြည့်စွက်၍ တိုင်ကြားနိုင်သည်။ တိုင်ကြားမှုပုံစံတွင် တိုင်ကြားသူ၏ အမည်၊ အီးမေးလ်လိပ်စာ၊ ဖုန်းနံပါတ်၊ လူမျိုး၊ မှတ်ပုံတင်နံပါတ် သို့မဟုတ် Passport နံပါတ်၊ နေရပ်လိပ်စာ၊ ကုန်စည်/ဝန်ဆောင်မှု ဖော်ပြချက်၊ ဝယ်ယူသည့်နေရာ၊ တိုင်ကြားမှုအမျိုးအစား၊ တိုင်ကြားလိုသည့် အကြောင်းအရာ၊ အထောက်အထားအချက်အလက်များ စသည်တို့ကိုဖြည့်စွက်ရမည်ဖြစ်သည်။ ထို့နောက် မိမိဖြည့်စွက်ထားသည့် အချက်အလက်များအား ပြည့်စုံမှန်ကန်မှု ရှိ/မရှိကို Preview တွင် ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်သည်။ ထို့နောက် Send Finish ကိုနှိပ်ပါက တိုင်ကြားမှုပုံစံ(Complaint Form)သည် သက်ဆိုင်ရာ Country Administrator ထံသို့ ရောက်ရှိမည်ဖြစ်သည်။ ACCP website တွင် သက်ဆိုင်ရာ နိုင်ငံအလိုက် Country Page များ တည်ဆောက်ထားပြီး မိမိနိုင်ငံနှင့် သက်ဆိုင်သည့် တိုင်ကြားမှုသည် Country Page ၏ Complaints အောက်သို့ တိုက်ရိုက်ရောက်ရှိမည်ဖြစ်သည်။

တိုင်ကြားမှုအား ဖြေရှင်းဆောင်ရွက်ပေးမည့် အချိန်ကာလအား ရက်ပေါင်း ၃၀ သတ်မှတ်ထားသော်လည်း အထူးအခြေအနေတစ်ရပ်ရပ်အတွက် တိုင်ကြားမှုဖြေရှင်းရေး အချိန်ကာလအား တိုးမြှင့်ပေးထားသည်။ တိုင်ကြားသူများအနေဖြင့် မိမိတိုင်ကြားမှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့်စပ်လျဉ်း၍ ခြေရာခံခြင်း (Tracking) ကို ဆောင်ရွက်နိုင်သည်။ Website ပေါ်ရှိ Consumer Page ကိုဝင်ရောက်၍ Tracking Number ကို နှိပ်၍ Tracking Code ရယူနိုင်သည်။ ထိုမှတစ်ဆင့် မိမိတိုင်ကြားထားသည့်တိုင်ကြားမှု၏ဖြေရှင်းဆောင်ရွက်မှုအဆင့်ဆင့်ကို ခြေရာခံနိုင်သည်။ တိုင်ကြားသူများအနေဖြင့် တိုင်ကြားမှုအားဖြေရှင်းပြီးစီးပါက တိုင်ကြားမှုနှင့်စပ်လျဉ်း၍ မေးမြန်းထားသည့် Feedback form ကို ဖြည့်ရမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ASEAN Regional Complaints Platform ကို တည်ထောင်ခြင်းဖြင့် ဒေသတွင်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် စားသုံးသူအငြင်းပွားမှုများကို အချိန်ကုန် သက်သာစွာနှင့် ငွေကြေးကုန်ကျစရိတ် သက်သာစွာဖြင့် ဆောင်ရွက်လာနိုင်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများအလိုက် ဆောင်ရွက်နေသည့် နိုင်ငံအဆင့် စားသုံးသူတိုင်ကြားမှုများကို အွန်လိုင်းမှတစ်ဆင့်ဖြေရှင်းပေးသည့်စနစ် (National Online Dispute Resolution System) ခိုင်မာအားကောင်းလာစေရေးအတွက် အထောက်အကူဖြစ်စေမည့် အစီအစဉ်ကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**Source : အာဆီယံ**

**PZCTH**

# ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးနှုန်း ဈေးကွက်များ

ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇူလိုင် ၁ ရက်မှ ၁၄ ရက်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းဈေးကွက်များအား စုစည်းဖော်ပြလိုက်ပါသည်။

**မတ်ပဲနှင့် ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၁၆၉၅၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၁၉၁၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၄၉၇၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC (2022 Crop) ကျပ် ၁၁၁၅၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၁၀၆၅၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၃၀၀၀၀ ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၄၅ လုံး(တန်ချိန် ၁၀၈၀) ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်တွင် မတ်ပဲ FAQ/ RC(2022 Crop) ကွန်တိန်နာ ၂၅ လုံး၊ မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၁၀ လုံးနှင့် ပဲစင်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၁၀ လုံး စုစုပေါင်း ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပန်းရဲငရုတ်(သစ်) ကျပ် ၈၅၀၀၊ မြားနီ ဟသ်ာတ(သစ်) ကျပ် ၈၅၀၀၊ မိုးထောင် ဟသ်ာတ ကျပ် ၈၀၀၀၊ မိုးထောင်မြစ်ဝ (သစ်) ကျပ် ၇၇၀၀၊ မိုးထောင်မြစ်ဝ (AC) ကျပ် ၈၅၀၀၊ ဆင်ဖြူကျွန်းပု (သစ်) ကျပ် ၉၅၀၀ နှင့် မြစ်ဝ(ပု)ကျပ် ၁၂၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြားနီဟသ်ာတ (သစ်)ကျပ် ၂၀၀ နှင့် ဆင်ဖြူကျွန်းပု (သစ်) ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး မိုးထောင် ဟသ်ာတ ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်ငရုတ်များ ဈေးငြိမ်လျက်ရှိသည်။ ယခင်တစ်ပတ်က ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၆၀၀၀(၁၂၀၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀(၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၄၄၀၀( ၈၈၀၀၀ ပိဿာ ) နှင့် ငရုတ်ပုအိတ်ပေါင်း ၇၀၀ (၁၀၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခုတစ်ပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၆၀၀ (၃၂၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၆၀၀ အိတ် ( ၉၀၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၁၅၅၀၊ ဟဲဟိုး OK ကျပ် ၁၆၅၀၊ ဟဲဟိုး S1 ကျပ် ၁၆၅၀ နှင့် ဟဲဟိုး S2 ကျပ် ၁၆၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ ယခုတစ်ပတ်တွင် အာလူးဈေးများ ငြိမ်လျက်ရှိကြောင်းသိရသည်။ ယခင်တစ်ပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၇၂ စီး(၄၃၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်တွင် အာလူးကားစီးရေ ၁၀၅ စီး(၆၃၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်တစ်ပတ်ထက် အာလူးကားစီးရေ ၃၃ စီး (၁၉၈၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ် ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၂၈၀၀၊ အောင်ပန်းထူး-၂ ကျပ် ၂၂၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၂၆၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၃၂၀၀ နှင့် အောင်ပန်း ထူး-၅ ကျပ် ၃၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း ထူး-၂ ကျပ် ၂၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။ ယခင်တစ်ပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၂၄၀၀ ( ၇၂၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ် ကြက်သွန်ဖြူ အိတ် ၂၇၀၀ (၈၁၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်တစ်ပတ်ထက် ကြက်သွန်ဖြူ ၃၀၀ အိတ် ( ၉၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၂၃၀၀ နှင့် မန်ကျည်း အသား (သစ်) ကျပ် ၃၆၀၀ ဈေးဖြစ်ခဲ့သည်။

**SSMaw (Domestic(Ygn) MITC**

**SWTun (Domestic(Ygn) MITC**

# ပြည်တွင်း ရေနံဈေး တက်မည် မဟုတ်ကြောင်း တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြအသိပေး

တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်၏ ဝက်ဘ်ဆိုဒ်၌ ၂၉-၆-၂၂ ရက်နေ့တွင် ဖော်ပြချက်အရ တရုတ်နိုင်ငံ၏ ရေနံထုတ်ယူမှု အချိုးသည် ၇၀ ရာခိုင်နှုန်းကို ကျော်လွန်သွားခဲ့ကြောင်း၊ လက်ရှိရေနံကုန်ချောဈေးနှုန်း ယန္တရားအရ ပြည်တွင်းရေနံကုန်ချောဈေးနှုန်းသည် နိုင်ငံတကာဈေးကွက်ရေနံစိမ်းပေါက်ဈေးဖြင့် အလုပ်လုပ်ရက် ၁၀ ရက်လျှင် တစ်ကြိမ် ပျမ်းမျှ ဈေးနှုန်းကို ညှိနှိုင်းပြောင်းလဲသတ်မှတ်ကြောင်း၊ (ဆီဈေးနှုန်း ညှိနှိုင်းမှုနေ့မတိုင်မီ ၁၀ ရက် ပျမ်းမျှဈေးနှုန်းကို နိုင်ငံတကာရေနံဈေးအဖြစ် ယခုမှစ၍ နောင်တွင်ရည်ညွှန်း) နိုင်ငံတကာ ရေနံဈေးနှုန်းသည် တရုတ်နိုင်ငံ၏ ဥပဒေအရ ကန့်သတ်ချက်၏ အမြင့်ဆုံးပမာဏဖြစ်သည့် တစ်စည်လျှင် ဒေါ်လာ ၁၃၀ ထက်ကျော်လွန်ပါက ဓာတ်ဆီနှင့် ဒီဇယ်ဈေးများကို မြှင့်တင်ခြင်းမပြုရန် သို့မဟုတ် မူအရ ထိုပမာဏအောက်လျော့၍သာ ဈေးတက်ရန်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအဆင့် နောက်ပိုင်းသုံးစွဲသူများနှင့် စားသုံးသူများအတွက် ဝန်ထုပ်ဝန်ပိုး လျှော့ချပေးရန်နှင့် အမှန်တကယ် ထုတ်လုပ်မှု ကုန်ကျစရိတ် လျော့ကျစေရန် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတကာ ရေနံဈေးနှုန်းသည် ဥပဒေအရ ကန့်သတ်ချက်၏ အမြင့်ဆုံးပမာဏဖြစ်သည့် တစ်စည်လျှင် ဒေါ်လာ ၁၃၀ ထက်ကျော်လွန်ပါက ဓာတ်ဆီနှင့် ဒီဇယ်ဈေးများကို ရေတို (နှစ်လထက် မကျော်လွန်သောကာလ)တွင် မြှင့်တင်ခြင်းမပြုရန်၊ အကယ်၍ နိုင်ငံတကာ ရေနံဈေးနှုန်း နှစ်လထက်ကျော်လွန်ဈေးတက်ပါက သင့်လျော်သောမူဝါဒနှင့်အစီအမံများဖြင့် ကြိုတင်သတ်မှတ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းတွင်ပင် ဆီချောသန့်စင်သော အင်တာပရိုက်စ်များ၏ ထုတ်လုပ်ရန် စိတ်အားထက်သန်မှုကို ကာကွယ်သည့်အနေဖြင့်လည်းကောင်း ဘေးအန္တရာယ်ကင်းရှင်းပြီး တည်ငြိမ်သော ကုန်ချောထုတ်လုပ်မှုကိုသေချာစေရန်အတွက်လည်းကောင်း ဗဟိုအစိုးရ မှ ရေနံချက်လုပ်သည့် လုပ်ငန်းများအား အချိန်မှန် ဈေးနှုန်းထောက်ပံ့မှုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဈေးနှုန်းညှိနှိုင်းမှုကာလအတွင်း ထောက်ပံ့ကြေးစံနှုန်းသည် ချိန်ညှိသော ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်း ပမာဏဖြစ်သင့်ကြောင်း ယင်းကို အရည်အချင်းပြည့်မီသော ရေနံချက်လုပ်ငန်းများ လုပ်ငန်းစဉ်အလိုက် လျှောက်ထားနိုင်ကြောင်း ဖော်ပြထားသည်။

**ရင်းမြစ် http://www.sunsirs.com/uk/detail_news-7815.html**

**ဒေါက်တာဝေရီလင်း(စီးပွားရေးသံမှူး)၊ မြန်မာသံရုံး၊ ကူမင်း**

# ပို့ကုန်မြှင့်တင်ရေး နည်းလမ်းကောင်းများ

သိမ်းမြင့်ဝေ

ပို့ကုန်မြှင့်တင်ခြင်းသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော ရေသောက်မြစ်တစ်ခုဖြစ်သည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ၏ ပို့ကုန်တင်ပို့မှုသည် စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ထက်ဝက်ကျော်ရှိသည်။

ကုမ္ပဏီအများစုကို လေ့လာရာတွင် ၎င်းတို့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုကို ပြည်ပသို့တင်ပို့သော လုပ်ငန်းများသည် အခြားလုပ်ငန်းများထက် ပိုမိုမြန်ဆန်စွာ တိုးတက်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာနိုင်ငံအစိုးရသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကို ပိုမိုတွန်းအားပေးကြသည်။ သို့သော်လည်း ကုမ္ပဏီများသည် အတွေ့အကြုံနည်းခြင်း၊ နိုင်ငံခြားနှင့် ဆက်သွယ်ရောင်းဝယ်ရမည်ကို ကြောက်ရွံ့ခြင်းတို့ကြောင့် ပို့ကုန် စတင်တင်ပို့ရန် တုံ့ဆိုင်းနေဆဲဖြစ်သည်။

ပို့ကုန်တင်ပို့ခြင်းသည် ကုမ္ပဏီများ ထင်မြင်ယူဆသလို ခက်ခဲသည့် ကိစ္စရပ်မဟုတ်ပေ။ ကုမ္ပဏီတစ်ခု၏ ပို့ကုန်တင်ပို့မှုအဆင့်ကို မြှင့်တင်ပေးသော နည်းလမ်းများစွာ ရှိသည်။ လုပ်ငန်းရှင်၏ စူးစမ်းရှာဖွေလိုစိတ်က ပို့ကုန်တင်ပို့မှုဆိုင်ရာ စိန်ခေါ်မှုကို ကျော်လွှားနိုင်ပါသည်။ ပို့ကုန်တင်ပို့လိုသော လုပ်ငန်းရှင်၊ ကုမ္ပဏီများအတွက် အလွယ်တကူ သိရှိလေ့လာနိုင်သော နည်းလမ်းများရှိသည်။

ဈေးကွက်သစ်များ (New geographic markets) သည် လုပ်ငန်းရှင်များအတွက် ဝင်ငွေသစ်ရရှိနိုင်သည့် စီးပွားရေး အခွင့်အလမ်းများ (Business opportunities) ပေးစွမ်းသည်။ လေ့လာမှုများအရ ပို့ကုန်တင်ပို့သော စီးပွားရေးလုပ်ငန်းများသည် ပိုမိုထုတ်လုပ်နိုင်စွမ်းရှိပြီး လုပ်သားပိုမိုအသုံးပြုကြောင်း သိရှိရသည်။ ကုမ္ပဏီများသည် နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့ထိုးဖောက်ခြင်းကို ခက်ခဲသည့်ကိစ္စ၊ တုန်လှုပ်ဖွယ်ကိစ္စအဖြစ် ရှုမြင်လေ့ရှိကြသည်။ ဤဆောင်းပါးတွင် ပို့ကုန်အခွင့်အလမ်း (Export opportunities) ပိုမိုရရှိရေးနှင့် ဆုံးရှုံးနိုင်ခြေ (Risk) လျော့ကျရေးအတွက် အကြံပြုချက်နှင့် အကြံဉာဏ်များပါဝင်သည့် နည်းလမ်းကောင်းများကို ထည့်သွင်းဖော်ပြထားသည်။

## ထည့်သွင်းရေးဆွဲပါ

ကုမ္ပဏီ၏ ပို့ကုန်မဟာဗျူဟာ (Export strategy) သည် ကုမ္ပဏီ၏လက်ရှိအခြေအနေနှင့် အနေအထားအပေါ် အခြေခံသင့်သည်။ ထို့ပြင် ပို့ကုန်မဟာဗျူဟာသည် အလားအလာကောင်းသော အခွင့်အလမ်းများ (Promising opportunities) ကို သုတေသနပြုလုပ်သည့်အပေါ် အခြေခံသင့်သည်။ ကုမ္ပဏီသည် ပို့ကုန်အတွက် ငွေကြေးဖြည့်ဆည်းမှုနှင့် ဖောက်သည်သစ်များ (New customers) ထံရောက်ရှိရေးကိစ္စတို့ကို ကာလရှည်လုပ်ဆောင်ရမည့် အချက်များအဖြစ် စဉ်းစားရပါမည်။ ထို့ပြင် ဥပဒေရေးရာနှင့် အခွန်ကိစ္စ ရပ်များ (Legal and tax issues) ကိုလည်း အချိန်ပေး လေ့လာထားရပါမည်။

## သေချာလေ့လာ ဆုံးဖြတ်ပါ

ဈေးကွက်သစ်သို့ ထိုးဖောက်ဝင်ရောက်ခြင်းတွင် ရည်ရွယ်သော ဖောက်သည်များ (Target customers) အပြင် ဈေးကွက်သုတေသန အမျိုးမျိုးပါဝင်သည်။ အပြည်ပြည်ဆိုင်ရာ ဈေးကွက်များသို့ ဝင်ရောက်သည့်အခါ စီးပွားရေးလုပ်ငန်းများအနေဖြင့် ယဉ်ကျေးမှုအမျိုးမျိုးကို သတိထားရပါမည်။ ဈေးကွက်ကို ရှင်းရှင်းလင်းလင်း သတ်မှတ်ရန် လိုအပ်သကဲ့သို့ မိမိကုမ္ပဏီ၏ထုတ်ကုန်ကို ဝယ်ယူမည့်သူ၏ လိုအပ်ချက်ကို နားလည်ထားရန် အလွန်အရေးကြီးသည်။ ထို့ကြောင့် ပို့ကုန်တင်ပို့မည့် ကုမ္ပဏီသည် သက်ဆိုင်ရာဈေးကွက် နိုင်ငံ၏ လူဦးရေအခြေအနေ (Demographics)၊ တည်နေရာ (Location)၊ ဝယ်ယူမည့် ဖောက်သည်၏ စိတ်ဝင်စားမှု သို့မဟုတ် လိုအပ်ချက် (Interests or needs of customers)၊ ဈေးကွက်တိုးတက်မှုနှုန်း (Market growth rates)၊ ခန့်မှန်းဝယ်လိုအား (Forecasted demand)? ပြိုင်ဘက် (Competitors) နှင့် ဈေးကွက်ဝင်ရောက်ရန် အဟန့်အတား (Potential barriers to entry) တို့ကို သိရှိထားရမည်။

## စတင်ထိုးဖောက်ပါ

ပို့ကုန်တင်ပို့မည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) သည် မိမိနိုင်ငံနှင့်နီးသည့် ထိုင်း၊ တရုတ်နှင့် အိန္ဒိယကဲ့သို့သော ဈေးကွက်နိုင်ငံကို စတင်စဉ်းစားသင့်သည်။ ထိုကဲ့သို့ စဉ်းစားရာတွင် ဈေးကွက်နှင့် ထုတ်ကုန်ပေါ် မူတည်ပြီး ကာလတို၊ ကာလလတ်နှင့် ကာလရှည်အောင်မြင်မှု ရရှိစေရန် ရွေးရှုသင့်သည်။ မိမိနိုင်ငံနှင့်နီးသည့် ဈေးကွက်သို့တင်ပို့ရောင်းချရာမှ ရရှိသောအတွေ့အကြုံနှင့် အဆက်အသွယ်ကောင်းများမှတစ်ဆင့် ဂျပန်၊ တောင်ကိုရီးယား၊ ဥရောပသမဂ္ဂနှင့် အမေရိကန်ကဲ့သို့သော ပိုမိုကောင်းမွန် ရှုပ်ထွေးသည့် ဈေးကွက်နိုင်ငံများသို့ တိုးချဲ့ထိုးဖောက်သင့်သည်။

## ဈေးကွက်သုတေသနပြုလုပ်ပါ

ပို့ကုန်တင်ပို့မည့် ကုမ္ပဏီသည် ဈေးကွက်သစ်နှင့် နယ်မြေသစ်များ (New territories) ကို သုတေသန ပြုလုပ်ရပါမည်။ ထိုးဖောက်ဝင်ရောက်မည့် ဈေးကွက်အကြောင်း ပြည့်ပြည့်စုံစုံ သိရှိနားလည်ထားရပါမည်။ Websites များသို့ ဝင်ရောက်လေ့လာပြီး အပတ်စဉ်/လစဉ်ထုတ်ဝေသော အစီရင်ခံစာ၊ စာစောင်နှင့် မဂ္ဂဇင်းတို့ကို ဝယ်ယူဖတ်ရှုရမည်။ ထို့ပြင် ကုန်စည်ပို့ဆောင်ရေး သို့မဟုတ် ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ ကုန်အမှာစာ လက်ခံခြင်းနှင့် ဝယ်ယူသူဖောက်သည်ထံ ထုတ်ကုန်ပို့ဆောင်ခြင်း (Order fulfilment) နှင့် ဖောက်သည်ဝန်ဆောင်မှုပေးခြင်း (Customer services) တို့ကို သိရှိရပါမည်။ ထို့ပြင် ဈေးကွက်နိုင်ငံတစ်ခုနှင့်တစ်ခု လုပ်ငန်းလုပ်ဆောင်မှု ပုံစံမတူ ကွဲပြားလေ့ရှိသည်ကို သတိထားရပါမည်။

## ဈေးကွက်နိုင်ငံသို့ သွားရောက်လေ့လာပါ

သက်ဆိုင်ရာ ဈေးကွက်နိုင်ငံရှိတွေ့ဆုံရမည့်သူများထံ ကြိုတင်ဆက်သွယ်ပြီး ခရီးသွားရောက်ရန် ပြင်ဆင်ပါ။ အသင်းအဖွဲ့၊ လုပ်ဖော်ကိုင်ဖက်၊ ကုန်ပစ္စည်းဖြန့်ဖြူးသူ၊ လုပ်ငန်းလိုင်စင်ရရှိထားသူ သို့မဟုတ် ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းက ဈေးကွက်သစ်ရရှိရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။ နိုင်ငံခြားသို့ ပို့ကုန်ပိုမိုတင်ပို့ရောင်းချ နိုင်ရေးအတွက် ကောင်းမွန်သော နည်းလမ်းမှာ သက်ဆိုင်ရာ လုပ်ဖော်ကိုင်ဖက် (Partners) နှင့် တွေ့ဆုံနိုင်ရန် ကိုယ်တိုင်သွားရောက်ခြင်း၊ ဈေးကွက်ကွင်းဆင်းလေ့လာခြင်း၊ ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲများ တက်ရောက်ခြင်းဖြစ်သည်။

စီးပွားရေးလုပ်ငန်းခရီး (Business trip) သွားရောက်ရာတွင် မိမိကုမ္ပဏီ၏ ထုတ်ကုန်နှင့်ဆင်တူသော ထုတ်ကုန်ကို ဝယ်ယူနေသောသူများနှင့် တွေ့ဆုံစကားပြောခြင်း၊ မိမိကုမ္ပဏီကိုယ်တိုင် အဆိုပါ ဆင်တူသော ထုတ်ကုန် (Similar products) ကို ဝယ်ယူခြင်း၊ ကုန်စည်ပြပွဲ (Trade fairs) နှင့် ဆွေးနွေးပွဲများ (Seminars) သို့ သွားရောက်ပြီး အလားအလာရှိသော ဖောက်သည်များ (Potential customers) နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ဈေးကွက်နိုင်ငံရှိ ဖောက်သည်များကို လေ့လာခြင်း စသည်ဖြင့်လုပ်ဆောင်ရပါမည်။

ယဉ်ကျေးမှုမတူညီခြင်း (Cultural differences)၊ ဘာသာစကား (Language)၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု စည်းမျဉ်းများ (Health and safety regulations)၊ လုပ်ရိုးလုပ်စဉ် (Levels of formality) နှင့် လုပ်ငန်းကျင့်ဝတ် (Business etiquette) တို့ကို နားလည်ခြင်းက ကုမ္ပဏီ၏ ပို့ကုန်တင်ပို့ရောင်းချမှုကို များစွာ အထောက်အကူ ဖြစ်စေနိုင်သည်။

## အကူအညီရယူပါ

နိုင်ငံတကာဈေးကွက်သို့ ပို့ကုန်တင်ပို့မည့် သို့မဟုတ် ဈေးကွက်ချဲ့ထွင်မည့် ကုမ္ပဏီသည် သက်ဆိုင်ရာ ဌာန၊ အသင်းအဖွဲ့များနှင့် ဆက်သွယ်ပြီး အကူအညီ ရယူသင့်သည်။ ဥပမာအားဖြင့် ဆန်အသင်း၊ ပဲအသင်းကဲ့သို့သော ကုန်သည်/စက်မှုအသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များ၊ နိုင်ငံတကာနှင့် ကောင်းမွန်စွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော ကောင်စစ်ဝန်ရုံး၊ ဘဏ်များ၊ လက်မှတ်ရပြည်သူစာရင်းကိုင်များ၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ စသည်တို့နှင့် ချိတ်ဆက်အကူအညီတောင်းခံသင့်သည်။ ကုမ္ပဏီအနေဖြင့် လုပ်ငန်းလုပ်ဆောင်ချက်အားလုံးကို ကိုယ်တိုင်လုပ်ဆောင်နိုင်သည်ဟူ၍ မမှတ်ယူသင့်ပေ။

## ဈေးနှုန်းကိုစိစစ်ပါ

တင်ပို့ရောင်းချမည့်ဈေးနှုန်းကို စိစစ်ခြင်းက ကုမ္ပဏီ၏ ပို့ကုန်လုပ်ငန်း (Export business) ကို ခိုင်မာအားကောင်းစေသည်။ ဈေးနှုန်းသတ်မှတ်ခြင်း (Pricing) သည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ငွေကြေးမတူညီမှုကို နားလည်ရုံမျှမဟုတ်ဘဲ ဈေးကွက်နိုင်ငံသစ် တစ်ခုချင်း၏ ဈေးနှုန်းအဆင့် (Price levels) ကို သုတေသန ပြု လုပ်ရန် လိုအပ်သည်။ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အသုံးစရိတ် ပိုမိုများပြားနေနိုင်သည်။ ထို့ကြောင့် သင်္ဘောခ၊ သယ်ယူပို့ဆောင်ခ၊ ထုတ်ပိုးမှုစရိတ်နှင့် ကိုယ်စားလှယ်ကြေး (Agent's commission) စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ဈေးနှုန်းတွက်ချက် ရောင်းချရပါမည်။

## အချိန်ကိုက်တင်ပို့ရောင်းချပါ

အချိန်ကိုက် တင်ပို့ရောင်းချခြင်းက ကုမ္ပဏီ၏ ပို့ကုန်စွမ်းဆောင် ရည်ကို တိုးတက်စေသည်။ အချို့နေရာများတွင် မိမိကုမ္ပဏီက ပို့ကုန်ကို အချိန်မီတင်ပို့ရောင်းချသော်လည်း အခြားနေရာများတွင် မိမိပို့ကုန်သည် ခေတ်မမီတော့ခြင်းမျိုး ဖြစ်တတ်သည်။

## အသင်းအဖွဲ့များကိုမမေ့ပါနှင့်

အစိုးရဌာနဆိုင်ရာ၊ အသင်းအဖွဲ့နှင့် အခြားကုမ္ပဏီများ၏ အကူအညီမပါဘဲ မိမိကုမ္ပဏီတစ်ခုတည်း ဆောင်ရွက်ခြင်းမျိုး မပြုသင့်ပေ။ နိုင်ငံ၏ ပို့ကုန်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၏ အစီအမံများကိုသိရှိပြီး ကုမ္ပဏီ၏ ပို့ကုန်တင်ပို့ရေးအတွက် အသုံးပြုရမည်။ နိုင်ငံတကာ အတွေ့အကြုံရှိသော ပုဂ္ဂလိကကုမ္ပဏီများ၊ ကုန်သည်/စက်မှု အသင်းချုပ်၊ ဂျပန်ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ (JETRO) နှင့် မလေးရှား ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MATRADE) ကဲ့သို့သော အခြားအသင်းအဖွဲ့ များနှင့်ချိတ်ဆက်၍ လုပ်ငန်းအောင်မြင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရမည်။ ထိုအခါ ပို့ကုန်တင်ပို့သောကုမ္ပဏီအတွက် ထုတ်လုပ်မှုစွမ်းအား (Productivity) နှင့် ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။

**Source: hwca.com**

# မကွေးတိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်း ပြန်လည်ဖွဲ့စည်းနိုင်ရေးဆောင်ရွက်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်သည် မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအား ကျစ်လျစ်ခိုင်မာစွာ ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဝင်း၊ မကွေးခရိုင်ဦးစီးမှူး ဒေါ်တင်တင်လှတို့နှင့်အတူ ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန တောင်တွင်းကြီးမြို့နယ် တာဝန်ခံရုံး၌ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်မြို့နယ်များရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် အောင်လံကုန်စည်ဒိုင်ခန်းမ၌ သရက်မြို့နယ်၊ အောင်လံမြို့နယ်များမှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တွေ့ဆုံပွဲများတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က မကွေးတိုင်းဒေသကြီး ကုန်သည်/စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ကို လက်ရှိသက်တမ်းကာလ ကုန်ဆုံးပြီဖြစ်၍ အသင်း၏ဖွဲ့စ ည်းပုံ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြန်လည်ဖွဲ့စည်းရာတွင် တိုင်းအတွင်းရှိ ခရိုင်အလိုက်၊ ဒေသအသီးသီးရှိ သီးနှံ/ထုတ်ကုန်ကဏ္ဍစုံမှလုပ်ငန်းရှင်များ စုံညီစွာ ပါဝင်ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ အသင်းကျစ်လျစ်ခိုင်မာတောင့်တင်းမှ သာလျှင် ဒေသတွင်း ရောင်းဝယ်ဖောက်ကားမှု၊ ဒေသဖွံ့ဖြိုးမှုနှင့် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး တောင်တွင်းကြီးကုန်စည်ဒိုင်မှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် ၆၁ ဦး၊ အောင်လံကုန်စည်ဒိုင်မှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် ၈၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စန္ဒာစိုးလွင်(မကွေး)**

# မော်လမြိုင်ကုန်စည်ဒိုင်၌ ရော်ဘာနှင့် မတ်ပဲ ဈေးကျပြီး ဆန်ဈေးနှုန်း တည်ငြိမ်နေ

ဇူလိုင် ၁၃ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်ဈေးနှုန်း ပေါက်ဈေးများမှာ မုဒုံ ရော်ဘာ R.S.S-3 (နေလှန်းပြား) တစ်ပေါင် ကျပ် ၁၁၇၀၊ ၁၀၈ ပေါင် (ဆန်သား ၉၀%) ဆန်တစ်အိတ်ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၃၅၀၀၀၊ ပေါ်ကွဲ ကျပ် ၄၃၀၀၀၊ ပေါ်ဆန်း ကျပ် ၅၄၅၀၀၊ ၂၀ပိဿာဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၉၀၀၀၊ မတ်ပဲ ကျပ် ၅၂၄၀၀၊ ပဲလွမ်းဖြူ ကျပ် ၄၁၅၀၀၊ ဗိုလ်ကိတ် ကျပ် ၃၈၀၀၀၊ ပဲပုပ် ကျပ် ၄၈၀၀၀၊ မြေပဲ ၈၄၀၀၀ ကျပ်၊ သစ်သီးဝလံ တွင် ဒေသဒူးရင်း(ခြံသီး) တစ်လုံး ကျပ် ၅၀၀၀၊ ယိုးဒယားသီး(၁ကီလို) ကျပ် ၆၅၀၀၊ ဒေသကိုင်းဆက်သီး (၁ကီလို) ကျပ် ၆၅၀၀၊ ကြက်မောက်သီး (ကိုင်းဆက် ၁ကီလို) ကျပ် ၂၅၀၀၊ အလုံး ၅၀ ပါတစ်တွဲ(ကြီး) ကျပ် ၄၀၀၀၊ (ငယ်) ကျပ် ၂၀၀၀၊ မင်းဂွတ်သီး တစ်လုံး(ကြီး) ကျပ် ၂၀၀၊ (လတ်)ကျပ် ၁၅၀၊ (ငယ်) ကျပ် ၁၀၀၊ ရေထွက်ကုန် တစ်ပိဿာဈေးနှုန်းမှာ ငါးတန် ကျပ် ၂၄၀၀၊ ငါးသလောက်ကျပ် ၁၁၅၀၀၊ ငါးမြစ်ချင်း ကျပ် ၄၃၀၀၊ တီလားပီးရား ကျပ် ၅၀၀၀၊ ကင်းမွန်ကျပ် ၁၂၅၀၀၊ ကကတစ် ကျပ် ၁၃၈၀၀၊ ငါးကွန်းရှပ် ကျပ် ၁၀၅၀၀၊ ပုစွန်ပျော့ ကျပ် ၁၁၂၀၀ မှ ၁၃၂၀၀၊ ရေချိုပုစွန်တုပ်(စိမ်း) ကျပ် ၂၂၀၀၀ မှ ၅၀၀၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ရော်ဘာ R.S.S-3 တစ်ပေါင်လျှင် ၃၀ ကျပ် ကျဆင်းနေပြီး ၁၀၈ပေါင် ဆန်တစ်အိတ် ဈေးနှုန်းတည်ငြိမ်နေကြောင်း၊ ၂၀ ပိဿာဝင် ပဲတစ်တင်းဈေးနှုန်းတွင် ပဲမျိုးစုံအများစု ဈေးနှုန်းတည်ငြိမ်နေပြီး မတ်ပဲဈေးနှုန်းမှာ ၂၆၀၀ ကျပ် ကျဆင်းလာကြောင်းနှင့် ရေထွက်ကုန်အများစုမှာ အမျိုးအစား၊ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်း အနည်းငယ် အတက်/အကျ ဖြစ်ပေါ်နေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

# ဗီယက်နမ်နိုင်ငံရှိ ဘဏ်များက eTax Mobile Application ဝန်ဆောင်မှုမိတ်ဆက်

ဗီယက်နမ်နိုင်ငံအစိုးရသည် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ ပိုမိုလွယ်ကူချောမွေ့စေရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ယခုအခါ ဗီယက်နမ်နိုင်ငံ အလုံးစုံ အခွန်စည်းကြပ်ကောက်ခံမှုဦးစီးဌာန (General Department of Taxation-GDT)နှင့် ဗီယက်နမ်နိုင်ငံရှိဘဏ်များပူးပေါင်း၍ eTax Mobile Application ကိုဖန်တီးကာ အခွန်ထမ်းများအား စတင်မိတ်ဆက် အသုံးပြုနေပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံရှိ ဘဏ်များစွာရှိသည့်အနက် ဘဏ်ခြောက်ခုသည် eTax Mobile Application မှတစ်ဆင့် အွန်လိုင်းအသုံးပြု၍ အခွန်ငွေပေးသွင်းမှုများကို လုပ်ဆောင်နိုင်စေရန် ဘဏ်ဝန်ဆောင်မှု အသုံးပြုသူများအတွက်စာရင်း (Account) များအား စတင် ဖွင့်လှစ်ပေးနေပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်အထိ စာရင်းများအရ BIDV, VCB SCB ACB HDBank နှင့် TPBank အပါအဝင် ဘဏ်များသည် eTax Mobile Application မှတစ်ဆင့် အခွန်အာဏာပိုင် (အခွန်ဝန်ထမ်း) များနှင့်အတူ ၎င်းတို့၏ Customer များအတွက် ဗီယက်နမ်ဒေါင် ဘီလီယံ၁၉၀ ထက် ပိုမိုများပြားသည့် ပမာဏရှိသည့် အချက်အလက်များအား ပြောင်းရွှေ့မှု (Transaction) ၂၉၀၀၀ ခန့် ပြုလုပ်ခဲ့သည်။

eTax Mobile Payment အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် အခြားဘဏ်များရှိကိန်းဂဏန်းအချက်အလက်များနှင့်အတူ အထောက်အထားများ မှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအတွက် သင့်လျော်ကောင်းမွန်သည့် အခြေအနေတစ်ရပ်အား ဖန်တီးပေးရန် ဖြည့်ဆည်းလုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ငွေသားလုံးဝ သုံးစွဲခြင်းမရှိသည့် ငွေပေးချေမှုများ (Non-cash Payment) အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ၂၀၂၅ ခုနှစ်၊ ဗီယက်နမ်နိုင်ငံ အမျိုးသားဒီဂျစ်တယ်စနစ် ကူးပြောင်းမှုဆိုင်ရာ အစီအစဉ် (National Digital Transformation Programme) တို့ကို တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စီမံချက်ချမှတ်၍ ဆောင်ရွက်သွားမည်ဟု ဗီယက်နမ်နိုင်ငံ အလုံးစုံ အခွန်စည်းကြပ်ကောက်ခံမှုဦးစီးဌာန (The General Department of Taxation-GDT) က ပြောကြားထားသည်။ eTax Mobile Application သည် စီးပွားရေး လုပ်ငန်းများအပါအဝင် တစ်ဦးချင်း အခွန်ထမ်း (အခွန်ပေးဆောင်သူ) များ လုံခြုံစိတ်ချရမှုနှင့် အာမခံချက်ရှိစေရေး အီလက်ထရွန်နစ်စနစ်ဖြင့် အခွန်စည်းကြပ်ကောက်ခံမှုပေးသည့် ဝန်ဆောင်မှု (Electronic Tax Service) ကိုပေးသော အခွန်လုပ်ငန်းနယ်ပယ် (Tax Industry) ၏ ဝန်ဆောင်မှုအားလုံးကို ပေါင်းစည်းထားသော ပလက်ဖောင်း (Integrated Platform) တစ်ခုအတွင်းရှိဝန်ဆောင်မှုပေးသည့်လမ်းကြောင်း (Service Channel) တစ်ခုဖြစ်သည်။ အဆိုပါ Application သည် အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအတွက် အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်းနှင့် ခေတ်မီအခွန်စည်းကြပ်ကောက်ခံသည့် ဝန်ဆောင်မှုများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့်ပုံစံ (An Ecosystem of Smart Tax Services) တစ်ခုဖြစ်ပေါ်လာစေရေး ဝန်ဆောင်မှု များစွာကို ထပ်မံဖြည့်စွက်ခြင်းဖြင့် အဆိုပါ Mobile Application အား တိုးချဲ့လုပ်ဆောင်သွားမည်ဟု ဗီယက်နမ်နိုင်ငံ အလုံးစုံအခွန်စည်းကြပ်ကောက်ခံမှုဦးစီးဌာန (GDT) ရှိ Information Technology Department ညွှန်ကြားရေးမှူးဖြစ်သည့် Pham Quang Toan က ပြောကြားခဲ့သည်။

အဆိုပါ Mobile Application အား အခြားသော လျှပ်စစ်မီး၊ ရေခ အစရှိသည်တို့ကို ကောက်ခံသည့်ဝန်ဆောင်မှုလုပ်ငန်းများစွာနှင့် ချိတ်ဆက်လိုက်ပါက အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအတွက် လက်တွေ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်သော ခေတ်မီ Mobile Application များအဖြစ် စွယ်စုံအသုံးပြုနိုင်မည်ဖြစ်ကာ iOS နှင့် Android ပလက်ဖောင်းနှစ်မျိုးစလုံးတွင် အသုံးပြုနိုင်သော ခေတ်ရွှေ့ပြေးရည်မှန်းချက်တစ်ခုဆီသို့ ရည်ရွယ်မှန်းဆ၍ ဖန်တီးတည်ဆောက်ထားခြင်းဖြစ်သည်ဟု အခွန်ဦးစီးဌာန(GDT)က ပြောကြားထားသည်။

အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအား လွယ်ကူချောမွေ့စေရန် ကြိုးပမ်းလုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ Non-Cash Payment ရည်မှန်းချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ပေးရာ ရောက်မည်ဖြစ်ကြောင်း၊ အခွန်ဦးစီးဌာန (GDT) အနေဖြင့် စီးပွားရေး လုပ်ငန်းများအပါအဝင် တစ်ဦးချင်းအခွန်ထမ်း(အခွန်ပေးဆောင်သူ) များအား အီလက်ထရွန်နစ်စနစ်ကို အသုံးပြုခြင်းဖြင့် eTax Mobile Application ပေါ်မှတစ်ဆင့် နိုင်ငံတော်သို့ အခွန်ငွေပေးသွင်းမှုများ လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်စေရန် ဘဏ်အားလုံးနှင့် ချိတ်ဆက်၍ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအချိန်ထိ ဗီယက်နမ်နိုင်ငံအနှံ့အပြားရှိ အခွန်ရုံးများတွင် အခွန်ထမ်း (အခွန်ပေးဆောင်သူ) များအား eTax Mobile Application ကို အသုံးပြုနိုင်စေရန် ကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။

**Source: Vietnam News**

**ပြည့်ဖြိုးအောင်(စီမံ/ဘဏ္ဍာ)**

## ပြည်ပဆန်ဈေးနှုန်းများ

၁၃-၇-၂၀၂၂ မှ ၁၉-၇-၂၀၂၂ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 370 - 375 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 365 - 370 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 355 - 360 | |
| 7 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 345 - 350 | |
| 8 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 325 - 330 | |
| 9 | Myanmar Long Grain White Rice (Emata) 25% Broken (Reasonable Well Milled)( For Africa) | 320 - 325 | |
| 10 | Myanmar Long Grain Brown Rice 5% Broken | 340 - 350 | |
| 11 | Myanmar Long Grain Brown Rice 10% Broken | 335 - 340 | |
| 12 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 385 - 390 | |
| 13 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 380 - 385 | |
| 14 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 375 - 380 | |
| 15 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 370 - 375 | |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 370 - 375 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 390 - 395 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 385 - 390 | |
| 22 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 380 - 385 | |
| 23 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 375 - 380 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 390 - 395 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 385 - 390 | |
| 26 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 380 - 385 | |
| 27 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 375 - 380 | |
| 28 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 430 - 435 | |
| 29 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 425 - 430 | |
| 30 | Myanmar Long Grain Parboiled Brown Rice 5% Broken | 395 - 405 | |
| 31 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 430 - 435 | |
| 32 | Myanmar Glutinous Rice 5% Broken | 380 - 400 | |
| 33 | Myanmar Glutinous Rice 10% Broken | 360 - 380 | |
| | Myanmar Glutinous Rice 15% Broken | 350 - 360 | |
| 34 | A-1 , 2 (Sortexed) | 325 - 335 | |
| 35 | B-1 , 2 (Sortexed) | 320 - 325 | |
| 36 | B-1,2 (Non-Sortexed) | 315 - 320 | |
| 37 | B-2,3,4 (Non-Sortexed) | 310 - 315 | |
| 38 | 100% Broken Rice Softexed Reject (Animal Feed) | 300 - 305 | |
| 39 | 100% Parboiled Broken Rice Sortexed Reject | 300 - 305 | |
| 40 | 100% Parboiled Broken (B-1,2) | 300 - 305 | |
| 41 | 100% Brown Rice Broken (B-1,2) | 300 - 305 | |
| 42 | Parboiled Rice Reject (Grade 2) | 305 - 315 | |
| 43 | Glutinous Broken Rice (Sortexed) | 330 - 340 | |
| 44 | Paw San 5% Broken | 575 | |
| 45 | Paw San 10% Broken | 560 | |
| 46 | Paw San 15% Broken | 550 | |
| 47 | Paw San 100% Broken | 325 - 330 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၃ နိုင်ငံအနက် မဒါဂတ်စကားနိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၄၃ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဘေလီဇ်နိုင်ငံတွင် ၃၀ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဘဟားမားနိုင်ငံတွင် ၇ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ခရိုအေးရှားနိုင်ငံတွင် ၇ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ အန်ဒိုရာ၊ ဘာဘေဒို၊ ဘူတန်၊ အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်၊ လူဇင်ဘတ်၊ စပိန်နှင့် တူရကီ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၃ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ထိုင်ဝမ်၊ ဂျပန်၊ အိုင်ယာလန်၊ ဆွစ်ဇာလန်၊ ပိုလန်၊ ဟန်ဂေရီ၊ လက်ဘနွန်၊ နယ်သာလန်၊ ဂရိနှင့် ပြင်သစ် အပါအဝင် နိုင်ငံပေါင်း ၃၆ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၉ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး စင်ကာပူနိုင်ငံတွင် ၆ ဒသမ ၀၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၈ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၉ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းလျက်ရှိကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၃၃ နိုင်ငံအနက် မဒါဂတ်စကားနိုင်ငံသည် ယခင်တစ်ပတ်ထက် ၄၄ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှုအမြင့်ဆုံး နိုင်ငံဖြစ်ခဲ့ပြီး အာဖဂန်နစ္စတန်တွင် ၁၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဘဟားမားနိုင်ငံတို့တွင် ၉ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဘာဘေဒို၊ ဘီနင်၊ အီကွေဒေါ၊ ဂျော်ဒန်၊ ကင်ညာ၊ ဆားဘီးယား၊ တောင်အာဖရိကနှင့် ဆွီဒင် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၂ နိုင်ငံတို့တွင် ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ ထိုင်ဝမ်၊ ယူကရိန်း၊ ဘရာဇီး၊ ဂျာမနီ၊ ပြင်သစ်နှင့် နော်ဝေ အပါအဝင် နိုင်ငံပေါင်း ၃၈ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၀ ဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၁၂ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်လျက်ရှိပြီး ထိုင်း နိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၃ ဒသမ ၃၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၃ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၁၀ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ကျဆင်းလျက်ရှိကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ် နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၂၂ | ၁.၃၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၁.၂၃ | ၁.၄၆ |

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 12-Jul-22 | 18.58 cts/lb | 18.41 cts/lb | 560.45 $/T | 25.42 cts/lb |
| 11-Jul-22 | 18.75 cts/lb | 18.43 cts/lb | 556.65 $/T | 25.25 cts/lb |
| 8-Jul-22 | 18.85 cts/lb | 18.43 cts/lb | 556.10 $/T | 25.22 cts/lb |
| 7-Jul-22 | 18.40 cts/lb | 18.43 cts/lb | 545.10 $/T | 24.73 cts/lb |
| 6-Jul-22 | 17.96 cts/lb | 18.45 cts/lb | 543.45 $/T | 24.65 cts/lb |
| 5-Jul-22 | 17.81 cts/lb | 18.50 cts/lb | 537.10 $/T | 24.36 cts/lb |
| 4-Jul-22 | 17.96 cts/lb | 18.57 cts/lb | 544.00 $/T | 24.68 cts/lb |
| 1-Jul-22 | 18.10 cts/lb | 18.63 cts/lb | 539.20 $/T | 24.46 cts/lb |
| 30-Jun-22 | 18.49 cts/lb | 18.69 cts/lb | 545.60 $/T | 24.61 cts/lb |
| 29-Jun-22 | 18.61 cts/lb | 18.76 cts/lb | 542.50 $/T | 24.55 cts/lb |
| 28-Jun-22 | 18.60 cts/lb | 18.80 cts/lb | 541.20 $/T | 24.12 cts/lb |
| 27-Jun-22 | 18.37 cts/lb | 18.85 cts/lb | 531.85 $/T | 24.20 cts/lb |
| 24-Jun-22 | 18.42 cts/lb | 18.94 cts/lb | 533.45 $/T | 24.45 cts/lb |
| 23-Jun-22 | 18.45 cts/lb | 19.01 cts/lb | 538.95 $/T | 24.46 cts/lb |
| 22-Jun-22 | 18.59 cts/lb | 19.09 cts/lb | 539.30 $/T | 24.78 cts/lb |
| 21-Jun-22 | 18.84 cts/lb | 19.16 cts/lb | 546.30 $/T | 25.02 cts/lb |
| 20-Jun-22 | 18.81 cts/lb | 19.21 cts/lb | 551.65 $/T | 24.88 cts/lb |
| 17-Jun-22 | 18.78 cts/lb | 19.27 cts/lb | 548.40 $/T | 24.74 cts/lb |
| 16-Jun-22 | 18.74 cts/lb | 19.34 cts/lb | 545.40 $/T | 24.85 cts/lb |
| 15-Jun-22 | 18.65 cts/lb | 19.41 cts/lb | 547.95 $/T | 25.16 cts/lb |
| 14-Jun-22 | 18.89 cts/lb | 19.49 cts/lb | 554.75 $/T | 25.04 cts/lb |
| 13-Jun-22 | 18.95 cts/lb | 19.56 cts/lb | 551.95 $/T | 25.10 cts/lb |
| 10-Jun-22 | 19.13 cts/lb | 19.62 cts/lb | 553.40 $/T | 25.63 cts/lb |
| 9-Jun-22 | 19.55 cts/lb | 19.69 cts/lb | 565.10 $/T | 25.06 cts/lb |
| 8-Jun-22 | 19.27 cts/lb | 19.71 cts/lb | 552.40 $/T | 25.06 cts/lb |
| 7-Jun-22 | 19.26 cts/lb | 19.76 cts/lb | 554.45 $/T | 25.15 cts/lb |
| 6-Jun-22 | 19.79 cts/lb | 19.82 cts/lb | 579.70 $/T | 26.29 cts/lb |
| 1-Jun-22 | 19.66 cts/lb | 19.76 cts/lb | 565.05 $/T | 25.63 cts/lb |
| 31-May-22 | 19.61 cts/lb | 19.69 cts/lb | 561.25 $/T | 25.46 cts/lb |
| 30-May-22 | 0.00 cts/lb | 19.58 cts/lb | 565.70 $/T | 25.66 cts/lb |
| 27-May-22 | 19.79 cts/lb | 19.58 cts/lb | 559.40 $/T | 25.37 cts/lb |
| 26-May-22 | 19.74 cts/lb | 19.55 cts/lb | 556.70 $/T | 25.25 cts/lb |

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် မေ ၂၆ ရက်တွင် အမေရိကန်ဒေါ်လာ ၅၅၆ ဒသမ ၇၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဇူလိုင် ၁၂ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀ ဒသမ ၄၅ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၈ ရက် အထိ (ယာယီ) စာရင်းများအရ သကြားတန်ချိန် တစ်သောင်းခြောက်ထောင်ကျော်ကို ပင်လယ်ရေကြောင်းမှ ဗီယက်နမ်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိကြောင်း တွေ့ရှိရသည်။ ဗီယက်နမ် သကြားဈေးကွက်သို့ ထိုင်းနှင့် အခြားနိုင်ငံများမှ သကြားများ ဝင်ရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ စက်မှုဝန်ကြီးဌာနမှ ပြည်တွင်းလုပ်ငန်းများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန်အတွက် သကြားတင်သွင်းမှုများကို anti-dumping duty လုပ်ဆောင်လျက်ရှိပြီး မိမိနိုင်ငံမှ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှစ၍ သကြားတင်ပို့မှု ရပ်နားခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်ပတ်မှစ၍ပင်လယ်ရေကြောင်းမှ သကြားပြန်လည် တင်ပို့မှုရှိနေကြောင်း တွေ့ရှိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင်ဒုတိယပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၇၃ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၇၇ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၉၁-၄၀၂ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၂၄-၅၃၅ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ မြင့်တက်နေခဲ့ပြီး တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ ကျဆင်းနေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင်ဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၇၃ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၄၃ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၇ ဝန်းကျင်ခန့် ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၂၀၀၀ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ဒုတိယပတ်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၆ ဒသမ ၃၉ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၃၂ | ၀.၉၆ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၃၀ | ၁.၁၅ |
| ၅ | စင်ကာပူ | လီတာ | ၂.၁၃ | ၂.၀၄ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၄၉ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၅၄ | ၁.၅၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၅၈ | ၁.၅၅ |
| ၉ | လာအို | လီတာ | ၁.၈၇ | ၁.၃၅ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၂၂ ဒေါ်လာနှုန်းဖြင့် ၁၉ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၃၂ ဒေါ်လာနှုန်းဖြင့် ၇၀ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | လစ်ဗျား | လီတာ | ၀.၀၃ | ဟောင်ကောင် | လီတာ | ၃.၀၂ |
| ၂ | အီရန် | လီတာ | ၀.၀၅ | အိုက်စလန် | လီတာ | ၂.၄၇ |
| ၃ | ဆီးရီးယား | လီတာ | ၀.၂၉ | နော်ဝေ | လီတာ | ၂.၄၀ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၁ | အစ္စရေး | လီတာ | ၂.၃၈ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | ဒိန်းမတ် | လီတာ | ၂.၃၅ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၈၂ |
| ၂ | လစ်ဗျား | လီတာ | ၀.၀၃ | ဆွီဒင် | လီတာ | ၂.၄၇ |
| ၃ | ဆီးရီးယား | လီတာ | ၀.၁၃ | အိုက်စလန် | လီတာ | ၂.၄၄ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၇ | ဆွစ်ဇာလန် | လီတာ | ၂.၃၈ |
| ၅ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၁၉ | UK | လီတာ | ၂.၃၆ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၄၀ | ၁.၂၆ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၃၁ | ၁.၁၈ |

## DOT (P&S)

ကမ္ဘာ့ထိပ်တန်းရေနံတင်သွင်းသည့် နိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် ကိုဗစ်ကူးစက်မှုများ ထပ်မံဖြစ်ပွားလာခြင်းနှင့် ကမ္ဘာ့စီးပွားရေး ကျဆင်းလာနိုင်မည့် အရိပ်အယောင်များကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၃၀ ထိ ဈေးနှုန်းကျဆင်းလာခဲ့သည်ကို သိရှိရသည်။ Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၇.၇.၂၀၂၂ | စည် | ၁၀၂.၇၃ |
| ၂ | ၈.၇.၂၀၂၂ | စည် | ၁၀၄.၇၉ |
| ၃ | ၁၁.၇.၂၀၂၂ | စည် | ၉၅.၈၄ |
| ၄ | ၁၃.၇.၂၀၂၂ | စည် | ၉၆.၃၀ |

source : http://www.oil-price.net/

စာမျက်နှာ ၁၈ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်(၁၉) ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၄၂ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇူလိုင် ၁၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၂၇ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည် ဇူလိုင် ၇ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၀၄၇၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဇူလိုင် ၁၃ ရက်တွင် ကျပ် ၂၀၄၂၀၀၀ သို့ အတက်အကျဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၂ ခုနှစ် ဇွန် ၁ ရက်မှ ဇူလိုင် ၁၃ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၆.၂၀၂၂ | ၂၀၄၅၀၀၀ | ၁၈၃၃ |
| ၂ | ၂.၆.၂၀၂၂ | ၂၀၄၉၀၀၀ | ၁၈၄၈ |
| ၃ | ၃.၆.၂၀၂၂ | ၂၀၄၇၅၀၀ | ၁၈၆၆ |
| ၄ | ၆.၆.၂၀၂၂ | ၂၀၄၇၀၀၀ | ၁၈၅၂ |
| ၅ | ၇.၆.၂၀၂၂ | ၂၀၄၅၀၀၀ | ၁၈၄၄ |
| ၆ | ၈.၆.၂၀၂၂ | ၂၀၄၇၀၀၀ | ၁၈၅၀ |
| ၇ | ၉.၆.၂၀၂၂ | ၂၀၅၀၀၀၀ | ၁၈၅၀ |
| ၈ | ၁၀.၆.၂၀၂၂ | ၂၀၄၈၅၀၀ | ၁၈၄၅ |
| ၉ | ၁၃.၆.၂၀၂၂ | ၂၀၅၂၅၀၀ | ၁၈၅၇ |
| ၁၀ | ၁၄.၆.၂၀၂၂ | ၂၀၅၀၀၀၀ | ၁၈၂၉ |
| ၁၁ | ၁၅.၆.၂၀၂၂ | ၂၀၄၉၀၀၀ | ၁၈၂၁ |
| ၁၂ | ၁၆.၆.၂၀၂၂ | ၂၀၅၆၀၀၀ | ၁၈၂၉ |
| ၁၃ | ၁၇.၆.၂၀၂၂ | ၂၀၅၅၀၀၀ | ၁၈၄၉ |
| ၁၄ | ၂၀.၆.၂၀၂၂ | ၂၀၅၃၀၀၀ | ၁၈၄၀ |
| ၁၅ | ၂၁.၆.၂၀၂၂ | ၂၀၄၉၅၀၀ | ၁၈၃၇ |

စာမျက်နှာ ၁၈ သို့

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၃ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၉ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၂ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၃ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၁၈ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဒေါ်လာဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင် နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ ကျဆင်းနေခဲ့ကာ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၈ ရက် အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲတင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၃၈၆၅၈၉ ဒသမ ၅၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၃၄၂ သန်း၊ ဆန်ကွဲတန်ချိန် ၂၅၁၅၉၂ ဒသမ ၈၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၉၇၈ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၆၃၈၁၈၂ ဒသမ ၄၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၁၈ ဒသမ ၃၂၀ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၂၉၅၉၆၁ ဒသမ ၄၆၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၂၈၇ သန်း၊ ဆန်ကွဲ တန်ချိန် ၂၄၉၄၅၁ ဒသမ ၉၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၂၅၈ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၅၄၅၄၁၃ ဒသမ ၄၄၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၀၂ ဒသမ ၅၄၅ သန်းဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၉၀၆၂၈ ဒသမ ၀၈၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၀၅၅ သန်း ပိုမိုတင်ပို့ခဲ့ကြောင်း၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲ တန်ချိန် ၂၁၄၀ ဒသမ ၈၇၀ တန် ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၀ သန်း လျော့နည်း တင်ပို့ခဲ့သည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၇၈ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ % ဆန် တစ်အိတ်လျှင် ၃၁၉၇၀ ကျပ်မှ ၃၃၃၆၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၆၀ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၂၁၅၀ နှင့် မကွေးမြို့တွင် ကျပ် ၁၉၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး တောင်ကြီးနှင့် ဘားအံမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၄၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်ဒုတိယပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းသည် ယခင်တစ်ပတ် နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။


BENHUR
BENHUR Co.,Ltd
BENHUR
BENHUR
Head Office : No. (3), Mindama Road, Hlaing Township, Yangon, Myanmar.
Hotline : 09-678000067, Email: info@benhurtrading.com
Mandalay : No.891, Chan Mya Tha Yar Quarter, Pyigyitagon Township, Mandalay, Myanmar.
Email: benhurmdybranch@gmail.com, Website: www.benhurtrading.com
American Standard
GROHE
SOLEX
ecco
NOBILI
Polywood
DEKKO
CAN
ARINO
Sensor Faucet
OCEANO
ANA
AWS
Advanced Water Systems
Hang
BAXI
Rheem
VIGLACERA
SOUTHERN CABLE


MKK Mya Kyoe Kyar (Whale Logistics) Co.,Ltd.
HEAD OFFICE
L-3, Shwe Zabe Housing, Bayint Naung Rd.,
Kamayut Tsp., Yangon, Myanmar.
Tel : +95-1-535571,+95-9-253663414
Fax : +95-1-1535571
Email : mkkwhalelogistics2012@gmail.com
BRANCH OFFICE
No.98, 38 Street, Between Merchant Rd.
and Maha Bandula Rd., Kyauktada Tsp.,
Yangon, Myanmar.
Tel : +95-1-252801


ZIN YAW PHYU AUTOMOBILE
Zin Yaw Phyu
Car Showroom
No(182), Insein Road, (9) Quarter, Hlaing Township, Yangon.
yadanaphyowaico@gmail.com
+95 9 49313782

# Excel International Trading Co., Ltd.

EXCEL INT'L







အားဖြည့်ဆန်



ဆန်နှင့် ဆန်ထွက်ပစ္စည်း ကြိတ်ခွဲ ရောင်းဝယ်ရေး



အသည်းပုံစပါးနှံ အမှတ်တံဆိပ်ပါသော အားဖြည့်ဆန်များကိုသာ ရွေးချယ်ဝယ်ယူစားသုံးကြပါရန်။

**Distributed by:**

EXCEL INTERNATIONAL TRADING CO., LTD.
Blk 79(B3-B3)# 101, Shwe Gone Daing Road, (Beside of SSC Women Center)
Bahan T/S, Yangon, Myanmar. Ph : 09 455041740, 09 765041740
+959 455041740
e-mial : excelintl.trading@gmail.com
http://www.facebook.com/myafradmin

**Produced By:**

SHWE LA WIN RICE MILL
No.467(B), Coner of Ka Naung Minthargyi Street and
Hla Theingi Street, Hlaing Thar Yar Township,
Yangon. Ph : 01-558552, 01- 554034.


# Super AK Manufacturing And Trading Compny Limited




Add : A/8, Bayint Naung Road, Pin LOne Yeik Mon Housing, North Dagon, Yangon Region, Myanmar
Ph : 095153950, 09785153950, 09765153950, 09775153950, 09955153950, 09965153950

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) . . . မှအဆက်

၂၀၂၂ ခုနှစ် မေ ၁၆ ရက်မှ ဇူလိုင် ၁၁ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၁၇၈၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၁၈၆၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၀၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၂၂၆၀ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်ကာ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးရန် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို ၂၅-၉-၂၀၂၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် အရောင်းဆိုင် ၇၂ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် အရောင်းဆိုင် ၃၈ ဆိုင်နှင့် နေပြည်တော်တွင် အရောင်းဆိုင် ရှစ်ဆိုင်တို့တွင် သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၃၅၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၄၀၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၀၂၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၉၅၅ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၁၉၃၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၀၀ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၁၉၄၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၀၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၅၀ ကျပ် ကျဆင်းလာခဲ့ပြီး ဒီဇယ် တစ်လီတာလျှင် ၁၄၀ ကျပ်သို့ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။




## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း . . . မှအဆက်

| | | | |
|---|---|---|---|
| ၁၆ | ၂၂.၆.၂၀၂၂ | ၂၀၅၁၀၀၀ | ၁၈၂၈ |
| ၁၇ | ၂၃.၆.၂၀၂၂ | ၂၀၅၅၀၀၀ | ၁၈၃၇ |
| ၁၈ | ၂၄.၆.၂၀၂၂ | ၂၀၅၄၀၀၀ | ၁၈၂၈ |
| ၁၉ | ၂၇.၆.၂၀၂၂ | ၂၀၅၃၅၀၀ | ၁၈၃၅ |
| ၂၀ | ၂၈.၆.၂၀၂၂ | ၂၀၅၄၅၀၀ | ၁၈၂၇ |
| ၂၁ | ၂၉.၆.၂၀၂၂ | ၂၀၅၈၅၀၀ | ၁၈၁၇ |
| ၂၂ | ၃၀.၆.၂၀၂၂ | ၂၀၅၉၀၀၀ | ၁၈၁၇ |
| ၂၃ | ၁.၇.၂၀၂၂ | ၂၀၆၈၅၀၀ | ၁၇၉၄ |
| ၂၄ | ၄.၇.၂၀၂၂ | ၂၀၆၉၀၀၀ | ၁၈၀၈ |
| ၂၅ | ၅.၇.၂၀၂၂ | ၂၀၆၂၅၀၀ | ၁၈၀၄ |
| ၂၆ | ၆.၇.၂၀၂၂ | ၂၀၆၀၀၀၀ | ၁၇၆၈ |
| ၂၇ | ၇.၇.၂၀၂၂ | ၂၀၄၇၀၀၀ | ၁၇၄၂ |
| ၂၈ | ၈.၇.၂၀၂၂ | ၂၀၄၇၀၀၀ | ၁၇၄၁ |
| ၂၉ | ၁၁.၇.၂၀၂၂ | ၂၀၅၈၀၀၀ | ၁၇၃၇ |
| ၃၀ | ၁၃.၇.၂၀၂၂ | ၂၀၄၂၀၀၀ | ၁၇၂၇ |

Source: estimate of world's exchange rate and gold price page/ YGEA page

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် ၁၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားခဲ့ပြီး ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank က ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါ သည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၇-၇-၂၀၂၂ | ၈-၇-၂၀၂၂ | ၁၁-၇-၂၀၂၂ | ၁၃-၇-၂၀၂၂ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၈၅၀.၀ | ၁၈၅၀.၀ | ၁၈၅၀.၀ | ၁၈၅၀.၀ | ၀.၀၀ | |
| ၂ | Thai Baht | THB | ၃၆.၁၆၅ | ၃၆.၀၂၅ | ၃၆.၁၁၀ | ၃၆.၁၈၀ | ၀.၀၄ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၄၀၁ | ၁.၄၀၄ | ၁.၄၀၂ | ၁.၄၀၆ | ၀.၃၆ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၄၂၈ | ၄.၄၂၇ | ၄.၄၂၇ | ၄.၄၃၃ | ၀.၁၁ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၉၉၆ | ၁၄၉၇၇ | ၁၄၉၇၂ | ၁၄၉၈၇ | -၀.၀၆ | ⬇ |
| ၆ | Chinese Yuan | CNY | ၆.၇၀၄ | ၆.၇၀၆ | ၆.၇၀၆ | ၆.၇၂၁ | ၀.၂၅ | ⬆ |
| ၇ | Indian Rupee | INR | ၇၉.၂၂၉ | ၇၉.၃၁၁ | ၇၉.၃၇၉ | ၇၉.၆၂၁ | ၀.၄၉ | ⬆ |
| ၈ | Japanese Yen | JPY | ၁၃၆.၁၄၀ | ၁၃၅.၈၇၀ | ၁၃၆.၉၈၆ | ၁၃၇.၁၀၈ | ၀.၇၁ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၄၆၇ | ၁.၄၆၇ | ၁.၄၇၂ | ၁.၄၇၄ | ၀.၄၈ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၈၂ | ၀.၉၈၉ | ၀.၉၈၉ | ၀.၉၉၆ | ၁.၄၃ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၈၃၆ | ၀.၈၃၇ | ၀.၈၃၇ | ၀.၈၄၁ | ၀.၆၀ | ⬆ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၈၅၀ ကျပ် ဖြစ်ပေါ်နေခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် မတ် ၂၉ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲ ခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၂၁၈၅၊ ဇူလိုင် ၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၂၁၈၀၊ ဇူလိုင် ၁၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာ လျှင် ကျပ် ၂၁၈၅ နှင့် ဇူလိုင် ၁၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၂၁၉၀ ရှိနေကြောင်း လေ့လာသိရှိရသည်။

# တရုတ်နိုင်ငံ ရှန်းကျန်းအထူးစီးပွားရေးဇုန်၏ စက်မှုလုပ်ငန်းကဏ္ဍ၊ စီးပွားရေးလည်ပတ်ပုံနှင့် မူဝါဒ

လဲ့လဲ့နှင်း(MYANTRADE)

တရုတ်နိုင်ငံ အရှေ့တောင်ဘက်ရှိ ရှန်းကျန်းမြို့သည် အထူးစီးပွားရေးဇုန်များအနက် အစောဆုံး တည်ထောင်ခဲ့သည့် မြို့ဖြစ်ပြီး လက်ရှိစီးပွားရေးယှဉ်ပြိုင်မှု အားအကောင်းဆုံး ထိပ်ဆုံး ၁၀ မြို့စာရင်းမှာ ပါဝင်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ ဆီလီကွန် တောင်ကြားဟု လူသိများသည့် ရှန်းကျန်းမြို့သည် အဆင့်မြင့်နည်းပညာလုပ်ငန်းစုများ အများဆုံး ရင်းနှီးမြှုပ်နှံထားသည်ကိုတွေ့ရပြီး တစ်ရှိန်ထိုး တိုးတက်လာနေသည့်မြို့ဖြစ်သည်။

ယဉ်ကျေးမှုတူညီပြီး စီးပွားရေးအချက်အချာကျသည့် ဟောင်ကောင်၏ မြောက်ဘက်ကပ်လျက်မှာ တည်ရှိခြင်းကြောင့် ဟောင်ကောင်ဘက်ကို စီးဝင်မည့် FDI များကပါ ရှန်းကျန်းဘက်ကို အလွယ်တကူ စီးဝင်လာခဲ့ကာ နှစ်စဉ် ကမ္ဘာတစ်ဝန်းက စီးပွားရေးလုပ်ငန်းရှင်များနှင့် ရွှေ့ပြောင်းလုပ်သား သန်းပေါင်းများစွာသည် ရှန်းကျန်းမြို့ကို အစုလိုက်အပြုံလိုက် အခြေချလာကြသည်။ တရုတ်၏တံခါးဖွင့်မှုအရ တံငါရွာလေးအဖြစ်မှ အောင်မြင်မှုရှိသော မက်ဂါစီးတီးအဖြစ် မြန်မြန်တိုးတက်လာခဲ့သော ရှန်းကျန်းသည် ရှန်ဟိုင်းနှင့်ပေကျင်းပြီးလျှင် တရုတ်နိုင်ငံ၏တတိယအကြီးဆုံးမြို့ဖြစ်သည်။ ကွမ်ကျိုးမြို့နှင့် ကီလိုမီတာ ၁၀၀သာကွာဝေးကာ ဟောင်ကောင်နှင့်လည်း ကပ်လျက်ရှိနေခြင်းကြောင့် ပုလဲမြစ်ဝှမ်းဒေသမှာလည်း အကြီးဆုံးမြို့ ဖြစ်လာသည်။

## ရှန်းကျန်း၏စီးပွားရေးအခြေအနေ(၂၀၂၁)

ရှန်းကျန်း၏ ၂၀၂၁ခုနှစ်အတွက် စီးပွားရေးကို သုံးသပ်ရာမှာ ၂၀၂၁ ခုနှစ် ဂျီဒီပီသည် ယွမ် ၃ ထရီလီယံကို ကျော်လွန်ခဲ့ကာ ၂၀၂၀ ပြည့်နှစ်ကထက် ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခြင်းကြောင့် သိသိသာသာ တိုးတက်လာသည်။ လူတစ်ဦးချင်း၏ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၅၈၈၉ ရှိခြင်းကြောင့် တရုတ်နိုင်ငံမှာ ဝင်ငွေအမြင့်ဆုံးရရှိသည့်မြို့ဖြစ်သည်။

သတင်းအချက်အလက်နှင့်နည်းပညာဝန်ဆောင်မှု ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းသည် ရှန်းကျန်း၏အဓိကဝန်ဆောင်မှုကဏ္ဍဖြစ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိသည့် ကုန်ထုတ်လုပ်မှု ကဏ္ဍကလည်း အရေးပါသောကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါသည်။


ရှန်းကျန်းသည် ကွမ်တုန်း-ဟောင်ကောင်-မကာအို မဟာပင်လယ်အော် ဖွံ့ဖြိုးတိုးတက်ရေးမူကြမ်း(GBA)အရ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မြို့လေးမြို့တွင် ပါဝင်ပြီး နည်းပညာနှင့်သုတေသနဖွံ့ဖြိုးမှုအတွက် ဗဟိုချက်တစ်ခုအဖြစ် သတ်မှတ်ခံရသည့်မြို့ဖြစ်သည်။ ရှန်းကျန်းဂျီဒီပီ၏ ၄ ရာခိုင်နှုန်းခန့်သည် သုတေသနကဏ္ဍမှဖြစ်ပြီး အဆင့်မြင့်နည်းပညာလုပ်ငန်းစုပေါင်း တစ်သောင်းကျော် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေခြင်းဖြစ်သည်။

## နိုင်ငံခြားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု

တရုတ်နိုင်ငံ၏အကြီးဆုံး ပို့ကုန်မြို့တော်ဖြစ်သည့် ရှန်းကျန်း၏ နိုင်ငံခြားကုန်သွယ်မှုအပိုင်းကို လေ့လာပါက ရှန်းကျန်းဆိပ်ကမ်းသည် ကမ္ဘာ့စတုတ္ထအကြီးဆုံး ဆိပ်ကမ်းဖြစ်ပြီး ကုန်သွယ်မှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ ပို့ကုန် ၁၃ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

ကိုဗစ်(၁၉)ကပ်ရောဂါ ကူးစက်ပြန့်ပွားခဲ့မှုအခြေအနေများကြောင့် ကန့်သတ်ချက်များစွာ ထုတ်ပြန်ထားရဆဲ နိုင်ငံများကနေ ဝန်ဆောင်မှုကဏ္ဍအတွက် အကျိုးအမြတ်များစွာရရှိခဲ့ပြီး ၂၀၂၁ခုနှစ်မှာ တရုတ်နိုင်ငံ၏ကုန်သွယ်မှုသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ အနည်းငယ် မြင့်တက်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ရှန်းကျန်းသည် ဟောင်ကောင်ကို အဓိကတင်ပို့ခဲ့ပြီး အာဆီယံကနေ အများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရှိရသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ FDI စီးဝင်မှုအနေဖြင့် ၂၀၂၁ ခုနှစ်မှာ စီမံကိန်းပေါင်း ၅၀၀၀ကျော် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ချေးငွေ၊ အခြေခံအဆောက်အအုံနှင့်အိမ်ခြံမြေအငှားဝန်ဆောင်မှုကဏ္ဍက ၂၈ ဒသမ ၇ ရာခိုင်နှုန်းနှင့် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးကတော့ သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ ဆော့ဖ်ဝဲနှင့် အိုင်တီဝန်ဆောင်မှုကဏ္ဍဖြစ်သည်။





## အဆင့်မြင့်နည်းပညာသုံး စက်မှုလုပ်ငန်းများ

နည်းပညာကဏ္ဍသည် ရှန်းကျန်း၏အဓိကစီးပွားရေးဗဟိုချက်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ၏ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာလည်း အရေးပါသည့်ကဏ္ဍတစ်ခုအနေဖြင့် ဦးဆောင်နေသည်။ Huawei၊ Tencent၊ ZTE နှင့် DJI တို့ကဲ့သို့ နည်းပညာကုမ္ပဏီကြီးများသည် ရှန်းကျန်း၌ အခြေစိုက် ဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်သည်။ ရှန်းကျန်း၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၂၁-၂၀၂၅)အရ ၂၀၂၅ ခုနှစ်မှာ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများမှ ဂျီဒီပီ ၃၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ ခန့်မှန်းထားသည်။

ယင်းစီမံကိန်းအရ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာအသုံးပြုလာသည့် စက်မှုလုပ်ငန်းများနှင့်စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ အကြံပြုမှုများ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ၊ အခြေခံအဆောက်အအုံများကို တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၁၃၄ ဒသမ ၅ ဘီလီယံနှင့် ဂျီဒီပီ၏ ၃၀ ဒသမ ၆ ရာခိုင်နှုန်းအထိ ရရှိခဲ့သည့်အတွက် ရှန်းကျန်းသည် ဦးတည်ထားသည့်ပမာဏအတိုင်း ရရှိခဲ့ကြောင်း ဆိုရမည်ဖြစ်သည်။

ရှန်းကျန်း၏ အဆင့်မြင့်နည်းပညာသုံး စက်မှုလုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အလမ်းအများဆုံးဖြစ်ပြီး နည်းပညာဆိုင်ရာ ကျွမ်းကျင်သူ အများဆုံးရှိသည့်နေရာလည်းဖြစ်လာသည်။ အဆင့်မြင့် နည်းပညာများ တီထွင်ဆန်းသစ်လာသည်နှင့်အညီ သတင်းအချက်အလက်နှင့် အသွင်ပြောင်းထုတ်ကုန်များ အသုံးပြုခြင်းမှ ဖြစ်ပေါ်လာနိုင်သည့် ဒေတာအသုံးပြုမှု၊ ယုံကြည်မှု၊ စားသုံးသူ အချက်အလက် လုံခြုံမှုနှင့် အခြားပြဿနာများ၊ စိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်လာပြီး ရှန်းကျန်းအထူးစီးပွားရေးဇုန်မှာ မှတ်ဉာဏ်တု (Artificial Intelligent)၊ အလိုအလျောက် မောင်းနှင်ခြင်း (autono mous driving)နှင့် သတင်းအချက်အလက်လုံခြုံမှု (data privacy)တို့ကဲ့သို့ နည်းပညာများအတွက် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကို ကနဦးချမှတ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် ရှန်းကျန်းစီးပွားရေးဇုန်သည် ကောင်းမွန်သောမူဝါဒများ ပေါ်ထွက်လာရေးနှင့်အကောင်အထည်ဖော်နိုင်ရေးအတွက် ရှေ့ဆောင်လမ်းပြအဖြစ် ရပ်တည်နေသည်။




## စက်မှုလုပ်ငန်းနှင့်ကုန်ထုတ်လုပ်မှုကဏ္ဍ

ကိုဗစ်(၁၉) ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ကုန်ထုတ်လုပ်မှုကို ထိခိုက်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်မှာ သိသိသာသာ ပြန်လည်တိုးတက်လာသည်ကို တွေ့ရခြင်းကြောင့် ရှင်းကျန်း၏အရေးပါသည့်ကဏ္ဍအဖြစ် ဆက်လက်လည်ပတ်နိုင်သည်ကို တွေ့ရှိရသည်။

အဆင့်မြင့်နည်းပညာသုံး ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ၂၀၂၀ ပြည့်နှစ်တွင် ၂ ရာခိုင်နှုန်းခန့်မှ ၂၀၂၁ ခုနှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်လာနိုင်သည်ကို တွေ့ရပြီး ယခင်နှစ်ကထက် သိသိသာသာ တိုးတက်လာခြင်းဖြစ်သည်။ နှစ်စဉ် ပင်မလုပ်ငန်းဝင်ငွေ ယွမ် သန်း ၂၀ နှင့်အထက်ရှိသည့် စက်မှုလုပ်ငန်းများ၏ အကျိုးအမြတ်များသည်လည်း ၂၀၂၁ ခုနှစ်မှာ ပြန်လည်မြင့်တက်လာခဲ့သည်။ လျှပ်စစ်စွမ်းအင်သုံးကားများ ထုတ်လုပ်ခြင်း၊ စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များ၊ စမတ်ဖုန်းများနှင့် သုံးဘက်မြင်ပုံနှိပ်ခြင်းကဲ့သို့အဆင့်မြင့်နည်းပညာသုံးကုန်ထုတ်လုပ်မှုလုပ်ငန်းများကနေ သိသိသာသာ ဝင်ငွေတိုးတက်ရရှိခဲ့ပါသည်။

ကမ္ဘာ့အကြီးဆုံး အီလက်ထရွန်နစ် အစိတ်အပိုင်းများ ထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သောFoxconn နှင့် လီသီယမ်-အိုင်းယွန်း ဘက်ထရီထုတ်လုပ်ရေးကို ကမ္ဘာ့ဈေးကွက်မှာ ဦးဆောင်လျက်ရှိသည့် Contemporary Amperex Technology Co., Limited (CATL)တို့သည် ရှန်းကျန်းအခြေစိုက်ကုမ္ပဏီကြီးများဖြစ်သည်။ အဆင့်မြင့်နည်းပညာသုံး ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် လုပ်သားအများဆုံး အသုံးပြုသည့်ကဏ္ဍတစ်ခုဖြစ်ပြီး လုပ်သား လေးသန်းကျော် အသုံးပြုထားကြောင်း သိရှိရသည်။

(ဆက်လက်ဖော်ပြပါမည်)

# ရွှေဘိုခရိုင်အတွင်း စပါး/ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များ၌ ဇူလိုင်လ ဒုတိယပတ်တွင် စပါး/ဆန်ဈေးနှုန်းမှာ အနည်းငယ် မြင့်တက်နေသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇူလိုင်လ ပထမပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၃၇၀၀၀၊ မန္တလေးသို့အိတ်ရေ၄၂၄၀၀၊နေပြည်တော်သို့အိတ်ရေ ၁၀၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၇၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ၇၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀၊ စုစုပေါင်းအိတ်ရေ ၁၀၅၄၀၀၊ တန်အားဖြင့် ၅၂၇၀တန် စီးထွက်ခဲ့သည်။ ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့အိတ်ရေ၄၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၄၆၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၁၁၀၀၀ ၊ ရှမ်း(တောင်)သို့ အိတ်ရေ ၁၀၀၀၀ ၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၁၀၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀ ၊ စုစုပေါင်းအိတ်ရေ ၁၂၂၀၀၀ ၊ တန်အားဖြင့် ၆၁၀၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၁၆၆၀၀၊ တန်အားဖြင့် ၈၃၀ တန်ပို၍ စီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ ဇူလိုင်လ ဒုတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၆၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ပြည်ပါ တစ်အိတ်လျှင်ကျပ် ၅၇၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၁၀၀၀၀၀၊ ရောမင်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၄၆၀၀၀၊ ၂၀၂၁-၂၀၂၂ခုနှစ်ထွက် နွေစပါး ရွှေဝါထွန်းစပါး တင်း၁၀၀လျှင်ကျပ်၆၅၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၂၈၅၀၀၊ ၇၄၇စပါးတင်း၁၀၀ လျှင် ကျပ် ၆၇၀၀၀၀၊ ၇၄၇ ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၂၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

အေးသီဂီစိုး(ရွှေဘို)

## ကမ္ဘာ့ကော်ဖီဈေးကွက် မြင့်တက်လာ၍ ပြည်တွင်းကော်ဖီစိုက်ကေများ တိုးချဲ့မည်

ကမ္ဘာ့ကော်ဖီဈေးကွက် မြင့်တက်လာသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ကော်ဖီအဓိကထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်လာစေရန် စိုက်ဧကများတိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း ကော်ဖီဗဟိုအဖွဲ့မှ သိရသည်။လက်ရှိကမ္ဘာ့ကော်ဖီကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်ရှိကာ International Coffee Organiza tion ၏ ခန့်မှန်းချက်များအရ ကမ္ဘာ့ကော်ဖီ သောက်သုံးမှုသည် လာမည့် ငါးနှစ်အတွင်းနှစ်စဉ် ၃ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း သိရသည်။

စီးပွားရေးတိုးတက်သည့် နိုင်ငံတစ်ခုအတွင်း တစ်ဦးချင်းဝင်ငွေ တိုးတက်လာသည်နှင့်အမျှ ကော်ဖီကို ပိုမိုသောက်သုံးလာကြရာ မြန်မာ့ကော်ဖီအနေဖြင့် နိုင်ငံတကာတွင် ဈေးကွက်ကောင်းတစ်ခုရရှိလာနိုင်သည်ဟု ဆိုသည်။

သို့ဖြစ်၍ သီးနှံစုံစိုက်ပျိုးနိုင်သော ဂေဟစနစ် အခြေအနေကောင်းများရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် ကော်ဖီစိုက်ဧကများ တိုးချဲ့ကာ အရည်အသွေးမြင့်မားသည့်ကော်ဖီများ ထုတ်လုပ်နိုင်ရေး ကိုစနစ်တကျစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် ကော်ဖီဗဟိုအဖွဲ့နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနများနှင့် ကော်ဖီထုတ်လုပ်မှုဆိုင်ရာပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း အာရေးဗီးကား (Arabica) ကော်ဖီထုတ်လုပ်နိုင်သည့် တောင်ကုန်း၊ တောင်တန်းဒေသများ၊ ရိုဘတ်စတာ (Robusta) ကော်ဖီများ ထုတ်လုပ်ရန် သင့်တော်သော မြေပြန့်ဒေသများ ရှိနေသော်လည်း လက်ရှိ ကော်ဖီထုတ်လုပ်မှုမှာ တစ်နှစ်လျှင် တန်ချိန် ၉၀၀၀ ကျော်ခန့်သာ ရှိနေဆဲဖြစ်၍ အထွက်နှုန်း တိုးလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ ကော်ဖီစိုက်ဧက စုစုပေါင်းနှစ်သိန်းကျော်ကို အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိသော်လည်း လက်ရှိတွင် ဧက၅၀၀၀၀ကျော်သာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကော်ဖီကို မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း သိရသည်။

## ပြီးခဲ့သည့်ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ချုပ်ပြီးအထည်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၁၇၄သန်းကျော် ရရှိထား

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ပြည်ပတင်ပို့သည့် ပို့ကုန်များအနက် ချုပ်ပြီးအထည်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၁၇၄ သန်းကျော်ဖြင့် ဝင်ငွေအများဆုံးရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၆ ရာခိုင်နှုန်းကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၁၁၇၄ ဒသမ ၈ သန်းရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်းကပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ကန်ဒေါ်လာ ၈၄၂ ဒသမ ၆ သန်းသာရရှိခဲ့ပြီး အဆိုပါကာလတူနှစ်ခုနှိုင်းယှဉ်ပါက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒုတိယ သုံးလပတ်သည် ယခင်နှစ်ကာလတူထက် ကန်ဒေါ်လာ ၃၃၂ ဒသမ ၂ သန်း ပိုမိုရရှိခဲ့သည်။

လက်ရှိမြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဂျပန်၊ တရုတ်၊ ကိုရီးယား၊ EUနိုင်ငံတို့မှCMPစနစ်ဖြင့်အော်ဒါအဓိကမှာယူနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါ နိုင်ငံများအနက် ဂျပန်နိုင်ငံသို့ ကန်ဒေါ်လာ ၈၃၄ သန်း၊ ကိုရီးယားသို့ ကန်ဒေါ်လာ ၃၉၉ သန်း၊ အမေရိကန်နိုင်ငံသို့ ကန်ဒေါ်လာ ၂၁၁ သန်းအထိ တင်ပို့ထားကြောင်းသိရသည်။

၂၀၁၈ ခုနှစ်တွင် ချုပ်ပြီးအထည် အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းကိုလေ့လာကြည့်မည်ဆိုပါက အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ ကန်ဒေါ်လာသန်း ၉၃၀၊ ယူကေသို့ ကန်ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ ကန်ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ ကန်ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ကန်ဒေါ်လာ ၁၅၈ သန်း၊ အီတလီသို့ ကန်ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန်နိုင်ငံသို့ ကန်ဒေါ်လာ ၁၄၅ သန်းအထိ တင်ပို့ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုကိုလေ့လာကြည့်ပါက ၂၀၁၀ ပြည့်နှစ် အထည်ချုပ်တင်ပို့မှုတွင် ကန်ဒေါ်လာ ၃၃၇သန်းသာရှိခဲ့ရာမှ ၂၀၁၄ခုနှစ်တွင် သုံးဆအထိ မြင့်တက်လာခဲ့ပြီး ဒေါ်လာတစ်ဘီလီယံနီးပါးအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းရှိအဓိကပို့ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း စသည်တို့အနက် CMP စနစ်ဖြင့် အထည်ချုပ်တင်ပို့မှုမှာ ပြည်ပတင်ပို့မှုအများဆုံးဖြစ်ပြီး ငါးနှစ်အတွင်းလေးဆကျော် တိုးမြှင့်တင်ပို့ထားကာ အထည်ချုပ်လုပ်ငန်းသည် ပို့ကုန်ကဏ္ဍ၌ အတိုးတက်ဆုံးဖြစ်ခဲ့ကြောင်းသိရသည်။၂၀၁၅ခုနှစ်တွင် ချုပ်ပြီး အထည်တင်ပို့မှုသည် ကန်ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံအထိရှိလာပြီး မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအထိရှိလာခဲ့ကြောင်း သိရသည်။

## နှမ်းနို့ထုတ်လုပ်မှုတွင် အရည်အသွေးကို အဓိကထားရန် လိုအပ်နေ

ပြည်တွင်းနွားနို့ထုတ်လုပ်မှုတွင် အရည်အသွေးပိုင်းဆိုင်ရာ ထိန်းချုပ်ထုတ်လုပ်မှုထက် အရေအတွက်ကိုသာဦးစားပေး ထုတ်လုပ်လာခြင်းကြောင့် လိုအပ်ချက်များရှိနေပြီး နွားနို့အရည်အသွေး ကျဆင်းလာကြောင်း ရန်ကုန်တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှသိရသည်။

နွားနို့အတွက် နို့စားနွားမွေးမြူသည့်အခါ၌ အရည်အသွေးထက် အရေအတွက်ကို ဦးစားပေးလာသောကြောင့် ရေရှည်တွင် နို့စားနွား မွေးမြူမှု၊ နွားနို့ထုတ်လုပ်မှုနှင့် သောက်သုံးမှုများ အခက်အခဲရှိလာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၇၈ခုနှစ်မှစတင်၍ကမ္ဘာ့ဘဏ်အကူအညီဖြင့် ပြင်သစ်၊ နယ်သာလန်၊ ဩစတြေးလျနိုင်ငံများမှ ဖရေရှန်၊ ဂျာစီ၊ ဂွမ်စီ၊ အေးရှားရား၊ နော်ဝေဂျင်ရွက်အပါအဝင် နို့စားနွား ခုနစ်မျိုးကို မွေးမြူခဲ့ပြီး အဓိကအားဖြင့် ဖရေရှန်နှင့် ဂျာစီနို့စားနွားကို အများဆုံး မွေးမြူလျက်ရှိကြောင်း သိရသည်။

ဖရေရှန်နှင့် ဂျာစီနို့စားနွားနှစ်မျိုးတွင် ဖရေရှန် တစ်ကောင်လျှင် ပျမ်းမျှအားဖြင့် နွားနို့ ၁၀ ပိဿာခန့်ထွက်ရှိသော်လည်း နွားနို့အရည်အသွေး ၃ ဒသမ ၅ ရာခိုင်နှုန်းသာပါရှိကာ ဂျာစီမှာ နွားနို့ ရှစ်ပိဿာခန့် ထွက်ရှိပြီး နွားနို့အရည်အသွေး ၅ ရာခိုင်နှုန်းအထိပါရှိကြောင်း သိရသည်။

နို့စားနွားတစ်ကောင်လျှင် တစ်နှစ်တစ်သားကျဖြင့် နို့ထွက်အား ကိုရက် ၃၀၀ သတ်မှတ်လေ့ရှိပြီး တစ်ရက်လျှင် နွားနို့ ငါးပိဿာ၊ ခြောက်ပိဿာမှ အမြင့်ဆုံး ၁၃ ပိဿာအထိထွက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် နို့စားနွားကောင်ရေ ၁၆၀၀၀ ခန့် မွေးမြူလျက်ရှိပြီး ဂျာစီနို့စားနွား ၂၀ ရာခိုင်နှုန်း၊ ဖရေရှန်နို့စားနွား ၈၀ရာခိုင်နှုန်း မွေးမြူလျက်ရှိကာ ထွက်ရှိလာသည့်နွားနို့များကို အင်းစိန်နွားနို့ဈေးကွက်နှင့် တာမွေနွားနို့ဈေးကွက်တို့မှတစ်ဆင့် နေ့စဉ်ဖြန့်ချိလျက်ရှိသည်။

အဆိုပါ နို့စားနွားမွေးမြူမှုသည် မျိုးရိုးဗီဇနှင့် အစာစားသုံးမှုပေါ်တွင် မူတည်သောကြောင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အရည်အသွေးကောင်းရရှိရေးအတွက် သင့်တင့်မျှတသော နို့စားနွားများကို မွေးမြူထုတ်လုပ်ရန် လိုအပ်လာကြောင်း သိရသည်။

အစာကျွေးပုံခြင်းတူညီသော်လည်း နို့ထွက်အရည်အသွေး မတူခြင်းသည် ၎င်းတို့၏မျိုးရိုးဗီဇကြောင့်ဖြစ်ပြီး အရည်အသွေး ကောင်းမွန်သော နွားနို့များ သောက်သုံးနိုင်ရန်အတွက် မျိုးရိုးဗီဇကောင်းသည့်နို့စားနွားများကိုမွေးမြူထုတ်လုပ်ရန် လိုအပ်ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံတွင် ဖရေရှန်နွားနှင့် ဂျာစီနွားကိုမျိုးစပ်၍ အီဝီမျိုးစိတ်သစ်ရရှိခဲ့ရာ နို့ထွက်အား အရည်အသွေးစွမ်းရည်ကိုမြှင့်တင်၍ နို့ထွက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ လက်ရှိမြန်မာနိုင်ငံအတွင်း နို့ဈေးနှုန်းတည်ငြိမ်ရန်မှာ အစာစရိတ်ပေါ်တွင် မူတည်နေပြီး နို့စားနွားတစ်ကောင်တွင် အစာအတွက် ၇၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

အစားအစာအတွက် မြက်ရရှိရန် သဘာဝမြေနေရာနှင့် စိုက်ပျိုးရန် မြေနေရာများ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခက်အခဲရှိလာနိုင်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မြက်စိုက်ပျိုးထုတ်လုပ်၍ မြက်ချဉ်ဖတ်နှင့် ပြောင်းချဉ်ဖတ်တို့ကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ချိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

## ရခိုင်ပြည်နယ်အတွင်း ကမာမွေးမြူရေးလုပ်ကွက် ၁၅၀၀၀ကျော်အထိ တိုးလာ

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် ဂွမြို့နယ်တို့တွင် ကမာမွေးမြူရေးလုပ်ကွက် ၁၅၀၀၀ ကျော်အထိ တိုးလာကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ခုနှစ်မှစတင်ကာ ကျောက်ဖြူနှင့်ဂွမြို့နယ်တို့တွင် ကမာမွေးမြူရေးလုပ်ကွက်ပေါင်း ၁၅၀၀၀ ခွဲခန့် စမ်းသပ်မွေးမြူခဲ့ရာ ထိန်းသိမ်းစောင့်ရှောက်စရိတ်သာ ကုန်ကျခဲ့ပြီး အစားအစာစရိတ်မကုန်ခဲ့သည့်အတွက် ယခုထပ်မံ၍ လုပ်ကွက်ပေါင်း ၁၅၀၀၀ ခွဲကျော်အထိ မွေးမြူလုပ်ကိုင်လာခြင်းဖြစ်ကာ လက်ရှိတွင် လုပ်ကွက်ပေါင်း၃၀၀၀၀ကျော်အထိရှိလာပြီဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၃ ရက်တွင် ပြောသည်။

“ဒီကမာတွေအတွက် အစားအစာကို ရေမြေသဘာဝကနေ ရရှိတဲ့အတွက် အစာဖိုးကုန်ကျစရိတ် အရမ်းသက်သာပါတယ်။ မြစ်၊ ချောင်းတွေကနေ မျောပါလာတဲ့ကပ်ပါးမိုးမွှားတွေကိုအစာအဖြစ်ကျွေးရတာပါ။အစာစရိတ် ကုန်ကျမှုမရှိတဲ့အတွက် စမ်းသပ်မွေးမြူတာ အခုအချိန်မှာ အောင်မြင်လာပြီဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ကမာများကိုမြစ်ဝ၊ ချောင်းဝများတွင် ဖောင်ဖွဲ့၍ မွေးမြူရခြင်းဖြစ်သောကြောင့် တစ်ပိုင်တစ်နိုင်မွေးမြူမှုများလာသည့်အတွက် လုပ်ကွက်များတိုးလာခြင်းဖြစ်သည်ဟုဆိုသည်။

ရေထွက်လုပ်ငန်းများကို အဓိကထားလုပ်ကိုင်နေသည့် ရခိုင်ပြည်နယ်အနေဖြင့် ၎င်းတို့ဒေသထွက်ကုန်များအား ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားပြည်နယ်နှင့်တိုင်းများထံ ဖြန့်ဖြူးတင်ပို့နေခြင်းဖြစ်ကာ အဓိကဝယ်ယူစားသုံးသည့်နေရာများမှာ ဟိုတယ်၊ မိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။ ယင်းပြည်နယ်ထွက် ကမာကောင်များကို လက်ရှိ၌ ရန်ကုန်ဈေးကွက်တွင် ဝယ်ယူမှုများပြားလာသော်လည်း လိုအပ်သလောက် ဈေးကွက်ထဲသို့ တင်ပို့ပေးနိုင်သည့်အခြေအနေမရှိသေးကြောင်း သိရသည်။

ထိုကမာကောင်များကို ဈေးကွက်အတွင်းအကောင်လိုက် ရောင်းချမှုရှိသလို အသားခွာ၍ ရောင်းချမှုများလည်းရှိကာ တစ်ကောင်လျှင် ကျပ် ၉၀၀ မှ ၁၅၀၀ ကြား ပေါက်ဈေးရှိနေကြောင်း သိရသည်။

လက်ရှိတွင် ရခိုင်ဒေသမှထွက်ရှိသည့်ကမာကောင်များကိုပြည်တွင်း၌သာ ရောင်းချနေပြီး နိုင်ငံခြားသို့ တင်ပို့နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

# စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြော

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန မြောင်းမြခရိုင်ဦးစီးမှူး ဦးဇော်လင်းအောင်နှင့် မြောင်းမြမြို့နယ် ဦးစီးမှူး ဦးလှထွဋ်ဦးတို့သည် ဇူလိုင် ၇ရက် မွန်းလွဲ ၂နာရီခွဲတွင် မြို့ပေါ်ရှိစက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူးက စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးသည့် လုပ်ငန်းရှင်များအား တရားမဝင် သွင်းကုန် စက်သုံးဆီ၊ ချောဆီများအား တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဖြင့် စစ်ဆေးဖော်ထုတ် အရေးယူ ဆောင်ရွက်နေကြောင်း၊ စက်သုံးဆီ၊ ဆီသယ်ဆောင်မှုများအား စောင့်ကြည့်စစ်ဆေးခြင်း၊ မြို့နယ်အလိုက် စက်သုံးဆီအရောင်းဆိုင် အရေအတွက်နှင့် လက္ကားဝယ်ယူသည့် ကုမ္ပဏီစာရင်းများ ကောက်ယူနေကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်စက်သုံးဆီ၊ ချောဆီများအား တင်သွင်းဖြန့်ဖြူးရောင်းချပါက အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ PPRD က နေ့စဉ်ထုတ်ပြန်ထားသော စက်သုံးဆီ ရည်ညွှန်းဈေးထက် ပိုမိုရောင်းချခြင်းမပြုရန် ထုတ်ပြန်ထားသောညွှန်ကြားချက်များအတိုင်း ရောင်းချကြရန် စက်သုံးဆီဆိုင်များသို့ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။

ဇူလိုင် ၇ ရက် နံနက် ၉ နာရီခွဲက လပွတ္တာခရိုင် လပွတ္တာမြို့နယ် မြို့နယ်တာဝန်ခံ ဦးမြင့်ဌေးသည် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့သည်။

ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက အိမ်မဲမြို့နယ်တွင် မြို့နယ် တာဝန်ခံ ဦးလေးလွင်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းကာ အိမ်မဲ အထက်ပိုင်းရပ်ကွက်၊ မြို့မ(၂)(အ-မ-က)ကျောင်းတွင် ကျောင်းသား/ကျောင်းသူ၊ ဆရာ/ဆရာမများအား စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြော ဆွေးနွေးခဲ့သည်။

မွန်းလွဲ ၁ နာရီတွင် မြောင်းမြခရိုင်ဦးစီးမှူး ဦးဇော်လင်းအောင်နှင့် မြို့နယ်ဦးစီးမှူး ဦးလှထွဋ်ဦးတို့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ မြို့မဈေးနှင့်ကူးတို့ဈေးများရှိ ကုန်မျိုးစုံဆိုင်များအား ကုန်အညွှန်းအမှတ်အသားပြည့်စုံမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီတွင် လပွတ္တာခရိုင် လပွတ္တာမြို့နယ် တာဝန်ခံ ဦးမြင့်ဌေးသည် အမှတ်(၆) ရပ်ကွက်၊ ကမ်းနားလမ်းရှိ ကုန်မျိုးစုံဆိုင်များတွင် ရောင်းချနေသော ဟင်းသီးဟင်းရွက်ဆီများတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ပါဝင်မှု ရှိမရှိ နယ်မြေဈေးကွက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် တာဝန်ခံ ဦးမင်းဇော်လတ်သည် စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းကာ မော်ကျွန်းမြို့နယ် ဗိုလ်ချုပ်ဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းချနေသောဆိုင်များသို့ ကုန်အညွှန်းအမှတ်အသားပြည့်စုံမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ကျွန်းမြို့၊ ဗိုလ်ချုပ်ဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းချနေသောဆိုင်များ၌ ဟင်းသီး/ဟင်းရွက်ဆီဘူးများ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်အမှတ် ၁/၂၀၂၁ ဖြင့် ဈေးကွက်အတွင်း အချို့သောစားသုံးဆီများကို ဟင်းသီးဟင်းရွက်ဆီ Vagetable Oil, Cooking Oil ဟူ၍ ဖော်ပြပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ စားသုံးသူများ ထင်ယောင်ထင်မှားမဖြစ်စေရေးနှင့် အခြေခံ လိုအပ်ချက်များအပေါ်တွင် စိတ်ကျေနပ်မှုရရှိစေရေးအတွက် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသည့် ဟင်းသီးဟင်းရွက်ဆီ အမျိုးအစားနှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံသောကုန်စည်၏အမျိုးအမည်ကို တိကျစွာ မြန်မာဘာသာဖြင့် ဖော်ပြရမည်။

ကုန်စည်၏အသားတင် ပမာဏနှင့် အရွယ်အစားတို့အား မြန်မာ့အလေးချိန်ယူနစ်ဖြစ်သော ပိဿာ၊ကျပ်သားတို့ကို မြန်မာဘာသာဖြင့် ဖော်ပြရမည်ဖြစ်ပြီး ၎င်းညွှန်ကြားချက်သည် ၂၀-၁၂-၂၀၂၁ ရက်နေ့မှထုတ်ပြန်သည့် ခြောက်လပြည့်မြောက်သည့်နေ့မှ စတင်ကာ အာဏာသက်ရောက်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းညွှန်ကြားချက်အပိုဒ်(၄)ကို လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်စုံဆိုင်ပိုင်ရှင်များအား အသိပေးပြောကြားစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**စိုးဝင်း(မြောင်းမြ)**

# ဂျပန်နိုင်ငံနှင့်ငွေကြေးဖောင်းပွမှု

ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးပြီးနိုင်ငံများသည် လက်ရှိဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုများကို တားဆီးနိုင်ရန်အတွက် တင်းကျပ်သော ငွေကြေးမူဝါဒဖြစ်စေရန် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ သို့သော် ဂျပန်နိုင်ငံသည်ကမ္ဘာ့နိုင်ငံ အများစုနှင့်မတူညီသည့် ငွေကြေးမူဝါဒကို ကျင့်သုံးပါသည်။ ဂျပန်ဗဟိုဘဏ်သည် ၂၀၁၆ခုနှစ်မှစတင်၍ သုညရာခိုင်နှုန်း အောက်သို့ လျှော့ချသည့် အတိုးနှုန်း (Negative Interest Rates) မူဝါဒကို ပြောင်းလဲကျင့်သုံးခဲ့သည်။

ငွေကြေးဖောင်းပွမှုနှုန်း ၈ ရာခိုင်နှုန်းကျော်ရှိသည့် အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့်နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂ ရာခိုင်နှုန်းကျော်သာရှိသည်။ လေ့လာဆန်းစစ်သူများက ဂျပန်နိုင်ငံ၏ မူဝါဒအတိုးနှုန်း(Policy Rate)သည် ၂၀၂၆ ခုနှစ်အထိ အနုတ်လက္ခဏာဖြစ်နေဦးမည်ဟု ခန့်မှန်းထားကြသည်။ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံနှင့်အခြားအဖွဲ့ဝင်နိုင်ငံများအကြား ငွေကြေးဆိုင်ရာမူဝါဒ ကွာခြားမှုသည် ယန်းငွေတန်ဖိုးကို တစ်နှစ်အတွင်း ၁၅ ရာခိုင်နှုန်းကျော် ကျဆင်းသွားစေခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာနှင့်စွမ်းအင်စရိတ်စကများရှိသော်လည်း ဂျပန်နိုင်ငံ၏ စွဲမြဲနေသော ငွေကြေးဖောင်းပွမှုနည်းခြင်းကို လိုလားသည့် အလေ့အထနှင့် ပြည်တွင်းဝယ်လိုအား နည်းပါးခြင်းများကြောင့် ဈေးနှုန်းဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေပါသည်။ ငွေကြေးတည်ငြိမ်မှုမရှိဘဲ ယန်းငွေတန်ဖိုး အကျဘက်သို့ ဦးတည်နေခြင်းသည် လုပ်ခလစာ နည်းမှုအပေါ်တွင် တစ်စိတ်တစ်ပိုင်း အကျိုးသက်ရောက်မှုရှိနေပါသည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံတွင် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း လုပ်ခလစာ ကျုံ့လာပြီး ကုန်ဈေးနှုန်းမြင့်တက်ခဲ့သည့်အတွက် ဂျပန်ပြည်သူများအကြား စိုးရိမ်မှု မြင့်တက်ခဲ့သည်။ အချိန်ပိုင်းနှင့်ကန်ထရိုက်လုပ်သားဦးရေသည် ဂျပန်နိုင်ငံရှိ အလုပ်အားလုံး၏သုံးပုံတစ်ပုံကျော်အထိ မြင့်တက်လာခြင်းနှင့် အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများ၏လုပ်ခလစာမြင့်မားမှုထက်အလုပ်အကိုင်အာမခံချက်ရှိရေးကိုအာရုံစိုက်နေခြင်းတို့သည် လုပ်ခလစာနည်းပါးရခြင်း၏အဓိကဇာစ်မြစ်များဖြစ်သည်။ ထို့ပြင် သက်ကြီးရွယ်အိုများ များပြားလာခြင်းနှင့် လူဦးရေလျော့နည်းလာခြင်းတို့ကြောင့်လည်း ဝယ်လိုအား ကျဆင်းမှုကို ဖြစ်စေပါသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(International Monetary Fund-IMF)၏စစ်တမ်းကောက်ယူချက်အရ ၂၀၂၁ ခုနှစ်အတွင်း ဂျပန်နိုင်ငံတွင် လူဦးရေသုံးသိန်းကျော် လျော့နည်းသွားသည်ကို တွေ့ရှိရသည်။

ဝန်ကြီးချုပ် ကီရှီတာသည် လုပ်ခလစာ တိုးမြှင့်ရေးကို အဓိကဦးစားပေးမူဝါဒတစ်ရပ်အဖြစ် ချမှတ်ထားသည်။ ဝန်ကြီးချုပ်က ယခုနှစ်တွင် ကျင်းပသည့် အလုပ်ရှင်၊ အလုပ်သမား လစာညှိနှိုင်းရေး နှစ်ပတ်လည်အစည်းအဝေး (The Annual Shuntō Wage Negotiations ) တွင် ကုမ္ပဏီကြီးများအား လုပ်ခလစာ ၃ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် ပြောကြားခဲ့သော်လည်း ကုမ္ပဏီများက ၂ ရာခိုင်နှုန်းကျော်သာတိုးမြှင့်ပေးရန် သဘောတူညီခဲ့ကြသည်။ ဂျပန်နိုင်ငံအစိုးရသည် လုပ်ခလစာတိုးမြှင့်ပေးရေးနှင့်စပ်လျဉ်း၍ အကောင်းဆုံး ကြိုးစားအားထုတ်သော်လည်း နှစ်စဉ် လုပ်ခလစာ တိုးပေးရန် ညှိနှိုင်းလေ့ရှိသည့် ဂျပန်လူမျိုးတို့၏အလေ့အထနှင့် အချိန်ပိုင်းအလုပ်သမား အများအပြားရှိနေခြင်း တို့ကြောင့် လုပ်ခလစာ တိုးမြှင့်ရေးကိစ္စရပ်ကို ညင်သာစွာ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

**Ref: FocusEconomics (မေအောင်လိန်း-MT)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# ဝဥစိုက်ပျိုး ဝင်ငွေတိုး

သိမ့်သိမ့်(ကလေး)

မိုးဦးကျကာလ ဇွန်လ မိုးပွင့်လေးများကျလာပြီးဆိုသည်နှင့် စိုက်ပျိုးရလွယ်ကူပြီး ဝင်ငွေတိုးစေသည့် Araceae (ခေါ်) ပိန်းမျိုးရင်းတစ်မျိုးဖြစ်သည့် "ဝဥ"ပင်များကို စီးပွားဖြစ် စိုက်ပျိုးလေ့ရှိကြသည်။ "ဝဥ" အပင်များသည် အပူပိုင်းဒေသများနှင့် အာဖရိကဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်ဖြစ်ထွန်းမှုရှိပြီး အအေးပိုင်း၊ တောင်ပေါ်ဒေသများတွင် စနစ်တကျ စိုက်ပျိုးဖြစ်ထွန်းမှုရှိသော အပင်တစ်မျိုးဖြစ်သည်။ ချင်းပြည်နယ် တောင်တန်းဒေသများတွင် ပေါက်ရောက်မှုပိုများပြီး ဝင်ငွေကောင်းကာ ကျန်းမာရေးနှင့်သင့်လျော်သည့် ဉအမျိုးအစားဖြစ်သည်။ ချင်းပြည်နယ်၌ ၂၀၂၂-၂၀၂၃ နှစ်အတွင်း ဝဥစိုက်ပျိုးမှုဧကအနေဖြင့် မတူပီမြို့တွင် ဧက ၂၆၀၀ နှင့်မင်းတပ်မြို့တွင် ဧက ၄၃၁၀စိုက်ပျိုးထားရှိကြောင်း သိရသည်။

"ဝဥ"သည် အတွင်းအသားရောင်များအနေဖြင့် အဖြူရောင်၊ အဝါရောင်နှင့် အနီရောင်ဟူ၍ အရောင်အမျိုးမျိုးရှိသည်။ "ဝဥ" အပင်သည် ရိုးတံရှည်ပြီး ချောမွတ်ကာ အဖြူကွက်လေးများနှင့် ရွက်ပြားကျယ်ပြန့်ပြီး အရွက်မျက်နှာပြင်ပေါ် ခွဆုံနေရာများတွင် မျိုးစေ့များ ထုတ်ပေးသော အပင်မျိုးနှင့် ပန်းခိုင်ထွက်ရှိကာ မျိုးစေ့ထုတ်ပေးသော အပင်ဟူ၍ ကွဲပြားမှုရှိသည်။ "ဝဥ"အဖြူမျိုးနှင့် အဝါမျိုးများသည် ချက်ချင်း ချက်ပြုတ်စားနိုင်ပြီး အနီမျိုးသည် ယားယံတတ်ကြောင်း သိရှိရသည်။

"ဝဥ" ပင်များကို ဇွန်လတွင် စတင်စိုက်ပျိုးလေ့ရှိပြီး ဇူလိုင်လတွင် အရွက်ဖားဖားနှင့် အပင်ဖြစ်ထွန်းတတ်ပြီး စက်တင်ဘာလခန့်တွင် ပင်စည်အရင်းဘက် မြေကြီးအတွင်း ဝဥများ ကြီးထွားလာကာ အောက်တိုဘာလပိုင်းတွင် အရွက်များပေါ်တွင် မျိုးဥသီးသည့် အဖြူမျိုးနှင့် ဖူးတံထွက်ကာ အသီးပန်းခိုင်သီးသည့် အဝါမျိုးများဖြစ်သည်။ အရွက်များပေါ်မှ ထွက်ရှိသည့် မျိုးဥများကို စနစ်တကျ ခူးဆွတ်ကာ မျိုးဥများအဖြစ် ပြန်လည်ရောင်းချကြသည်။"ဝဥ"အဝါရောင်မှ ထွက်လာသည့် ဖူးတံများသည် နိုဝင်ဘာနှောင်းပိုင်းတွင် အသီးများရင့်ကာ နီရဲနေသောအသီးများ မြေပေါ်ကြွေကျကာ မိုးဦးကျကာလတွင် အပင်များ ပေါက်ရောက်တတ်ပြီး မျိုးဆက် ပျံ့နှံ့လွယ်သည်။ "ဝဥ" များ တူးဖော်ရာတွင် ပင်စည်နှင့်အရွက်များ အဝါရောင်သန်းကာ အရွက်များ ညှိုးကျသည့် နိုဝင်ဘာလနှောင်းပိုင်းနှင့် ဒီဇင်ဘာလတွင် စတင်တူးဖော်နိုင်ပြီဖြစ်သည်။

"ဝဥ"ပင်များကို စိုက်ပျိုးရာတွင် ရေမဝပ်စေရန် သတိပြုရသည်။ အရိပ်ကြိုက်သော အပင်မျိုးဖြစ်သော်လည်း အရိပ်ထူလျှင် အလင်းရရှိသည့်ဘက်သို့ အပင်များ ယိုင်သွားတတ်သည်။ "ဝဥ" အရွယ်အစား မတူညီကြဘဲ အကြီးဆုံးအရွယ်အစားများမှာ တစ်ပိဿာခန့် ရှိသောဉများလည်း ရရှိတတ်သည်။ ရရှိသော "ဝဥ"များကို တူးဖော်ပြီး အရိပ်ရ လေသလပ်ရာတွင် ထားရှိရသည်။ "ဝဥ"အစိုများကို အခြောက်လှန်းရန်အတွက် ပါးပါးလှီးရသည်။ လှီးဖြတ်ရာတွင် လက်များ ယားယံတတ်သောကြောင့် လက်အိတ်ဆွတ်ကာ လှီးဖြတ်ရသည်။ "ဝဥ"များကို အပြားညီအောင် ပါးပါးလှီးပြီး နေခြောက်လှန်းပေးရသည်။ နေခြောက်လှန်းရာတွင် နှစ်ရက်ခန့် လှန်းရသည်။ "ဝဥ" အစို ခုနစ်ပိဿာခန့် အခြောက်လှန်းရာတွင် အခြောက်တစ်ပိဿာခန့်သာ ထွက်ရှိသည်။ "ဝဥ"ဈေးနှုန်းများအနေဖြင့် အစိုတစ်ပိဿာလျှင် ယခင်ပေါက်ဈေးနှုန်းများအနေဖြင့် ကျပ် ၁၀၀၀ - ၂၀၀၀ ရရှိသော်လည်း ယခုနှစ်တွင် ကျပ် ၅၀၀ - ၇၀၀ သာ ပေါက်ဈေးနှုန်းရရှိပြီး အခြောက်တစ်ပိဿာလျှင် ယခင်ဈေး ကျပ် ၉၀၀၀ - ၁၂၀၀၀ ရရှိသော်လည်း ယခုနှစ်တွင် ကျပ် ၅၀၀၀ - ၆၅၀၀ ပေါက်ဈေးနှုန်းများသာရရှိကြောင်း လေ့လာသိရှိရသည်။

မျိုးစေ့ဈေးနှုန်းများအနေဖြင့် ကျပ် ၇၀၀ - ၁၀၀၀ ပေါက်ဈေးနှုန်းများသာရှိသည်။ ဈေးကွက်များအနေဖြင့် ပွဲစားများမှတစ်ဆင့် ရောင်းချရပြီး ချင်းပြည်နယ်မှ ထွက်ရှိသော "ဝဥ"များကို ပိုမိုကြိုက်နှစ်သက်ကြောင်း သိရှိရသည်။ ယခင်က တောတောင်များအတွင်း သဘာဝပေါက်ပင်များသာရှိပြီး ယခုအခါတွင် စိုက်ပျိုးရလွယ်ကူပြီး နိုင်ငံခြားဝင်ငွေ တိုးစေသည့်အပင်ဖြစ်သောကြောင့် မိမိ၏အိမ်ဝန်းများအတွင်းတွင်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှုများ ပိုမိုများလာကြပြီဖြစ်သည်။"ဝဥ"စိုက်ပျိုးရာတွင် ပန်းခိုင်မှရရှိသော မျိုးဥများကိုလည်းကောင်း၊ မြေအောက်ရှိ ဉပွားများကိုခွဲယူ၍လည်းကောင်း၊ တစ်ပိဿာ ခန့်ရှိသော ဉများကို ခွဲခြမ်း၍လည်းကောင်း၊ အရွက်မှ သီးသော မျိုးဥသီးများကိုလည်းကောင်း စိုက်ပျိုးနိုင်သည်။

"ဝဥ" စားသုံးခြင်းအား ကျန်းမာရေးရှုထောင့်မှ ကြည့်ရှုမည်ဆိုပါက အမျှင်ဓာတ်ပါဝင်မှုများသောကြောင့် အစာခြေဖျက်မှုအားကောင်းခြင်း၊ ခံတွင်းကျန်းမာရေးကို ကောင်းမွန်စေသည်။ မျက်စိကျန်းမာရေးကို အထောက်အကူပြုကာ ဆီးချိုရောဂါသည်များအနေဖြင့်လည်း စားသုံးနိုင်ပြီး သွေးလည်ပတ်မှု ကောင်းမွန်စေသည်။ အရေပြားချောမွတ်စေကာ ကိုယ်အလေးချိန် လျော့ကျစေသည့်အပြင် အမျိုးသမီးများ ဓမ္မတာလာစဉ် ခံစားရတတ်သည့် ဝေဒနာများကို လျော့ကျစေသည့်အတွက် စားသုံးရန်သင့်တော်ပြီး ကျန်းမာရေးကောင်းကျိုးများကိုသာ ရရှိသည့် ဆေးဘက်ဝင် အပင်တစ်မျိုးဖြစ်သည်။

"ဝဥ" သည် စားသောက်ကုန်များ၊ စက်မှုကုန်ကြမ်းများ၊ အလှကုန်ပစ္စည်းများ၊ ဆေးဝါးထုတ်လုပ်ရာတွင်လည်းကောင်း၊ တိရစ္ဆာန်အစာအဖြစ်လည်းကောင်း အသုံးပြုကြပြီး မုန့်ပဲသရေစာများဖြစ်သည့် ဂျယ်လီများ၊ ခေါက်ဆွဲများအဖြစ်လည်း ထုတ်လုပ်ရောင်းချနေသည်ကို တွေ့ရှိရသည်။ ဆေးဆိုးပန်းရိုက်လုပ်ငန်းများ၊ မျက်နှာပေါင်းတင်ဆေးများ၊ ဆီးချိုရောဂါကုသဆေးများ၊ ဝမ်းရောဂါဆေးများ၊ သွေးတိုးရောဂါကုဆေးဝါးများ ထုတ်လုပ်ရာတွင်လည်း ပါဝင်ပစ္စည်းများအဖြစ် အသုံးဝင်သောအပင်မျိုးဖြစ်သည်။

ချင်းပြည်နယ် မင်းတပ်မြို့၊ ထင်းချောင်းအနီးတွင် ချင်းပြည်နယ်၏အကြီးမားဆုံးသော "ဝဥ" အခြောက်ခံစက် စက်ရုံကြီးကို ၂၀၁၉ခုနှစ်တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ မင်းတပ်မြို့၊ မတူပီမြို့နှင့် ကန်ပက်လက်မြို့များတွင် ဝဥစိုက်ပျိုးတောင်သူ ၈၀၀ ကျော်ရှိပြီး အသင်းအဖွဲ့များ ဖွဲ့စည်းထားရှိသည်ကိုလည်း လေ့လာသိရှိရသည်။

"ဝဥ"များ တင်ပို့ရောင်းချမည်ဆိုပါက အခွန်ကင်းလွတ်ခွင့်ပြုထားခြင်းမှာ အားသာချက်တစ်ခုဖြစ်ပြီး ရောင်းချရာတွင်လည်း ရောင်းလိုသူများအနေဖြင့် လိုက်လံရောင်းချရခြင်းမျိုးမဟုတ်ဘဲ ဝယ်ယူသူများက အိမ်တိုင်ရာအရောက် ဝယ်ယူကြသဖြင့် မျက်နှာပန်းလှလှ ရောင်းပန်းဝင်သည့်အပင်မျိုးဖြစ်သည်။

"ဝဥ"ပင်သည် စိုက်ပျိုးချိန်မှ တူးဖော်ရသည့်အချိန်ထိ ခြောက်လခန့်သာ ကြာမြင့်ပြီး ကာလတိုအပင်မျိုး ဖြစ်သောကြောင့် မိသားစုအပိုဝင်ငွေအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် အပင်ဖြစ်ခြင်းကြောင့် စနစ်တကျစိုက်ပျိုးလျှင် အကျိုးဖြစ်ထွန်းမှုပိုမိုများပြားကာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှ စီးပွားဖြစ် စိုက်ပျိုးနိုင်ပါက ပိုမိုသင့်တော်သောကြောင့် "ဝဥ" စိုက်ပျိုး ဝင်ငွေတိုး ဆိုသည့် အမည်နှင့်လိုက်ဖက်အောင် ဝင်ငွေရရှိသောအပင်မျိုးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၏ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်း/ဈေးကွက်အခြေအနေ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံတို့ကို စိုက်ပျိုးကြသည်။ ယင်းအပြင် တောင်သူများသည် ပြည်ပပို့ကုန် တစ်မျိုးဖြစ်သော အစေ့ထုတ်ပြောင်းများကိုလည်း တစ်နှစ်လျှင် နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးလာကြသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသရှိ ပြောင်းစိုက်ပျိုးထုတ်လုပ်သော တောင်သူများသည်လည်း ပြည်တွင်း လိုအပ်ချက်နှင့် ပြည်ပဝယ်လိုအား မြင့်တက်နေသော အစေ့ထုတ် ပြောင်းများကို နှစ်စဉ်တိုးတက် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင် အသင်းဝင်များအား GACC ကုမ္ပဏီနှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ တရားဝင်လမ်းကြောင်းဖြင့် အစေ့ထုတ်ပြောင်းများကို နယ်စပ်ကုန်သွယ်ရေးစခန်းများရှိရာ လမ်းကြောင်းမှ တရားဝင်တင်ပို့နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အစေ့ထုတ်ပြောင်းများကို နေရာအနှံ့အပြား စိုက်ပျိုးကြပြီး မိုင်းယန်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့တွင် ဧကအများအပြား စိုက်ပျိုးကြသည်ကို တွေ့ရသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသတွင် အစေ့ထုတ်ပြောင်းများကို မိုးပြောင်းနှင့် ဆောင်းပြောင်း နှစ်သီးစိုက်ပျိုးပြီး နှစ်အလိုက် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေမှာ ၂၀၂၀-၂၀၂၁ ခုနှစ် မိုးပြောင်း ၃၁၂၅၂ ဧက၊ ဆောင်းပြောင်း ၆၄၅၅ ဧက၊ ဧကပေါင်း ၃၇၇၀၇ အထွက် (တင်း) ၂၂၄၉၁၀၀ တင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် မိုးပြောင်း ၃၁၄၁၀ ဧက၊ ဆောင်းပြောင်း ၆၄၉၄ ဧက၊ ဧကပေါင်း ၃၇၉၀၄ အထွက်(တင်း) ၂၂၈၂၂၂၃ တင်း ဖြစ်သည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အစေ့ထုတ်ပြောင်းများကို စိုက်ပျိုးရာတွင် ရှေးဦးစွာမြေကိုပြုပြင်ပြီး မျိုးစေ့ချစိုက်ပျိုးရသည်။ ပင်ကြားတန်းကြား တစ်ပေမှ နှစ်ပေအကွာကြား စိုက်ပျိုးပြီး ခုနှစ်ရက်ခန့်အတွင်း အပင်စုံ၍ ရက် ၂၀ ခန့်တွင် တစ်ကြိမ် ၄၅ ရက်ခန့်တွင် တစ်ကြိမ် ပေါင်းသတ်ဆေးဖျန်းရသည်။ အပင်အားဆေး (ရွက်ဖျန်းမြေသြဇာ)ကို ၃၀ ရက်သားခန့်တွင် တစ်ကြိမ် ၆၀ ရက်သားခန့်တွင် တစ်ကြိမ် ဖျန်းပေးရသည်။ စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ ခန့်တွင် ရိတ်သိမ်းနိုင်သည်။ ထိုင်းနိုင်ငံမှ တင်သွင်းသော စပ်မျိုးများကိုမှာ ယူစိုက်ပျိုးပြီး မျိုးစေ့ ၁၀ ကီလိုတစ်အိတ်လျှင် ကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးသည်ဟု သိရသည်။ ထိုင်းနိုင်ငံမှ တင်သွင်းသော အစေ့ထုတ်ပြောင်း မျိုးစေ့များမှာ အပင်ပေါက်အားကောင်းပြီး ပြောင်းပင်တစ်ပင်လျှင် အဖူးနှစ်ဖူးမှ သုံးဖူးထိ ထွက်ရှိကြောင်း ပြောင်းစိုက်တောင်သူများထံမှ သိရှိရသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင် အများဆုံး အသုံးပြုသော အစေ့ထုတ် ပြောင်းမျိုးများမှာ ထိုင်းနိုင်ငံမှ တင်သွင်းသော F888(အနီ)၊ F888(အပြာ) တံဆိပ်တို့ဖြစ်သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင် မိုးပြောင်းများကို ဧပြီလမှ ဇွန်လထိ မြေအစိုဓာတ်စတင်ရရှိချိန်တွင် စိုက်ပျိုးကြပြီး ဆောင်းပြောင်းများကို စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း မြေအစိုဓာတ် မကုန်ခင် စတင်စိုက်ပျိုးကြသည်ဟု သိရသည်။ အစေ့ထုတ်ပြောင်း တစ်ဧက စိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ် ၄၅၀၀၀၀ ခန့်ရှိပြီး အထွက်နှုန်းမှာ တင်း၆၀ကျော်ထွက်ကာ အကျိုးအမြတ်အနေဖြင့် ကျပ် ၄၀၀၀၀၀ ခန့်ရရှိကြောင်း၊ ယခင်နှစ်က အစေ့ထုတ်ပြောင်း ၅၀ ကီလိုဝင် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ ရရှိပြီး ယခုနှစ်တွင် ၅၀ကီလိုဝင်တစ်အိတ်လျှင် ကျပ် ၂၈၀၀၀ ရရှိသည်ဟု မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့ ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရှိရသည်။ ယခုနှစ် မိုးပြောင်းများကို စိုက်ပျိုးပြီးစီးပြီဖြစ်သော်လည်း လုပ်သားခ၊ မျိုးစေ့ဖိုးနှင့် သွင်းအားစုဈေးနှုန်းများ မြင့်တက်လာသောကြောင့် အစေ့ထုတ်ပြောင်းပေါ်ချိန်တွင် ဈေးကောင်းရရှိမှ အကျိုးအမြတ်ကျန်မည်ဖြစ်ကြောင်းကိုလည်းပြောင်းစိုက်တောင်သူများထံမှသိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများမှ ထွက်ရှိသော ပြောင်းများကို တာချီလိတ်မြို့နယ်၊ ဟောင်လိတ်စက်မှုရပ်ကွက်ရှိ ရွှေကောင်းကင် တိရစ္ဆာန် အစားအစာစက်ရုံမှ ဝယ်ယူသကဲ့သို့ ဒေသတွင်း ကြက်၊ ဝက် တစ်ပိုင်တစ်နိုင် မွေးမြူသူများမှာလည်းဝယ်ယူအသုံးပြုကြသည်။ ကုန်သွယ်မှုအနေဖြင့် ရှမ်းပြည်နယ်မှ ထွက်ရှိသော အစေ့ထုတ်ပြောင်းများကို တာချီလိတ်မြို့၊ နယ်စပ်ကုန်သွယ်ရေးစခန်း(မယ်ယန်း)မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂)မှ တင်ပို့သကဲ့သို့ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း-မိုင်းလားမှတစ်ဆင့် တရုတ်နိုင်ငံသို့လည်း တင်ပို့ရောင်းချကြသည်ဟု သိရသည်။ ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တာချီလိတ်(မယ်ယန်း) ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုမှာ ၃၄၄၀၅၈ ဒသမ ၈ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၅၄ သန်းရှိပြီး မိုင်းခတ်-မိုင်းယန်း-မိုင်းလားမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှုမှာ ၁၁၉၃၁ ဒသမ ၅တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂ သန်းရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ခုနှစ်၊ မေလထိ တာချီလိတ်(မယ်ယန်း) ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုမှာ ၁၅၅၆၂၀တန်၊ တန်ဖိုး ၃၆ ဒသမ ၈သန်းရှိခဲ့သည်ဟု ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသမှ ပြောင်းစိုက် တောင်သူများသည် အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိနေပြီး နိုင်ငံတော်အတွက်လည်း ပြည်ပပို့ကုန် တိုးတက်ပို့ဆောင်နိုင်ကာ နိုင်ငံခြားဝင်ငွေရရှိနေကြောင်းနှင့် မိုးပြောင်း ရိတ်သိမ်းချိန်တွင်လည်း ပြောင်းစိုက်တောင်သူများ ပြောင်းဈေးကောင်းရရှိရန် မျှော်လင့်နေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မြင့်နောင် (DOCA-TCL)**

# ကုန်သွယ်ကဏ္ဍမြှင့်တင်ဖို့ သန့်ရှင်းရေးနှင့် အပင်ပိုးမွှားကင်းစင်ရေးကို အလေးပေးဆောင်ရွက်စို့

**အိအိထွေး(မန္တလေး)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နှစ်စဉ်စိုက်ပျိုးရေးကဏ္ဍမှ ပြည်တွင်းစားသုံးပိုလျှံသည့် စိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ နိုင်ငံခြားဝင်ငွေအများဆုံးရှာဖွေနိုင်သည့်ကဏ္ဍတစ်ရပ်လည်း ဖြစ်ပေသည်။ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များမှာ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်၊ ပြောင်း၊ သရက်၊ ဖရဲ၊ ငှက်ပျော၊ မြေပဲ၊ နှမ်း စသည့် ကုန်စည်များဖြစ်ပြီး အခြားသော ရေထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများကိုလည်း တင်ပို့ရောင်းချလျက်ရှိသည်။

၁၉ရာစု နှောင်းပိုင်းကာလတွင် စက်မှုထွန်းကားလာပြီး မြို့ပြလူဦးရေလည်း တိုးပွားလာသကဲ့သို့ လူထုကျန်းမာရေးပြဿနာများလည်း သိသိသာသာ ဖြစ်ပွားလာသဖြင့် ထိန်းချုပ်ရေးနည်းလမ်းအဖြစ် အစားအစာဥပဒေများ ထွက်ပေါ်လာပြီး ယခုအခါတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှုပြုရာတွင် သက်ဆိုင်ရာ နိုင်ငံအလိုက်သတ်မှတ်ထားသည့်ဥပဒေများ၊ SPS၊ Food Safety နှင့် နိုင်ငံတကာစံချိန်စံညွှန်းများဖြစ်သော ISO Standards များနှင့် ကိုက်ညီမှုရှိမှသာ ကုန်သွယ်ခွင့်ပြုသည်အထိ ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက် များရှိလာသည်ကို မျက်မြင်ကြုံတွေ့နေရပေသည်။

လွတ်လပ်သောကုန်သွယ်ရေး(Free Trade)စနစ် ပေါ်ထွက်လာပြီးနောက် လယ်ယာထွက်ကုန်များအပေါ် ကန့်သတ်ချက်များ လျော့ကျလာခြင်း၊ အခွန်အခများ လျော့နည်းလာခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချရန် အခွင့်အရေးများရှိလာသော်လည်း တင်သွင်းမည့်နိုင်ငံများ၏ SPS ပြဋ္ဌာန်းချက်များကြောင့် ကုန်သွယ်မှုပြုလုပ်ရန် အခက်အခဲများနှင့် ရင်ဆိုင်ရပြီး အခွင့်အရေးများ ဆုံးရှုံးနေရဆဲဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံအချင်းချင်း ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်ရေးအခက်အခဲမရှိသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအကြား ကုန်သွယ်မှုပြုရာတွင် SPS Measuresသည် အဓိကပြဿနာတစ်ရပ်အဖြစ် ရင်ဆိုင်နေရသည်ကို သိသိသာသာ မြင်တွေ့နေရသည်။

မြန်မာနိုင်ငံတွင်လည်း အီးယူနိုင်ငံများ၊ ဂျပန်နိုင်ငံ၊ စင်ကာပူ၊ ဩစတြေးလျ၊ နယူးဇီလန် စသည့် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ကုန်စည်များတင်ပို့ရာတွင် သက်ဆိုင်ရာ ကုန်စည်အမယ်အလိုက် သတ်မှတ်ထားသည့် ISO standards၊ Codex Standards(Food Safety၊ HACCP)၊ SPS Measures များနှင့်ကိုက်ညီစွာ ထုတ်လုပ်ထားသည့် ကုန်စည်များကိုသာ တင်ပို့ရကြောင်းနှင့် သက်ဆိုင်ရာ အထောက်အထားများ၊ စစ်ဆေးချက် သက်သေခံမှတ်တမ်း များအား ကုန်သွယ်မှု ပြုလုပ်မည့်နိုင်ငံသို့ Sample နှင့်တကွ ကြိုတင်ပေးပို့ရကြောင်း လုပ်ငန်းရှင်များထံမှ သိရှိရသည်။

SPS Measures ဆိုသည်မှာ Sanitary and Phytosanitary Measures ဖြစ်ပြီး လူ၊တိရစ္ဆာန်၊အပင်များ ကပ်ရောဂါဘေးအန္တရာယ်၊ အဆိပ်အတောက်များ၊ ကူးစက်ရောဂါများ ပြန့်ပွားကျရောက်မှုကို ကြိုတင်ကာကွယ်နိုင်သော အစီအမံများဖြစ်သည်။ SPS Measures ဟုဆိုရာတွင် အစားအစာကွင်းဆက်တစ်လျှောက် စိုက်ခင်းမှသည် စားပွဲပေါ်ရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်ပတ်သက်သူများအားလုံး လိုက်နာရမည်ဖြစ်သဖြင့် တောင်သူများလည်း သတိပြုလိုက်နာ ဆောင်ရွက်ရန်အရေးပါသည့်အချက်ဖြစ်ပြီး ၎င်းလုပ်ငန်းစဉ်များကို ရိုးရှင်းစွာ ဆောင်ရွက်နိုင်သည်။ ဥပမာ-သီးနှံထွက်ကုန်များကို ကိုင်တွယ်ရာတွင် သန့်ရှင်းသောလက်ဖြင့်ကိုင်တွယ်ရန်ဖြစ်ပြီး မိမိအိမ်တွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်သကဲ့သို့ပင် ပြုမူရမှာဖြစ်သည်။ မိမိအိမ်တွင် ကလေးများအား ရေအိမ်သုံးပြီးတိုင်းနှင့် အစားမစားမီ လက်ဆေးရန် သင်ကြားပေးသကဲ့သို့ SPS ဆိုင်ရာ ဆောင်ရွက်မှုများလည်း အလားတူ လေ့ကျင့်လိုက်နာဆောင်ရွက်ရခြင်းပင်ဖြစ်သည်။ ဤနည်းအားဖြင့် SPS Measures သည် အစာကွင်းဆက်တစ်လျှောက် ရောဂါဖြစ်စေသော သက်ရှိ၊ ဓာတ်ကြွင်းနှင့် အဆိပ်အတောက်ပျံ့နှံ့မှုများကို တားဆီးဟန့်တားပေးနိုင်သည့် နိယာမကို အခြေခံထားခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့ သတိထားရမှာက SPS ဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာခြင်းသည် နိုင်ငံတကာသို့ ရောင်းဝယ်မှုပြုရန်၊ ဈေးကောင်းရရန်အတွက်သာမကဘဲ မိမိနှင့်မိမိ၏မိသားစု၊ မိတ်ဆွေအားလုံး၊ ကျွန်ုပ်တို့၏သီးနှံ/ထုတ်ကုန်ကို စားသုံးကြရန်ဖြစ်သည်။

SPS ဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ထုတ်ကုန်ဆိုင်ရာ မဖြစ်မနေဖော်ပြရန် လိုအပ်သည့်အချက်အလက်များ (End Product Criteria)၊ ထုတ်လုပ်မှုနည်းစဉ်နည်းလမ်းများ(Process and Production Method)၊ စစ်ဆေး၊ စမ်းသပ်၊ စစ်ဆေးချက် လက်မှတ်ထုတ်ပေးသည့် လုပ်ငန်းစဉ်များ (Testing, Inspection and Certification Approval Procedures)၊ တားမြစ်ထိန်းချုပ်လုပ်ငန်းစဉ်များ (Quarantine)၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တိုက်ရိုက် သက်ဆိုင်သော ထုတ်ပိုးမှုစနစ်၊ အမှတ်တံဆိပ်ဆိုင်ရာ လိုအပ်ချက်များ (Packaging and Labeling Requirements) စသည့် လုပ်ငန်းစဉ်များလည်း ပါဝင်သည်။ World Trade Organization (WTO) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် ၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သော ဥရုဂွေးအစည်းအဝေးအပြီးမှာ အဖွဲ့ဝင်နိုင်ငံများ၏သဘောတူညီချက်အရ SPS Agreement ကို လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါသဘောတူစာချုပ်၏ အဓိကအကြောင်းရင်း ၂ ရပ်မှာ အဖွဲ့ဝင် နိုင်ငံများ၏ လူ၊ တိရစ္ဆာန်၊ အပင်ကျန်းမာရေးနှင့် ပြည့်စုံပြီး ကူးစက်ရောဂါအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရေး (Protect and improve the current human- health, animal health, and phytosanitary Situation of all Member countries)နှင့် အဖွဲ့ဝင်နိုင်ငံများ၏ မတူကွဲပြားသည့် SPS စံချိန်စံညွှန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော ကုန်သွယ်ရေး မညီမျှမှုများအား အကာအကွယ်ပေးရန် (Protect Members from arbitrary or unjustifiable discrimination due to different SPS standards) တို့ဖြစ်ကြောင်း၊ SPS သဘောတူညီချက်အပါအဝင် WTO ၏ အခြားသော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များသည် ၁၉၉၅ခုနှစ်နောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံများအတွင်း ကုန်သွယ်မှုပြုရာတွင် တွင်တွင်ကျယ်ကျယ် အသုံးချရန် တွန်းအားတစ်ရပ်ဖြစ်လာကြောင်း လေ့လာမှုအရ သိရှိရသည်။

မြန်မာနိုင်ငံမှ ချမှတ်ဆောင်ရွက်လျက်ရှိသော SPS Measures များသည် Codex (ASEAN) နှင့် OIE Standard များအတိုင်းလိုက်နာဆောင်ရွက်လျက်ရှိပြီး ထိုသို့ ကိုက်ညီမှုရှိရန် ဆောင်ရွက်မှုသည် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲပင်ဖြစ်သည်။ SPS Measures ဆိုင်ရာကိစ္စရပ်များကို စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ စိုက်ပျိုးရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China-GACC)တို့အကြား ချုပ်ဆိုခဲ့သည့်စာချုပ်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့တင်ပို့မည့်ကုန်စည် ၁၈ မျိုးအတွက် GACC မှတ်ပုံတင်ရန်နှင့် ကုန်စည်များအား SPS Measure များနှင့် ကိုက်ညီမှုရှိမှသာ တင်ပို့ခွင့်ရမည်ဖြစ်ကြောင်း GACC ၏ ကြေညာချက်အမှတ် ၂၄၈ တွင် ဖော်ပြထားသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

# ပင်းဇင်းဒေသထွက် ဂျုံရိုးဦးထုပ်အကြောင်း

**နီနီမြင့်(ရွှေဘို)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်သည် စိုက်ပျိုးမြေ ၂၅၂၇၅၉ ဧက ရှိပြီး စိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်သော မြို့နယ်တစ်ခုဖြစ်သည်။ ပင်းဇင်းရွာလေးသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်ပြီး အပူပိုင်းဒေသလည်းဖြစ်သဖြင့် တောင်သူဦးကြီးများ၊ ကောက်စိုက်သမများနှင့်အခြားသော လုပ်သားများသည် ပေါ့ပါး၍ အပူဒဏ်ခံနိုင်ပြီး အကြမ်းလည်းခံသည့် ဦးထုပ်များကို ဝယ်ယူသုံးစွဲကြရာ ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာတွင် ရက်လုပ်ရောင်းချသည့် ဂျုံရိုးဦးထုပ်များသည်လည်း အပါအဝင်ဖြစ်သည့်အပြင် အများဆုံးအသုံးပြုကြ၍ လူသိများပြီး ဈေးကွက်တွင် နာမည်ကြီးလှသည်။ ပင်းဇင်းကျေးရွာတွင် မိရိုးဖလာလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ဂျုံရိုးဦးထုပ်ထိုးသည့်လုပ်ငန်းကို မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် ကလေး၊ လူကြီးပါမကျန် ဂျုံရိုးကို ရေစိုဝတ်နှင့်ပတ်ပြီး ချိုင်းကြားမှာညှပ်ကာ အိမ်အလည်သွားရင်း၊ စကားပြောရင်း၊ လမ်းလျှောက်ရင်း ဂျုံရိုးထိုးကြပါသည်။

ဂျုံရိုးဦးထုပ်ပြုလုပ်ရာတွင် ကုန်ကြမ်းအဖြစ် ဂျုံရိုးကို အဓိကအသုံးပြုရပြီး ပင်းဇင်းကျေးရွာတွင် ဂျုံစိုက်ပျိုးခြင်း မရှိသော်လည်း ဝက်လက်မြို့နယ် မြင်တော်ရွာ၊ စွယ်ကွေ့ရွာ၊ သရက်ချိုရွာ၊ ကျောက်ကုန်းရွာနှင့် စစ်ကိုင်းမြို့နယ် သာဇဉ်ရွာ၊ ဆွမ်းချက်ရွာများတွင် သွားရောက်၍ဝယ်ယူထားရသည်။တပေါင်းလတွင် ဂျုံစတင်ပေါ်ပြီးယခင်နှစ်က ဂျုံရိုးအခြောက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၇၀၀၀ အထိ ပေးဝယ်ရကြောင်း သိရှိရသည်။ ဂျုံရိုးခြောက်ကို ကြက်ဖတံဆိပ် ပီနံအိတ်ကြီးများထဲတွင်ထည့်၍ ချုပ်ရပြီး လေလုံ/ မိုးလုံအောင် သိမ်းဆည်းထားရကြောင်းနှင့် ကုန်ကြမ်းပစ္စည်းကို တစ်နှစ်၊ နှစ်နှစ်စာကြို၍ ဝယ်ယူသိုလှောင်ထားကြကြောင်း သိရသည်။

ဂျုံရိုးဦးထုပ်ပြုလုပ်ရာတွင် ဂျုံရိုးကို ကျစ်လျစ်အောင် ရေဆွတ်ကျစ်ရပြီး ခုနစ်ပင်၊ ရှစ်ပင်၊ ကိုးပင် စသည်ဖြင့် အမျိုးမျိုးကျစ်ကြသည်။ ဂျုံရိုးဦးထုပ် တစ်လုံးရရန် ကျစ်ပြီးသား ဂျုံရိုးအတောင်ရေ ၄၅ တောင်ရအောင် ထိုးရပါသည်။ ဂျုံရိုး တစ်ပိဿာထိုးလျှင် ဦးထုပ် ၁၂ လုံးရကြောင်း သိရှိရသည်။ ဂျုံရိုးဦးထုပ်တစ်လုံးထိုးလျှင် ဂျုံရိုးထိုးခ ကျပ် ၅၀၀ရကြောင်း၊ တစ်ယောက်လျှင် တစ်ရက်ကို နှစ်လုံးကျော် ထိုးနိုင်ပြီး သွက်သွက်လက်လက် ထိုးနိုင်ပါက သုံးလုံးထိ ထိုးနိုင်ကြောင်း သိရှိရသည်။ ရရှိလာသော ဂျုံကြိုးခွေများကို တာရှည်ခံပြီး နူးညံ့ပျော့ပျောင်းလာစေရန် တရုတ်ကလာသော ချွတ်ဆေးရည်နှင့် အချိန် ၂၄ နာရီကြာအောင် စဉ့်အိုးထဲတွင် စိမ်ထားရပြီး အပ်ချုပ်ကောင်းအောင် နေရောင်တွင် နေဖန့်ရုံပြုရပါသည်။ ထိုးပြီးသာ ဂျုံရိုးများကို တလိမ့်တုံးနှင့်လှိမ့်ပါက ပိုမိုကျစ်လျစ်သေသပ်လှပသော ဂျုံကြိုးခွေများ ရရှိပါသည်။ တလိမ့်တုံးနှင့်လှိမ့်ပြီးပါက ဦးထုပ်ရရန် စက်ဖြင့်ချုပ်ရကြောင်း၊ အပ်ချုပ်ဆရာ၏ လက်ပေါ်မူတည်ပြီး အရွယ်အစား၊ ဒီဇိုင်းများသည် ပုံစံအမျိုးမျိုးရကြောင်း သိရှိရသည်။ ပင်းဇင်းကျေးရွာတွင် ဦးထုပ်ချုပ်သည့် စက်ချုပ်ဆိုင် ၁၀လုံးရှိ၍ ၎င်းစက်ချုပ်ဆိုင်များမှ ဂျုံရိုးဦးထုပ်ဒိုင်အဖြစ် လုပ်ကိုင်ကြပြီး ဂျုံရိုးထိုးသူများအနေဖြင့် ဒိုင်ထံမှ ဂျုံရိုးများကို ယူထိုးကြသည်။ တစ်ရက်လျှင် စက်ချုပ်ဆိုင်တစ်လုံးမှာ အလုံးရေ ၆၀ ကျော်ချုပ်နိုင်ကြောင်း၊ ပင်းဇင်းတစ်ရွာလုံးအနေဖြင့် ခြုံငုံကြည့်ပါက ပျမ်းမျှတစ်ရက်လျှင် ဦးထုပ်အလုံးရေ ၆၀၀ ကျော်မှ ၉၀၀ ခန့်ထိ ချုပ်နိုင်ကြောင်း သိရှိရသည်။ ဦးထုပ်တစ်လုံးလျှင် ခွေလှိမ့်ခ ၃၀၀ နှင့် စက်ချုပ်ခ ၅၀၀ အထိ ဈေးနှုန်းရှိကြောင်း၊ ဂျုံရိုးဖြင့် ဦးထုပ်အပြင် ရေနွေးဓာတ်ဘူးအစွပ်များ၊ အခင်းများ ပြုလုပ်ရောင်းချကြကြောင်း သိရှိရသည်။

ဈေးနှုန်းဈေးကွက်အခြေအနေနှင့် တွက်ခြေကိုက်ညီမှု ဂျုံရိုးဦးထုပ်များကို မန္တလေးနှင့် ရွှေဘိုမြို့များသို့အဓိကထားပို့ရပြီး အခြားမြို့များသို့လည်း အလုံးရေပေါင်းများစွာ တင်ပို့ရောင်းချရသည်။ ပြန်လည်ရောင်းချသည့်ဆိုင်များသို့ လက်ကား ရောင်းဈေးမှာတစ်လုံးလျှင် ကျပ် ၂၀၀၀ နှင့် ၂၁၀၀ ရှိပြီး အိမ်သို့လာရောက်ဝယ်ယူပါက တစ်လုံးလျှင် လက်လီရောင်းဈေးမှာ ကျပ် ၂၅၀၀ ရကြောင်း သိရှိရသည်။ စက်ချုပ်ဆိုင်ရှိသည့် ဂျုံရိုးဦးထုပ်ဒိုင်တစ်ဦးအနေဖြင့် တစ်ရက်လျှင် ဦးထုပ်အလုံးရေ ၆၀ ချုပ်နိုင်ပါက တစ်ရက်လျှင် လက်ကားအကျိုးအမြတ် ကျပ် ၇၀၀၀ မှ ၁၃၀၀၀ အထိရှိပြီး လက်လီအကျိုးအမြတ် ကျပ် ၁၉၀၀၀ ရှိကြောင်း သိရှိရသည်။

ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာရှိ မိရိုးဖလာလုပ်ငန်းစုတစ်ခုဖြစ်သည့် ဂျုံရိုးဦးထုပ် ရက်လုပ်ရောင်းချခြင်းလုပ်ငန်းသည် ဂျုံရိုးချုပ်သည့်ဒိုင်များသာမက ဂျုံရိုးထိုးသည့်လုပ်သားများ၊ လက်လီ၊ လက်ကားရောင်းချသူများလည်း မိသားစုဝင်ငွေရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိ၍ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသည့်အပြင် ဂျုံရိုးဦးထုပ်ဆောင်းခြင်းဖြင့် နေပူဒဏ်ခံနိုင်ခြင်း၊ ပေါ့ပါးခြင်း၊ အေးမြခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

# သီရိလင်္ကာနိုင်ငံရှိ အုန်းသီးနှင့် အုန်းသီးအခြေခံပစ္စည်းထုတ်လုပ်မှုကဏ္ဍ

သီရိလင်္ကာနိုင်ငံသည် ကမ္ဘာပေါ်တွင် အုန်းသီးမှထွက်ရှိသည့် ထုတ်ကုန်များကို စတုတ္ထမြောက် အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ဈေးကွက်သို့ အုန်းသီးအခြေခံ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်တင်ပို့သည်။

အုန်းသီးသည် သီရိလင်္ကာနိုင်ငံ၏ နေ့စဉ်စားသောက်သည့် စားသောက်ကုန်များတွင် အဓိကပါဝင်ပစ္စည်းဖြစ်သောကြောင့် ထွက်ရှိမှု၏ သုံးပုံ နှစ်ပုံနီးပါးခန့်ကို ပြည်တွင်း၌ စားသုံးကြပြီး ကျန်ရှိသည်များကို တန်ဖိုးမြင့်ပါဝင်ပစ္စည်းများ၊ အစားအစာနှင့် အဖျော်ယမကာများ၊ အိမ်သုံးနှင့်စက်မှုလုပ်ငန်းသုံး ကုန်ပစ္စည်းများအဖြစ် တင်ပို့သည်။ သီရိလင်္ကာနိုင်ငံ၏ လက်ရှိ အုန်းသီးလိုအပ်ချက်အရ အုန်းသီးအခြေခံကုန်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများသည် အုန်းသီးအလုံးရေ ၄ ဘီလီယံခန့် လိုအပ်သော်လည်း ၂ ဒသမ ၈ ဘီလီယံမှ ၃ ဘီလီယံအတွင်းသာ ထုတ်လုပ်နိုင်သည်။သီရိလင်္ကာနိုင်ငံ အုန်းသီးသုတေသနဌာန (CoconutResearch Institute)၏အဆိုအရ အဆိုပါကဏ္ဍသည် လူဦးရေ ၇၀၀၀၀၀ခန့်အတွက် အလုပ်အကိုင်များ ပံ့ပိုးပေးနိုင်ပြီး အခြားသော လူဦးရေ ၁၃၅၀၀၀ ခန့်ကိုလည်း သွယ်ဝိုက်သောအားဖြင့် အလုပ်အကိုင်များ ပံ့ပိုးပေးလျက်ရှိသည်။ ၂၀၂၀ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ အုန်းစိုက်ပျိုးမြေ ၄၄၄၀၀၀ ဟက်တာခန့် ရှိခဲ့ပြီး ၎င်းတို့အနက် ၇၂၀၀၀ ဟက်တာခန့်ကို ကုမ္ပဏီကြီးများမှ ဆောင်ရွက်ပြီး ကျန်ရှိသော စိုက်ပျိုးမြေများကို အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်ငယ်လေးများမှ ဆောင်ရွက်သည်။

**အုန်းစိုက်ပျိုးခြင်း**

သီရိလင်္ကာနိုင်ငံရှိ စုစုပေါင်း အုန်းစိုက်ပျိုးသည့်မြေ၏ ၇၅ ရာခိုင်နှုန်း ခန့်ကို လုပ်ငန်းရှင်ငယ်လေးများမှ လုပ်ကိုင်ကြပြီး ကျန်ရှိသည့် စိုက်ပျိုးမြေများကို ပုဂ္ဂလိကနှင့် အစိုးရကုမ္ပဏီများက စိုက်ပျိုးလုပ်ကိုင်ကြသည်။ လုပ်ငန်းရှင်ငယ်လေးများသည် နှစ်စဉ် စုစုပေါင်း အုန်းသီးထုတ်လုပ်မှု၏ ၇၀ရာခိုင်နှုန်းကို စိုက်ပျိုးထုတ်လုပ်နေကြသော်လည်း အဆိုပါလုပ်ငန်းရှင်ငယ်များကို ကောင်းမွန်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်မှု မရှိသောကြောင့် ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

**နှစ်စဉ် အုန်းစိုက်ပျိုးထွက်ရှိမှု**

ယနေ့အချိန်တွင် သီရိလင်္ကာနိုင်ငံ၌ နှစ်စဉ် အုန်းသီးစိုက်ပျိုးထွက်ရှိမှုမှာ အလုံးရေ သန်း ၂၈၀၀ မှ ၃၀၀၀ ကြားရှိသည်။ ပြည်တွင်းစားသုံးမှုနှင့် ပြုပြင်ထုတ်လုပ်သည့် စက်ရုံများ၏ လိုအပ်ချက် နှစ်ခုလုံးကို ဖြည့်ဆည်းနိုင်ရန် သီရိလင်္ကာနိုင်ငံသည် နှစ်စဉ် အုန်းသီးအလုံးရေ သန်း ၄၀၀၀ ထုတ်လုပ်ရမည်ဖြစ်သည်။

**မဟာဗျူဟာများ**

နိုင်ငံ၏ အုန်းသီးစိုက်ပျိုးထုတ်လုပ်မှုကို အဆင့်မြှင့်တင်ရန်အတွက် သီရိလင်္ကာနိုင်ငံ အုန်းသီးသုတေသနဌာန (Coconut Research Institute)က ၂၀၁၆ -၂၀၂၀ မဟာဗျူဟာစီမံချက်တွင် အောက်ပါအချက်များကို ဆောင်ရွက်ရန် အကြံပြုထားသည်။ အုန်းသီး၏မျိုးဗီဇတိုးတက်အောင် ဆောင်ရွက်ရန်၊ ဝတ်ဆံကူး (Invitro) နည်းစနစ်ဖြင့် မျိုးပွားခြင်းလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ မြေဆီလွှာအရည်အသွေးမြှင့်တင်ရန်၊ အုန်းဆံခွံမှုန့်မြေဆွေး (coconut soils)ရရှိလာအောင် ဆောင်ရွက်ရန်၊ မြေဆီလွှာစိုစွတ်အောင် (soil water) ပြုပြင်ဆောင်ရွက်ရန်၊ ပိုမိုကောင်းမွန်သော လယ်ယာစိုက်ပျိုးရေးနည်းစနစ်များ ကျင့်သုံးရန်၊ သမားရိုးကျ နည်းစနစ်ဖြင့်မဟုတ်ဘဲ နည်းစနစ်မျိုးစုံဖြင့် စိုက်ပျိုးသည့်ဒေသများ (non-traditional areas)တွင် သင့်လျော်သော စိုက်ပျိုးမှုအလေ့အထများ ကျင့်သုံးစေရန်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများကို

**ခက်ခက်နွယ်ဖူး(Myantrade)**

လျှော့ပါးစေပြီး လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရန်၊ ပိုးမွှားနှင့် ရောဂါစီမံခန့်ခွဲမှုစနစ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်အောင်လုပ်ဆောင်ရန်၊ တန်ဖိုးထပ်ဆောင်းခြင်းနှင့် လုပ်ငန်းစဉ်တိုးတက်မှုများအတွက် နည်းပညာများ ဖော်ထုတ်ရန်၊ လယ်ယာ စိုက်ပျိုးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို စက်ကိရိယာဖြင့် ဆောင်ရွက်ရန်၊ အထွက်နှုန်းနှင့် ဈေးကွက် မသေချာမရေရာမှုများကို စီမံဆောင်ရွက်ရန်၊ အဆိုပြု နည်းစနစ်များ၏ လူမှုစီးပွားအခြေအနေကို စိစစ်လေ့လာရန်၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်မည့် နည်းစနစ်များ ဖော်ထုတ်ရန်၊ ဆီအုန်းစိုက်ပျိုးခြင်းတွင် မျိုးပွားခြင်း နည်းစနစ်များ၊ အာဟာရဓာတ်နှင့် ပိုးမွှားစီမံခန့်ခွဲမှုစနစ်များကို ဖော်ထုတ်ဆောင်ရွက်ရန်/တိုးတက်စေရန်၊ ကဏ္ဍအတွင်းရှိ သက်ဆိုင်သူများအားလုံးသို့ နည်းပညာများ လွှဲပြောင်းပေးသွားရန်၊ ကဏ္ဍအတွင်းရှိ သက်ဆိုင်သူများအားလုံးသို့ အထူးဝန်ဆောင်မှုများ ပံ့ပိုးပေးရန်၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပေးနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အဦနှင့် စာကြည့်တိုက်စသည်တို့ တိုးတက်လာစေရန်။

**အုန်းသီးပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း**

အုန်းသီးပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြသည့် ကုမ္ပဏီများသည် ထုတ်ကုန်များကို အုန်းဆံမှုန့်ခြောက် (Desiccated Coconut)၊ အုန်းဆံကြော် (Coconut Chips)၊ အုန်းဆီ (Coconut Oil)၊ အုန်းစိမ်းဆီ (Virgin Coconut Oil)၊ အုန်းနို့ (Coconut Milk)၊ အုန်းနှစ် (Coconut Cream)၊ အုန်းထောပတ် (Coconut Butter)၊ အုန်းမှုန့် (Coconut Flour) စသည်တို့ကို အဓိကထား ထုတ်လုပ်ကြသည်။

အုန်းဆံမှုန့်အခြောက် ထုတ်လုပ်သည့်လုပ်ငန်းသည် လက်ရှိတွင် သီရိလင်္ကာနိုင်ငံရှိ စားသောက်ကုန် ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများတွင် အရေးအကြီးဆုံး လုပ်ငန်းတစ်ခုဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလများ၌ပင် သီရိလင်္ကာနိုင်ငံ၏အုန်းသီး အများဆုံးထုတ်လုပ်သည့်ဒေသဖြစ်သည့် (coconut triangle) အတွင်းတွင် အုန်းဆံမှုန့်အခြောက်ထုတ်လုပ်သည့် စက်ရုံပေါင်း ၆၆ ရုံကျော် ရှိခဲ့သည်။ စက်ရုံတစ်ရုံ၏ ပျမ်းမျှထုတ်လုပ်နိုင်စွမ်းမှာ တစ်ရက်လျှင် အုန်းသီးအလုံးရေ ၃၀၀၀၀ မှ ၄၀၀၀၀ အထိရှိနိုင်ပြီးနှင့် တစ်နှစ်လျှင် တန်ချိန် ၆၀၀၀၀ ဝန်းကျင်ခန့်ထွက်ရှိသည်။ လက်ရှိတွင် သီရိလင်္ကာနိုင်ငံသည် အီးယူ၏အုန်းဆံမှုန့်အခြောက် ဝယ်လိုအား၏ ၈ ရာခိုင်နှုန်း နှင့်အုန်းစိမ်းနှင့် အုန်းသီးခြောက် ကမ္ဘာ့ဝယ်လိုအား၏ ၅ ရာခိုင်နှုန်းကို တင်ပို့လျက်ရှိသည်။

နှစ်စဉ် အုန်းသီးထုတ်လုပ်မှု မြင့်တက်လာခြင်းသည် အုန်းသီးပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများ အထူးသဖြင့် ကြုံတွေ့နေရသော အဓိကပြဿနာတစ်ရပ်ဖြစ်သည့် ကာလကြာရှည် မိုးခေါင်မှုကြောင့် အုန်းသီးကုန်ကြမ်း ပြတ်လပ်မှုအတွက် အထောက်အကူပေးနိုင်မည်ဖြစ်သည်။ အုန်းသီးများ ရှားပါးလာသည့်အချိန်တွင် ဈေးနှုန်းသည် တစ်ဟုန်ထိုး တက်လာသဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို တိုးမြင့်လာစေသည်။ ကဏ္ဍအတွင်းရှိ ကုမ္ပဏီများသို့ အုန်းသီးကုန်ကြမ်း ထောက်ပံ့ပေးနိုင်မှုတည်ငြိမ်ပြီး ဈေးနှုန်းသင့်လျော်စွာ ထားရှိပေးနိုင်ပါက ထုတ်လုပ်မှုနှင့်တင်ပို့မှုပမာဏကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

**အခြားအုန်းသီးအခြေခံပစ္စည်း ထုတ်လုပ်မှု**

အခြားအုန်းသီးအခြေခံ ထုတ်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများဖြစ်သည့် အုန်းခွံနှင့်အုန်းဆံမျှင် ထုတ်လုပ်သည့်လုပ်ငန်းများသည် အုန်းသီးအထွက်နှုန်း နည်းပါးခြင်းကြောင့် အုန်းသီးပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများကဲ့သို့ ထိခိုက်မှုများစွာမရှိခြင်းသည် ၎င်းတို့၏ ထုတ်ကုန်များအတွက် အသုံးပြုမည့် ကုန်ကြမ်းများကို ပြည်တွင်းစားသုံးမှုအတွက် အသုံးပြုသည့်အုန်းသီးများမှ ရယူနိုင်သောကြောင့် ဖြစ်သည်။ ထိုလုပ်ငန်းများအတွက်ပင်လျှင် အုန်းသီးအထွက်နှုန်း မြင့်တက်လာခြင်းသည် ကုန်ကြမ်းဝယ်ယူမှုစရိတ်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကိုလျှော့ချရန် အခွင့်အလမ်းတစ်ခုဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ ထုတ်လုပ်မှုနှင့်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။

**အုန်းဆံမျှင်(Coco-Fibre)အခြေခံလုပ်ငန်းများ**

နှစ်စဉ် အုန်းသီးအလုံးရေ သန်း ၂၈၀၀ မှ ၃၀၀၀အတွင်း ထွက်ရှိ၍ သီရိလင်္ကာနိုင်ငံ၏ အုန်းသီးအများဆုံးထုတ်လုပ်သည့်ဒေသဖြစ်သည့်(Coconut Triangle)ပြင်ပ၌ပင် အုန်းဆံခွံများကို ကောင်းစွာရရှိနိုင်သည်။ သို့သော်အုန်းဆံခွံများကို စုဆောင်းရာတွင် သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများရှိသဖြင့် အုန်းဆံမျှင်နှင့် အုန်းဆံမှုန့်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်လာမှုကို အဟန့်အတားဖြစ်စေသည်။ အုန်းဆံခွံများကို ဒေသတွင်းတွင် ချက်ပြုတ်ရန် လောင်စာအဖြစ် အသုံးပြုခြင်းများကြောင့် ကုန်စည်နှင့် တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရန်အတွက် အုန်းဆံခွံ ရရှိနိုင်မှုကို အကန့်အသတ်ဖြစ်စေသည်။

**အုန်းမှုတ်ခွံအခြေခံလုပ်ငန်းများ**

သီရိလင်္ကာနိုင်ငံတွင် အုန်းဆံခွံကဲ့သို့ပင် အုန်းမှုတ်ခွံကို အုန်းမှုတ်ခွံမီးသွေး (Coconut Shell Charcoal)နှင့် သောက်သုံးရေနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကို သန့်စင်ရာတွင် အသုံးပြုသည့် ကာဗွန်(Activated Carbon)များ ထုတ်လုပ်ရာတွင် အသုံးပြုသည့်အပြင် လက်မှုအနုပညာပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများအတွက်လည်း အနည်းငယ်အသုံးပြုသည်။ ကမ္ဘာပေါ်တွင် Activated Carbon ဈေးကွက်သည် ၂၀၁၉ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၈၅၆ ဒသမ ၇သန်းရှိပြီး ၂၀၂၇ခုနှစ်တွင် အမေရိကန်ဒေါ်လာ၄၀၆၄ ဒသမ ၇ သန်းရောက်ရှိရန် စီမံကိန်းချမှတ်ထားပြီး ခန့်မှန်းထားသည့် ကာလအတွင်း နှစ်စဉ်စုစုပေါင်း တိုးတက်မှု ရာခိုင်နှုန်း (Compound Annual Growth Rate - CAGR)သည် ၄ဒသမ၈ ရာခိုင်နှုန်းဖြစ်သည်။ ရေသန့်စင်ခြင်း (Water Treatment)နှင့် ရေဆိုးသန့်စင်ခြင်း(Sewage Treatment)များအတွက် အသုံးပြုမှု တိုးလာခြင်းသည် Activated Carbon ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အဓိကအချက်တစ်ခုဖြစ်သည်။ Activated Carbon ဝယ်လိုအား မြင့်တက်လာခြင်းသည် သီရိလင်္ကာနိုင်ငံ၏ အုန်းမှုတ်ခွံ မီးသွေးနှင့် Activated Carbon ထုတ်လုပ်သူများနှင့် ကုန်သည်များအတွက် ကြီးမားသောတိုးတက်မှု အခွင့်အလမ်းတစ်ခုပင်ဖြစ်သည်။

**အုန်းသီးနှင့် အုန်းသီးအခြေခံထုတ်ကုန်များအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နည်း**

ကုန်ကြမ်းများ တည်ငြိမ်စွာရရှိစေရန် ထောက်ပံ့ရေး ကွင်းဆက်တစ်လျှောက်ရှိ အခက်အခဲများ (Supply Chain Bottlenecks)ကို ဖယ်ရှားခြင်း၊ ထုတ်ကုန်အသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တီထွင်ဆန်းသစ် ထုတ်လုပ်နိုင်ရန်အတွက် သုတေသနနှင့်နည်းပညာများဖွံ့ဖြိုးတိုးတက်စေရန် မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံခြင်း၊ စဉ်ဆက်မပြတ်လုပ်ငန်းစဉ် ဆောင်ရွက်မှုများ တိုးတက်စေခြင်း၊ ထုတ်ကုန်အရည်အသွေး မြှင့်တင်ခြင်း၊ စက်ရုံ၊ စက်ပစ္စည်းနှင့် သိုလှောင်ရုံများ အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေခြင်းတို့ဖြစ်သည်။ **Source: Srilanka Export Development Board**

# တညင်းကုန်းဈေးကြီး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇူလိုင် ၈ ရက်မှ ၁၄ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရှိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ)ကျပ် ၁၂၀၀ မှ ၁၅၀၀အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်) ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ ပန်းဂေါ်ဖီ (ထုပ်) ကျပ် ၆၀၀ မှ ၈၀၀အတွင်း၊ အာလူး(ပိဿာ)ကျပ်၁၈၀၀မှ၂၀၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၁၂၀၀ မှ ၁၇၀၀ အတွင်း ရွှေဖရုံသီး(လုံး) ကျပ် ၂၅၀၀ မှ ၃၅၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၈၀၀ မှ ၁၂၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) (ပိဿာ) ကျပ် ၁၂၀၀ မှ ၁၅၀၀ အတွင်း၊ ကြက်သွန်နီ (ဆိပ်ဖြူ) ကျပ် ၁၂၀၀ မှ ၁၇၀၀အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ)၂၀၀၀ မှ ၃၆၀၀အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၂၅၀၀ မှ ၂၈၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ဆလတ်ရွက်(စီး) ကျပ် ၁၀၀ မှ ၁၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၅၀ မှ ၁၀၀ အတွင်း၊ ခရမ်းသီး (ရှည်)(ပိဿာ) ကျပ် ၁၂၀၀ မှ ၁၇၀၀ အတွင်း၊ သံပရာသီး(လုံး) ကျပ် ၂၀ မှ ၁၀၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း)(ပိဿာ) ၁၅၀၀ မှ ၂၀၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး) ကျပ် ၂၅၀၀ မှ ၃၅၀၀ အတွင်းဖြစ်ကြောင်း သိရှိရသည်။

**မြင့်မြင့်စန်း**
**(ရန်ကုန်)**

# Master Feel Mill တိရစ္ဆာန်အစာတောင့် စက်ရုံနှင့် ပြည့်ဖြိုးကြွယ်ဆန်စက် စပါးခွံလောင်စာတောင့်လုပ်ငန်းတို့သို့ ကွင်းဆင်းလေ့လာ

စားသုံးသူရေးရာဦးစီးဌာန မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဦးစီးမှူး ဦးအောင်လွင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၁ ရက်တွင် ရန်ကုန်-ပုသိမ်ကားလမ်းဘေး ဆားမလောက်ကျေးရွာရှိ Master Frrl Mill တိရစ္ဆာန်အစာတောင့် စက်ရုံပိုင်ရှင်ဦးသိန်းဝင်း၏ စက်ရုံလုပ်ငန်းခွင်သို့ ကွင်းဆင်းလေ့လာခဲ့သည်။

အဆိုပါ ကွင်းဆင်းလေ့လာမှုတွင် တိရစ္ဆာန်အစာတောင့်စက်ရုံ ပိုင်ရှင် ဦးသိန်းဝင်းက စက်ရုံလုပ်ငန်းခွင်အတွင်း လိုက်လံပြသ၍ မိမိစက်ရုံရှိ BUHLER စက်အမျိုးအစားဖြင့် တစ်ရက်လျှင် အစာတောင့် တန်၄၀၊၅၀ ခန့် ကြိတ်ခွဲထုတ်လုပ်နိုင်ကြောင်း၊ အစာတောင့်ကုန်ချော ရရှိရန်အတွက် ဖွဲနုကို အဓိကထားပြီး တွဲဖက်ကုန်ကြမ်းများအဖြစ် ငါးခြောက်အရိုး၊ အသားမှုန့်၊ ပဲဖတ်၊ ပဲခွဲကြမ်း၊ နေကြာဖတ်၊ ဝါးဖတ်၊ ပဲပုပ်ဖတ်၊ ဆီအုန်းဖတ်တို့ဖြင့် တိရစ္ဆာန်များလိုအပ်သည့် ပရိုတိန်းဓာတ်များကို အချိုးကျတွဲဖက်၍ ငါးလေးစာ၊ ငါးလတ်စာ၊ ငါးကြီးစာများ ထုတ်လုပ်လျက်ရှိရုံသာမက ကြက်စာများကိုလည်း ထုတ်လုပ်လျက်ရှိကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ငါးစာများ၊ မွေးမြူရေးကြက်စာများကို ထုတ်လုပ်ရာတွင် မအူပင် မြို့နယ်နှင့် ညောင်တုန်းမြို့နယ်ရှိ ငါးမွေးမြူရေးကန်များနှင့် ကြက်မွေးမြူရေးလုပ်ငန်းများမှ ပိုင်ရှင်များကိုယ်တိုင် ကုန်ကြမ်းများ ပေးပို့၍ တိရစ္ဆာန်အစာတောင့်များ ကြိတ်ခွဲထုတ်လုပ်ပေးပြီး နဝလီ စက်ကြိတ်ခ တစ်ပိဿာ ၆၀ကျပ်နှုန်းဖြင့် ကြိတ်ခွဲထုတ်လုပ်ပေးလျက် ရှိကြောင်း သိရှိရသည်။

စားသုံးသူရေးရာဦးစီးဌာန၊ ညောင်တုန်းမြို့နယ်ဦးစီးမှူး ဦးအောင်လွင်က စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို အလေးပေး ဆွေးနွေးခဲ့ပြီး တိရစ္ဆာန်အစာတောင့်စက်ရုံ ညောင်တုန်း မြို့နယ်တွင် တည်ရှိသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ၊ ကြက်မွေးမြူရေးလုပ်ငန်းရှင်များ သယ်ယူစရိတ်သက်သာပြီး တိရစ္ဆာန်များ အတွက် အာဟာရပြည့်ဝသော အစာတောင့်များ ထုတ်လုပ်မှုကို ပိုမို ထုတ်လုပ်နိုင်သည့် နည်းလမ်းကောင်းများကို အပြန်အလှန် ဆွေးနွေး ခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန မအူပင်ခရိုင်ဦးစီးမှူးရုံးမှ ဒုခရိုင် ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့်ဝန်ထမ်းများသည် ဇူလိုင် ၇ ရက်တွင် မအူပင်မြို့နယ် လေ့ဆိပ်တာကောက်ရှိပြည့်ဖြိုးကြွယ် ဆန်စက်ပိုင်ရှင် ဦးကျော်မင်းစိုး၏ စပါးခွံလောင်စာတောင့်လုပ်ငန်းသို့ ကွင်းဆင်း လေ့လာခဲ့သည်။

အဆိုပါ ကွင်းဆင်းလေ့လာမှုတွင် ပြည့်ဖြိုးကြွယ်ဆန်စက်ပိုင်ရှင် ဦးကျော်မင်းစိုးက ဆန်စက်လုပ်ငန်းမှ ထွက်ရှိလာသော စပါးခွံများ သည် စွန့်ပစ်ပစ္စည်းမဖြစ်စေရန်အတွက် ရန်ကုန် ဘုရင့်နောင်ရှိ မျိုးမြတ်မွန်ကုမ္ပဏီလီမိတက် (ပြည်တွင်းပြည်ပ)မှ ထုတ်လုပ်သော စက်တစ်လုံးလျှင် ကျပ်သိန်း၅၀ ခန့်ရှိသည့် စပါးခွံလောင်စာတောင့် စက်ဖြင့် စပါးခွံနှစ်တင်းတစ်အိတ် လောင်းထည့်လျှင် စပါးခွံ လောင် စာတောင့် လေးပိဿာခန့်ထွက်ရှိသည်။ စက်လေးလုံးဖြင့် ၂၄နာရီ တစ်ရက်လျှင် အချိန်ပိဿာ ၂၀၊ အိတ်၃၀၀ခန့် ထွက်ရှိပြီး ပိဿာ ချိန် ၂၀တစ်အိတ်လျှင် ၃၀၀၀ကျပ်ဖြင့် ဖျာပုံမြို့၊ ပင်လယ်ရေလမ်း ကြောင်းနှင့် မြန်အောင်မြို့ရှိ ရေနံချက်ဖိုများသို့ တင်ပို့ရောင်းချရပြီး ဈေးကွက် ဝယ်လိုအား ရရှိနေသောလုပ်ငန်းဖြစ်ကြောင်း ပြောပြခဲ့ သည်။

CONSUMER(MT)

**သဇင် (မအူပင်)**

## ပြည်မြို့နယ်အတွင်း ကျေးလက်ဒေသများရှိ ကွမ်းပင်စိုက်ပျိုးမှုအခြေအနေ

ပြည်မြို့နယ်အတွင်းရှိ ကြာအင်း၊ ဖုမ္မသိမ်ရွာ၊ ပေါင်းတလည်မြို့ရှိ ကျေးလက်ဒေသများလည်း ကွမ်းပင်များကို တစ်ပိုင်စိုက်ပျိုးမှုရှိသလို စီးပွားဖြစ်လည်း စိုက်ပျိုးလျက်ရှိသည်။ ကွမ်းပင်စိုက်ပျိုးရာတွင် ကွမ်းခြံတစ်ခြံလျှင် ပျမ်းမျှအားဖြင့် ကွမ်းပင် ၁၀၀၀ ခန့် စိုက်ပျိုးကြသည်။ ကွမ်းညွှန့်တစ်ညွှန့်လျှင် ၁၀၀ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးကြပြီး အပင်၁၀၀၀ စိုက်ပျိုးလျှင် (အညွှန့်၊ တိုင်၊ အမိုး၊ အကာ၊ အလုပ်သမားခ အပါအဝင်) ကုန်ကျစရိတ်မှာ ကျပ်သုံးသိန်းခန့် ကုန်ကျသည်ဟု သိရသည်။

ကွမ်းပင်စိုက်ပျိုးပြီး ၄၅ ရက်ကြာလျှင် အညွှန့်အသေးလေးများ စတင်ထွက်ပေါ်လာပြီး နောက်ထပ် ၄၅ ရက်ကြာလျှင် စတင်ခူးယူရသည်။ ကွမ်းရွက်ကို ၁၅ ရက်တစ်ခါ ခူးယူရ၍ တစ်လလျှင် နှစ်ခါ ခူးယူရသည်။ ကွမ်းတစ်ထောင် စိုက်ပျိုးလျှင် ပျမ်းမျှ ကွမ်းရွက် ပိဿာချိန် ၃၀ ခန့် ထွက်ရှိသည်။ ကွမ်းခြံတစ်ခြံ၏ သက်တမ်းမှာ တစ်နှစ် သို့မဟုတ် ခြောက်လဖြစ်ပြီး ကွမ်းပင်အမျိုးအစားမှာ ဒေသအလိုက် အခေါ်အဝေါ် အမျိုးမျိုးရှိပြီး အများဆုံးစိုက်ပျိုးသည့်မျိုးမှာ ကွမ်းနုဝါမျိုးများဖြစ်သည်ဟု သိရသည်။

ဈေးကွက်အတွင်း ရောင်းချသည့် ကွမ်းရွက်ဈေးနှုန်းများမှာ ယခုအချိန်တွင် မိုးရာသီဖြစ်သည့်အတွက် ကွမ်းရွက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ ကွမ်းရွက်များကို ပြည်မြို့ဈေးကွက်များအပြင် ရန်ကုန်မြို့နှင့် ရခိုင်မြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**ခင်ဆွေဦး(ပြည်)**

## ကချင်ပြည်နယ်အတွင်း ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းအခြေအနေ

ကချင်ပြည်နယ်တွင် မိုးစပါးစိုက်ပျိုးချိန်ကာလဖြစ်သည့်အတွက် ဈေးကွက်အတွင်း သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အရောင်းသွက်လျက်ရှိသည်။

ဈေးနှုန်းများအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် ပုလဲ(ရွှေတောင်) ၅၀ ကီလိုတစ်အိတ်လျှင် ကျပ် ၉၇၀၀၀ ၊ တီစူပါ (တရုတ်သံကွင်း) ၅၀ကီလို တစ်အိတ်ကျပ် ၉၃၀၀၀ ၊ ကွန်ပေါင်း (အဲဗားဂရင်း) ၅၀ ကီလို တစ်အိတ်လျှင် ကျပ် ၉၃၀၀၀၊ ကွန်ပေါင်း (စိုးမိုးနိုင်) ၅၀ ကီလို တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ဆိုင်ရာမို (အာမို) ၅၀၀ စီစီ တစ်ပုလင်း လျှင် ၉၂၀၀၊ ဆိုဒ်ရင်(ဩဘာ) ၅၀၀ စီစီ တစ်ပုလင်းလျှင် ၉၀၀၀၊ ဒိုဇာ (ဩဘာ) ၁၀ဂရမ်တစ်ဘူးလျှင် ကျပ် ၂၀၀၀ ဈေးနှုန်းရှိပြီး စိုက်ပျိုးရေးသုံး သွင်းအားစုများအနေဖြင့် ဈေးနှုန်းတည်ငြိမ် လျက်ရှိကြောင်း စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များမှ သိရှိရသည်။

**အောင်ဇေယျ(ကချင်)**

## ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်ဆွေနှင့်ဝန်ထမ်းများ ဦးဆောင်၍ ဇူလိုင်လ ပထမ ပတ်တွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရေးနှင့် ဈေးကွက်လေ့လာစောင့်ကြည့် စစ်ဆေး ခြင်းကို ဇေယျာသီရိမြို့နယ်ရှိ ကျောက်ချက်ဈေးတန်းတွင် ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီ၌ ဆောင်ရွက်ခဲ့ရာ ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့က ပူးပေါင်းပါဝင်ခဲ့သည်။

ဈေးကွက်အတွင်း ရောင်းချနေသော ကုန်စည်များ ပေါ်တွင် ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာ ဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် ၂/၂၀၁၉အား သိရှိ လိုက်နာဆောင်ရွက်သွားရန် အသိပေးရှင်းလင်းပြောကြား ခြင်းများ ပြုလုပ်ခဲ့သည်။

မွန်းလွဲ ၁ နာရီတွင် ဇေယျာသီရိမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(ကျောက်ချက်)၌ စားသုံးသူ ကာကွယ် ရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးဝင့်ဝင့် အောင်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ နေပြည်တော်ခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး၊ ဦးခင်မောင်ဆွေက စားသုံးသူကာကွယ်ရေးဥပဒေ ပေါ်ပေါက် လာပုံနှင့် ဥပဒေတွင် ပါဝင်သော စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း၊ ဖြေရှင်း ဆောင်ရွက်ပြီးစီးခဲ့သော တိုင်ကြားမှုများအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ဒေါ်မြင့်မြင့်အေး၊ ဦးစီးမှူးက စားသုံး သူများ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ စားသုံးသူရေးရာ ဦးစီးဌာနတွင် တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ၊Call Center ဖုန်းနံပါတ်နှင့် Website လိပ်စာတို့ကို အသိပေးပြောကြား ခဲ့သည်။

**မြင့်နိုင်(နေပြည်တော်)**

## ဈေးကွက်စောင့်ကြည့်စစ်ဆေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ဥတ္တရခရိုင်ဦးစီးမှူးနှင့် ဒက္ခိဏခရိုင်ဦးစီးမှူး၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်ပူးပေါင်း၍ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီ တွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးစေခြင်းကို ဇမ္ဗူသီရိမြို့နယ်ရှိ စိန်ဒေါင်းစူပါစတိုး၊ SPIRIT စတိုးနှင့် ပျဉ်းမနားမြို့နယ်ရှိ စိန်ဒေါင်းစူပါစတိုး တို့တွင် Mistine အလှကုန်ပစ္စည်းများ၊ ထိုင်းနိုင်ငံထုတ် Gano အမှတ်တံဆိပ် ကော်ဖီ (3 in 1)၊ သွားတိုက်ဆေးနှင့် ဖြည့်စွက်အစားအစာများတွင် မြန်မာ ဘာသာဖြင့် ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ အလှကုန် ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်း၊ FDA ၏ ထောက်ခံချက်များပါရှိကြောင်း စိစစ်တွေ့ရှိခဲ့ရသည်။

ထိုင်းနိုင်ငံထုတ် Gano အမှတ်တံဆိပ် ကော်ဖီ (3 in 1)၊ သွားတိုက်ဆေး နှင့် ဖြည့်စွက်အစားအစာများ ရောင်းချခြင်းမရှိကြောင်းနှင့် ဒက္ခိဏခရိုင် ဦးစီးမှူးက စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက် အမှတ် ၂/ ၂၀၁၉ အား သိရှိလိုက်နာဆောင်ရွက်သွားရန် အသိပေးရှင်းလင်း ပြောကြားခဲ့သည်။

**ထွန်းမင်းသန့်(နေပြည်တော်)**

# မိတ္ထီလာခရိုင်တွင်း မိုးနေကြာ စိုက်ပျိုးရန်ပြင်ဆင်နေ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း မိုးနေကြာ မျိုးစေ့ထုတ် စိုက်ဧက ၁၃၅ ဧက စိုက်ပျိုးရန် လျာထားပြီးဖြစ်သည်။ စိုက်ပျိုးသော မျိုးများမှာ စင်ရွှေကြာနှစ်မျိုးနှင့် ရေဆင်း(၁) မျိုးတို့ဖြစ်သည်။ မျိုးစေ့ထုတ်နေကြာများမှာ မေလဆန်းတွင် စိုက်ပျိုး၍ ဩဂုတ်လဆန်းတွင် ရိတ်သိမ်းမည်ဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာန နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ နည်းပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်ဇရိယာ ကျယ်ပြန့်လာစေရေးအတွက် ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထွက်ရှိလာသော မိုးနေကြာမျိုးစေ့များကို ဒေသအတွင်း နေကြာစိုက်ပျိုးမည့် တောင်သူများထံ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်၍ ပိုလျှံမျိုးစေ့များကို တိုင်းဒေသကြီးအတွင်း ဖြန့်ဖြူးရောင်းချပေးမည် ဖြစ်ကြောင်း၊ တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်းများလည်းရှိ ကြောင်း သိရှိရသည်။ မိုးနေကြာမျိုးစေ့ထုတ် စိုက်ပျိုးသည့် တောင်သူ များအား တစ်ဧကလျှင် ယူရီးယားမြေဩဇာ အိတ်ဝက်နှုန်းကို တိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း၊ တောင်သူများမှာလည်း ယခုအခါ မိုးနေကြာစိုက်ပျိုးရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးနေလင်း (မိတ္ထီလာ)**

# ရှမ်းတောင် နာနတ်သီးအကြောင်း တစေ့တစောင်း

S.Y.H(Tgi)

ယနေ့ ကမ္ဘာပေါ်တွင် လူသားတို့စားသုံးသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အမျိုးအစားပေါင်း ထောင်ဂဏန်းရှိသော်လည်း လက်ရှိပစ္စုပ္ပန်ကာလထိ စားသုံး၍ရသည့် Bromeliad နွယ်ဝင် သစ်သီးတစ်မျိုးတည်းသာရှိနေသည်။ နာနတ်သီးသည် ရင်ကို အေးမြစေပြီး ကိုလက်စထရော ပါဝင်မှုနည်းပါးပြီး လူသားတို့ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်တို့ စုဝေးရာ အရင်းအမြစ်လည်းဖြစ်သည်။ ကမ္ဘာပေါ်တွင် နာနတ်သီးမျိုးခွဲပေါင်း ၂၀၀၀ ကျော်ရှိသည်။ စရိတ်နည်းနည်းဖြင့် စိုက်ပျိုးနိုင်သော အသီးလည်းဖြစ်သည်။ နာနတ်သီးမှာ ဗီတာမင်ဓာတ် ကြွယ်ဝစွာပါဝင်သည့် သီးနှံဖြစ်ပြီး နာနတ်သီးမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ဈေးကွက်တန်ဖိုးကိုမြင့်မားစေသောကြောင့် ကမ္ဘာ့နိုင်ငံများတွင်အများအပြားစိုက်ပျိုးပြီးရောင်းလိုအား ဝယ်လိုအားမြင့်မားသောသီးနှံတစ်မျိုးဖြစ်သည်။

နာနတ်ပင်တို့၏ မြစ်ဖျားခံရာဒေသမှာ တောင်အမေရိကတိုက်၏ အပူပိုင်းဇုန်ဖြစ်သည့် ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံတို့ဖြစ်သည်။ ယင်းနိုင်ငံများတွင် အစဦးပိုင်း နာနတ်သီးကို မနှစ်သက်ကြသော်လည်း နောက်ပိုင်းတွင် နာနတ်သီးက ဗီတာမင်စီဓာတ်ချို့တဲ့မှုကြောင့်ဖြစ်တတ်သည့် သွေးရောဂါများကို ပျောက်ကင်းစေနိုင်သော ဆေးဖက်ဝင်အသီးအဖြစ် သိရှိလာခဲ့ချိန်မှစ၍ နာနတ်သီးသည် ရေပန်းစားလာခဲ့သည်။ အင်္ဂလိပ်လူမျိုးတွေက Pineappleဟု ခေါ်ကြခြင်းမှာ နာနတ်သီးအခွံသည် ထင်းရှူးအတွဲနှင့်တူသည့်အတွက်ဖြစ်သည်။ သို့သော် ဥရောပတိုက်သား အများစုမှာ ဒေသရင်းခံ ရက်အင်ဒီးယန်းများ ခေါ်ကြသည့် Anana (အန်နာနာ)အမည်ကိုသာ အသုံးပြုကြသည်။ နာနတ်သီးသည် အရသာ ချိုမွှေးအေးမြသည့်အတွက် လူအများ နှစ်သက်စွာ စားသုံးကြသကဲ့သို့ ကျန်းမာရေးအတွက်လည်း အကျိုးအထူးပေးသည်။ ထို့နောက် အာဖရိကနှင့် အာရှတိုက်များသို့ နာနတ်သီး စားသုံးသော ယဉ်ကျေးမှုပျံ့နှံ့လာပြီး ယခုအခါ နာနတ်သီးသည် ကမ္ဘာသုံးအသီးအနှံတစ်ခုဖြစ်လာသည်။

မြန်မာနိုင်ငံတွင် နာနတ်သီးကို မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် စိုက်ပျိုးကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်မြောက်ပိုင်း) ရပ်စောက်၊ နမ်စန်၊ မိုင်းကိုင်၊ သီပေါ၊ ဧရာဝတီ၊ ပဲခူးအနောက်၊ မွန်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးဖြစ်ထွန်းသည်။ ပင်လယ်ရေမျက်နှာပြင် အမြင့် ၁၅၂၅ မီတာအထိ စိုက်ပျိုးနိုင်ပြီး အသင့်တော်ဆုံး မိုးရေချိန်မှာ ၁၅၀ စင်တီမီတာဖြစ်သည်။ မြေဆီသြဇာ ထက်သန်ပြီး ရေစီးစိမ့်ဝင်မှုကောင်းသော သဲဆန်သည့် မြေ၊ နုန်းမြေ၊ ဂဝံမြေနီများသည် နာနတ်သီးစိုက်ပျိုးဖြစ်ထွန်းနိုင်သည့်မြေများဖြစ်သည်။ နာနတ်သီးကို ဇွန်လနှင့်ဇူလိုင်များတွင် အများဆုံး စိုက်ပျိုးကြသည်။

စတင်စိုက်ပျိုးချိန်မှ တတိယနှစ်တွင် အသီးခူးဆွတ်ရရှိပြီး သက်တမ်း ခုနစ်နှစ်အထိ အသီးခူးဆွတ်ရရှိသည်။ ဇူလိုင်လတွင် စတင်ထွက်ပေါ်ပြီး ဩဂုတ်လတွင်လှိုင်လှိုင်ထွက်ရှိသည်။နာနတ်သီးသည် နှစ်လတ်သီးနှံဖြစ်သည်။ အသီးအောက်မှ ထွက်ရှိသော သားတက်များ slip များနှင့် ပင်စည်မှ ထွက်လာသော သားတက် Sucker ကို စိုက်ပျိုးခြင်းသည် အသီးပေါ်မှ ထွက်လာသောအပင် (Crown) ကို စိုက်ပျိုးခြင်းထက် ပိုမိုကောင်းမွန်ပါသည်။ စိုက်ပျိုးသည့် အမျိုးအစား ကွဲပြားသည်နှင့်အညီ အပင်ကြီးထွားမှု၊ အပင်ညီညာမှု ကွာခြားပါသည်။ ယင်းအချက်သည် နာနတ်သီး အထွက်ကောင်းရန် ဆောင်ရွက်ရမည့်အချက်ဖြစ်သည်။ စိုက်ပျိုးနည်းစနစ်မှာ မြေပြင်အနေအထားနှင့် မိုးရေချိန် ပေါ် မူတည်၍ ကွဲပြားပါသည်။မြေဆီလွှာတိုက်စားမှုမရှိသောနေရာများတွင် စိုက်ကျင်းတူး၍ တူးဖော်စနစ်ဖြင့် စိုက်ပျိုးကြသည်။ ၁၅-၂၀ စင်တီမီတာအနက်ရှိ စိုက်ကျင်းများကို တူး၍ စိုက်ပျိုးကြသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နာနတ် စိုက်ပျိုးရန်အတွက် ထွန်စက်ဖြင့် ထယ်ထိုးခြင်း၊ ဘောင်ဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး စိုက်ပျိုးကြသည်။ ခြောက်ပေ အကျယ်ရှိသော ဘောင်နှစ်ဘောင်ကြားတွင် ထွန်စက်ဖြင့် မြောင်းများကို တူးဖော်၍ နာနတ်ပင်များကို တစ်ပင်နှင့်တစ်ပင် တစ်ပေခြားစီခြားပြီး တြိဂံပုံစံဖြင့် စိုက်ပျိုးကြသည်ကို လေ့လာသိရှိရသည်။ တစ်ဧက ဆံ့ဝင်အပင်မှာ ၁၅၀၀၀ မှ ၂၀၀၀၀ ခန့် ဆံ့ဝင်ပါသည်။ ပင်စည်မှ ထွက်လာသော သားတက်များကို စိုက်ပျိုးပါက နှစ်နှစ်အတွင်းရရှိမည်ဖြစ်ပြီး အသီးပေါ်မှအပင်ကိုစိုက်ပျိုးပါကသုံးနှစ်ကျော်မှသာအသီးရရှိမည်ဖြစ်သည်။

အပင်စိုက်ပျိုးပြီး ၁၁-၁၂ လအကြာတွင် ပန်းပွင့်ပြီး ၁၅-၁၈ လအကြာတွင် ရိတ်သိမ်းနိုင်သောအဆင့်ရရှိနိုင်ပါသည်။ ဆောင်းရာသီတွင် ရင့်မှည့်သောအသီးများမှာ အချဉ်ဓာတ်များသည်။ စည်သွတ်ရန်အတွက်ဖြစ်လျှင် ကြီးထွားဆဲအသီး၏အခြေတွင် အရောင်အနည်းငယ် ပြောင်းလျှင် ခူးဆွတ်နိုင်ပါသည်။ ခူးဆွတ်ရာတွင် နာနတ်သီး အူတိုင်ကို တစ်လက်မခန့်ထား၍ဓားဖြင့် ခုတ်ယူ ခူးဆွတ်ရန် လိုအပ်သည်။ ရင့်မှည့်သည့်အသီးများကို ရွေးချယ်ခူးဆွတ်ရမည်။ လတ်လတ်ဆတ်ဆတ် စားသုံးရန်အတွက်ဖြစ်လျှင် အသီးအရောင်ရွှေဝါရောင် ဖြစ်လာသည်အထိ ထားရှိရပါမည်။ ခူးဆွတ်ပြီးအသီးများကို ညင်သာစွာ ကိုင်တွယ်ရပါမည်။ အသီးပေါ်ရှိအပင်ပါသည့် အသီးကို ခူးဆွတ်ပြီး ၁၀ရက်မှ ၁၅ရက်အထိ ထားသိုနိုင်ပါသည်။

နာနတ်တွင် ပိုးမွှားရောဂါကျရောက်မှု နည်းပါးပါသည်။ နာနတ်စိုက်ခင်းတွင် ပိုးကျရောက်မှုနည်းသော်လည်း နာနတ် စိုက်ပျိုးမည့်မြေများတွင် အင်းဆက်ပိုးများရှိနေနိုင်ပြီး ယင်းပိုးများ မြေကြီးအတွင်းမှ အမြစ်များအား ကိုက်ဖြစ်သည်။ ထိုမှတစ်ဆင့် အသီးအတွင်းနှင့် အရွက်များအထိပါ ကိုက်ဖျက်စားသုံးခြင်းများ ပြုလုပ်နိုင်သောကြောင့် နာနတ်မစိုက်မီ မြေကြီးများအား တူးဖော်ပြီးလျှင် ပိုးသတ်ဆေး(မှိုသတ်ဆေး)တစ်မျိုးကို ပက်ဖျန်းပေးရသည်။ အသီးမသီးမီအချိန်တွင်လည်း စိုက်ခင်းအား ပိုးသတ်ဆေး (မှိုသတ်ဆေး) တစ်မျိုး ဖျန်းပေးရသည်။ နာနတ်သီးတွင် ကျရောက်တတ်သော အသီးစားပိုး(ဒေသအခေါ် ခူယား)မှာလည်း နာနတ်သီးများကို ကိုက်ဖျက်စားသုံးခြင်း မဟုတ်ဘဲ ပုပ်သွားသော (အမှည့်လွန်သွားသော) အသီးများကိုသာ စားသုံးခြင်းဖြစ်သည်။ ဆီးနှင်းများ ကျရောက်မှုအား ကာကွယ်ရန် အပင်ငယ်များကိုကောက်ရိုးဖြင့်ဖုံးအုပ်ပေးရသည်။

နာနတ်သီးသည်အသားဓာတ်များသောသီးနှံဖြစ်၍ လူကြိုက်များသောသီးနှံတစ်မျိုးဖြစ်သည်။ နာနတ်သီးတွင် ဗီတာမင်စီ ချို့တဲ့မှုကြောင့်ဖြစ်တတ်သည့် သွေးရောဂါများကို ပျောက်ကင်းစေနိုင်သော ဆေးဖက်ဝင်အပင်ဖြစ်သည်။ ကိုလက်စထရောပါဝင်မှု နည်းပါးပြီး လူသားတို့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်တို့ စုဝေးရာ အရင်းအမြစ်လည်းဖြစ်သည်။ နာနတ်သီးသည် Bromelin ဟုခေါ်သော အင်ဇိုင်းတစ်မျိုးပါဝင်သည့် တစ်ခုတည်းသောအသီးဖြစ်သည်။ အထူးသဖြင့် အသီးအလယ် အူတိုင်ထဲရှိ Bromelain ဓာတ်က ကျန်းမာရေးကို ကောင်းကျိုးပြုသည်။ ကိုယ်ခံအားကို မြှင့်တင်ပေးပြီး အထူးသဖြင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးပါသည်။ နာနတ်သီးသည် အရသာရှိပြီး အာဟာရပြည့်ဝစွာ ပါဝင်သောကြောင့် နာနတ်သီးကို များသောအားဖြင့် အစိတ်ကလေးများအဖြစ် စားသုံးလေ့ရှိပြီး ဖျော်ရည်၊ ယိုစုံအဖြစ်လည်း စားသုံးကြသည်။ ကျောက်ကျော၊ ဂျယ်လီ၊ သကြားလုံး၊ ပီကေ စသည်တို့အပြင် ကြာရှည်အထားခံရန် အရည်ညှစ်၍ သစ်သီးခြောက်လုပ်၍လည်းကောင်း၊ စည်သွတ်ဘူးဖြင့်လည်းကောင်း စားသုံးကြသည်။

ဟင်းလျာများတွင်လည်း အရသာထူးစေရန် အမျိုးမျိုးအဖုံဖုံ သုံးဆောင်နိုင်ကြသည်။ လူနီအင်ဒီးယန်း လူမျိုးများသည် နာနတ်သီးကို ဆေးဖက်ဝင် အစာကြေဆေးအဖြစ်လည်းကောင်း၊ အသားနုတက်ဆေး Healer အဖြစ်လည်းကောင်း သုံးစွဲကြသည်။ အင်ဒီးယန်းအမျိုးသမီးများသည် နာနတ်သီး အသားဖတ်များဖြင့် ခန္ဓာကိုယ်အနှံ့ ပွတ်သပ်ကာ အသားအရေစိုပြည်အောင် ပြုပြင်ကြသည်။ အရေပြားပေါ်တွင် ဖြစ်တတ်သော ကြွက်နို့များ၊ အဖုအသားမာများကိုလည်း ချေဖျက်ပေးနိုင်သည်။ ဆေးဖက်ဝင် အစွမ်းထက်သော Bromelain သည် နာနတ်ရွက်မှ အသီးအထိ ကြွယ်ဝစွာပါဝင်ပါသည်။ Bromelain သည် နှလုံးရောဂါကို ကုသရာတွင် ထိရောက်သော အထောက်အပံ့ဖြစ်စေသလို သွေးခဲခြင်းနှင့် သွေးယိုစိမ့်ခြင်း အစွန်းနှစ်ဖက်ကို ထိန်းချုပ်နိုင်စွမ်းရှိသည်။ မျက်လုံးအမြင်အာရုံအတွက် စားသုံးပေးနိုင်သလို အရိုးခိုင်မာ သန်စွမ်းရန်အတွက် တစ်ရက်လျှင် နာနတ်ဖျော်ရည်တစ်ခွက် သောက်သုံးသင့်သည်ဟုလေ့လာသိရှိရသည်။အရေပြား တွန့်ခြင်းကိုလည်း ကာကွယ်ပေးသည်။ ဒေသတွင်းထွက် နာနတ်ဝိုင်အဖြစ်လည်း အသုံးပြုကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နာနတ်သီးစိုက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီး အထွက်နှုန်း ၄၀၀၀ ကျော် ထွက်ရှိသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆီဆိုင်၊ နမ့်စန်၊ မိုင်းကိုင်၊ မိုင်းပန် စသည့်မြို့နယ်များတွင် အများဆုံးစိုက်ပျိုးသည်။ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သော တောင်သူများအနေဖြင့် အနီးတစ်ဝိုက်ရှိ မြို့နယ်များအတွင်း ငါးရက်တစ်ဈေးများတွင်လည်းကောင်း၊ တချို့တောင်သူများမှာ ခြံပြတ်စနစ်ဖြင့်သာ ရောင်းချကြသည်။ ခြံပြတ်စနစ်မှာ ခြံပိုင်ရှင်များက နာနတ်သီးကို တာဝန်ယူ ပြုစုထိန်းသိမ်းစောင့်ရှောက်ရပြီး ခူးဆွတ်ချိန်ရောက်လျှင် ခြံပြတ်ဝယ်ယူသူကလာရောက်ခူးဆွတ်သည်။

ရန်ကုန်သို့ တင်ပို့ရောင်းချခြင်းမရှိသော်လည်း ရန်ကုန်မှ ကုန်သည်ပွဲစားများက ကျေးရွာစိုက်ခင်းအထိ လာရောက်ဝယ်ယူမှုများလည်းရှိသည်။ ပြည်နယ်တွင်း မြို့ပေါ်များရှိ စတိုးဆိုင်များ၊ကိုယ်ပိုင်အိမ်ဆိုင်ငယ်များသို့လည်း တင်ပို့ရောင်းချကြသည်။ ပြည်နယ်အတွင်း မြို့နယ်ချင်းဆက်လမ်းများ ကောင်းမွန်ခြင်းကြောင့် သယ်ယူပို့ဆောင်မှု အခက်အခဲမရှိပါ။ မြို့နယ်များရှိ ငါးရက် တစ်ဈေးသို့ တင်ပို့ရောင်းချရာတွင် ကိုယ်ပိုင်ယာဉ်များ၊ ထော်လာဂျီများဖြင့် သယ်ယူတင်ပို့ရောင်းချကြသည်။ ရန်ကုန်၊ နေပြည်တော်များသို့ ၁၀ ဘီးကားများဖြင့် သယ်ယူတင်ပို့ရောင်းချကြသည်။ နာနတ်သီးများမှာ နမ့်စန်မြို့နယ်တွင် ဇွန်နှင့်ဇူလိုင်လများတွင် ထွက်ရှိပြီး ဆီဆိုင်၊ မိုင်းကိုင်မြို့နယ်မှ ဇူလိုင်လကုန် ဩဂုတ်လများတွင် ထွက်ရှိသည်။ လက်ရှိဒေသပေါက်ဈေးနှုန်းမှာ ရိုးရိုးအသီး တစ်လုံး ကျပ် ၄၀၀ မှ ၈၀၀၊ အရည်ရွှမ်းသီး(ပျား)တစ်လုံး ကျပ် ၁၀၀၀ မှ ၁၅၀၀ ဖြစ်သည်။ လက်ရှိအခြေအနေတွင် ပြည်နယ်တွင်းရှိ မြို့နယ်များသို့လည်းကောင်း၊ ရန်ကုန်၊ နေပြည်တော်သို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိသည်။ သီးနှံဖျော်ရည်လုပ်ငန်း၊ ဝိုင်လုပ်ငန်း များလုပ်ကိုင်သော လုပ်ငန်းရှင်များကလည်း ဝယ်ယူလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စိုက်ပျိုးထွက်ရှိသော နာနတ်သီးများသည် ပြည်တွင်းစားသုံးမှုအတွက်သာ အဓိကစိုက်ပျိုးထုတ်လုပ်သည်။ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းစဉ်များမှာလည်း မိရိုးဖလာလုပ်ငန်းများအတိုင်း စိုက်ပျိုးထားသည့်အတွက် ပြည်ပတင်ပို့ရောင်းချရာတွင် လိုအပ်သည့် အဆင့်မြင့်နည်းပညာများဖြင့် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပါသည်။ ပြည်တွင်း နာနတ်သီးနှင့်ပတ်သက်သည့် တန်ဖိုးမြှင့်တင်ထုတ်လုပ်နိုင်သည့် စက်ရုံ၊အလုပ်ရုံများ ပိုမိုထွန်းကားလာမှ သာ နာနတ်သီးစိုက်ပျိုးထုတ်လုပ်မှုသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သုံးသပ်မိပါသည်။ နာနတ်သည် ရေအရမ်းဆာသောအပင်မဟုတ်သဖြင့် အခြားစရိတ် လုပ်ခသက်သာခြင်း၊ အကြမ်းခံနိုင်ခြင်းတို့ကြောင့် နာနတ်ပင်သည် စီးပွားဖြစ်စိုက်ပျိုးသင့်သော သီးနှံဖြစ်၍ နာနတ်သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းအား စဉ်ဆက်မပြတ် ဆောင်ရွက်ကြမည့်အပြင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သင့်သောသီးနှံဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်သည်။

**Ref:Wikipedia.org**

## မြိတ်မြို့ရှိ ရွှေငါးမုန့်ကြော်လုပ်ငန်းအား ကြည့်ရှုစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြိတ်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြိတ်မြို့ ပုလဲဒီပါရပ်ကွက် ကချင်လမ်းရှိ ရွှေငါးမုန့်ကြော်လုပ်ငန်းသို့ ဇူလိုင် ၈ ရက် နံနက် ၁၀နာရီတွင် သွားရောက်၍ ရွှေငါးမုန့်ကြော် လုပ်ငန်းရှင်နှင့်တွေ့ဆုံကာ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန် အချက်အလက်များ ရှင်းလင်းပြောကြားခြင်းနှင့် ငါးမုန့်ကြော် ထုတ်လုပ်ထုပ်ပိုးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ငါးမုန့်ကြော် ထုတ်လုပ်ထုပ်ပိုးရာတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များအား ဖော်ပြထားရှိပြီး သက်ဆိုင်ရာဌာန၏ အစားအသောက်ထောက်ခံချက် ရရှိထားသည့်အပြင် စနစ်တကျထုပ်ပိုးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းပြောကြားပြီး အစားအသောက်သန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထား ထုတ်လုပ်ရောင်းချရန်၊ သက်တမ်းလွန် အစားအသောက် မဖြစ်စေရေးဂရုပြုဆောင်ရွက်ကြရန်နှင့်အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်းနိုင်(မြိတ်)**

# တစ်နှစ်လျှင်သုံးသီး ပြောင်းလဲစိုက်ပျိုးကြပါစို့

ဝေဝေမင်း(ပြည်)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် နိုင်ငံဖြစ်သည့်အတွက် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသကဲ့သို့ ပဲကိုလည်း ဒုတိယ ဦးစားပေး၍ စိုက်ပျိုးကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၌ နေထိုင်ကြသော လူဦးရေအများအပြားတွင် ၇၀ရာခိုင်နှုန်းမှာ စိုက်ပျိုးသူ တောင်သူများဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများအနေဖြင့် စပါးစိုက်ပျိုး ရိတ်သိမ်းပြီးလျှင် ပုံမှန်အားဖြင့် ပဲသီးနှံနှင့် အခြားသီးနှံများ ဆက်လက်စိုက်ပျိုးကြသည်။ ယခုအချိန်တွင် တစ်နှစ်ကို စပါးပြီးပဲ နှစ်သီးစိုက်ပျိုးခြင်းမှ စပါးပြီးပဲ၊ ပဲပြီးပဲဟူ၍ သုံးသီးပြောင်းလဲ စိုက်ပျိုးနေကြောင်း သိရသည်။

ပြည်ခရိုင် ပြည်မြို့အတွင်းရှိ ငါးရွာကျေးရွာအုပ်စုတွင် တစ်နှစ်ကို သုံးသီးစိုက်ပျိုးသော စိုက်ကွင်းသို့ ပြည်ခရိုင်ဦးစီးမှူး ဦးမင်းဆွေနှင့် အဖွဲ့သည် ဇွန် ၂၃ရက် နံနက်ပိုင်းတွင် ကွင်းဆင်းလေ့လာခဲ့ရာ လတ်တလောအနေဖြင့် စပါး၊ မတ်ပဲနှင့်ပဲတီစိမ်း(ရွှေဝါ)သီးနှံများကို စမ်းသပ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ တစ်နှစ်ကို သုံးသီးရရှိနိုင်ရန် ပထမသီးနှံအဖြစ် ဇူလိုင်လဆန်းမှ အောက်တိုဘာလကုန်အထိ ရက် ၁၂၀ သက်တမ်းရှိစပါးမျိုးကိုလည်းကောင်း၊ ဒုတိယသီးနှံအဖြစ် မတ်ပဲကို နိုဝင်ဘာလဆန်းမှ ဇန်နဝါရီလကုန်အထိလည်းကောင်း၊ တတိယသီးနှံအဖြစ် မိုးကြိုပဲတီစိမ်းကို မတ်လ ဒုတိယပတ်မှ ဇွန်လ ဒုတိယပတ်အထိလည်းကောင်း စမ်းသပ်စိုက်ပျိုးလျက်ရှိရာ အောင်မြင်မှုရရှိကြောင်း သိရသည်။

ပထမသီးနှံဖြစ်သောစပါးကို စိုက်ပျိုးရာတွင် ဇွန်လအတွင်း ပျိုးဗန်းဖြင့် ပျိုးထောင်၍ ဇူလိုင်လဆန်းတွင် စတင်စိုက်ပျိုးသည်။ စိုက်ပျိုးသည့်စပါးမျိုးမှာ ချမ်းမြေ့မေစပါးမျိုးဖြစ်ပြီး မျိုး(CS)အဖြစ် စိုက်ပျိုးထုတ်လုပ်ကြောင်း သိရသည်။ ချမ်းမြေ့မေစပါးမှာ တစ်ဧကလျှင် တင်း ၁၀၀ခန့်ထွက်ရှိ၍ မျိုးပေးထားသည့်ကုမ္ပဏီမှလည်း ထွက်ရှိလာသည့် စပါးများကို တစ်တင်းလျှင် ၁၈၀၀၀ ကျပ်နှုန်းဖြင့် ပြန်လည်ဝယ်ယူသည်။ ချမ်းမြေ့မေစပါးစိုက်ပျိုးသော တောင်သူများအနေဖြင့် တစ်တင်းလျှင် ၁၈၀၀၀ ကျပ်ဖြင့် ပြန်လည်ရောင်းချရသဖြင့် တစ်ဧကဝင်ငွေအနေဖြင့် ကျပ် ၁၈သိန်းခန့် ရရှိသည်။ တစ်ဧက စိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်အနေဖြင့် ကျပ်ခုနစ်သိန်းခန့် ကုန်ကျပြီး အသားတင် အကျိုးအမြတ်အနေဖြင့် ကျပ် ၁၁ သိန်းခန့် ရရှိကြောင်း သိရသည်။

ဒုတိယသီးနှံအဖြစ် မတ်ပဲကိုစိုက်ပျိုးရာတွင် စိုက်ပျိုးသောမျိုးမှာ ရေဆင်းမျိုးကိုသာ စိုက်ပျိုးပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၁၆တင်းခန့်ထွက်ရှိသည်။ ယခုနှစ်တွင် မတ်ပဲဈေးများကောင်းမွန်သဖြင့် တစ်တင်းလျှင် ၄၇၀၀၀ ကျပ်ခန့်ရရှိ၍ တစ်ဧကလျှင် ကျပ်ခုနစ်သိန်းခွဲခန့် ဝင်ငွေရရှိသည်။ မတ်ပဲစိုက်ပျိုးရာတွင် တစ်ဧက စိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်အနေဖြင့် ပျမ်းမျှ ကျပ်နှစ်သိန်းခန့် ကုန်ကျသည့်အတွက် အသားတင် အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ်ငါးသိန်းခွဲခန့်ရရှိကြောင်း လေ့လာသိရှိရသည်။

တတိယသီးနှံအဖြစ် ပဲတီစိမ်းကိုဒေသမျိုးသာ စိုက်ပျိုးပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းမှာ ၁၂တင်းခန့် ထွက်ရှိသည်။ ပဲတီစိမ်းတစ်တင်းလျှင် ၄၀၀၀၀ ကျပ်နှုန်း ရောင်းချရသဖြင့် တစ်ဧက ဝင်ငွေမှာ ကျပ်လေးသိန်းရှစ်သောင်းခန့်ရရှိပြီး တစ်ဧက စိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်အနေဖြင့် ကျပ်နှစ်သိန်းကုန်ကျသဖြင့် အကျိုးအမြတ်အနေဖြင့် ကျပ် နှစ်သိန်းကျော်ရရှိကြောင်းသိရသည်။ တစ်နှစ် သုံးသီးစိုက်ပျိုးသူ တောင်သူများအနေဖြင့် တစ်နှစ်ပျမ်းမျှ ဝင်ငွေမှာ ကျပ် ၁၈သိန်းငါးသောင်းကျော် ရရှိနိုင်မည်ဟု ခန့်မှန်းသိရှိရသည်။

စိုက်ပျိုးသီးနှံများ၏ လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့ကို အပြည့်အဝသုံးစွဲပြီး အဓိကလိုအပ်ချက်ဖြစ်သည့်ရေကို ဒေသသဘာဝအရ ရေလျှံတွင်းများမှ ရရှိပြီး ရေသွင်းရေထုတ် လိုအပ်သလို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တစ်နှစ်သုံးသီးစိုက်ပျိုးနေခြင်းအား ကွင်းဆင်းလေ့လာရာတွင် တွေ့ရှိချက်များမှာ ပုံမှန်စပါးနှင့် မတ်ပဲ နှစ်သီးသာ စိုက်ပျိုးခြင်းထက် သုံးသီးစိုက်ပျိုးပါက တစ်ဧက အကျိုးအမြတ်ရရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုလျက်ရှိပြီး သွင်းအားစုများ စနစ်တကျထည့်သွင်းအသုံးပြုကြောင်း၊ သွင်းအားစု ထည့်သွင်းအသုံးပြုရာတွင် ပထမသီးနှံဖြစ်သည့် စပါးတွင် အသုံးပြုထားသော သွင်းအားစုများမှာ လယ်မြေအတွင်း အာဟာရဓာတ်များ ကျန်ရှိနေမှုကြောင့် ဒုတိယစိုက်ပျိုးမည့် မတ်ပဲသီးနှံများအတွက် အကျိုးရရှိပြီး တတိယ စိုက်ပျိုးမည့် ပဲတီစိမ်းသီးနှံအတွက် အနည်းငယ်သာ အသုံးပြုရ၍ သီးနှံတစ်ခုချင်းအလိုက် သွင်းအားစုများ ထည့်သွင်းသုံးစွဲရမှုထက် ပိုမိုသက်သာမှုရှိကြောင်း သိရသည်။

စပါးနှင့် ပဲများစိုက်ပျိုးရာတွင် ရေလိုအပ်ချက်အတွက် ယခုလယ်မြေတွင် သဘာဝရေလျှံတွင်းများရှိ၍ အဆင်ပြေသော်လည်း အချို့တောင်သူများအနေဖြင့် သုံးသီးစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးသည့် လယ်မြေအနီးတွင် သဘာဝမြစ်ချောင်းနှင့် ဆည်မြောင်းလက်တံများ လိုအပ်သလို မြစ်၊ ချောင်းနှင့် ဆည်မြောင်းလက်တံများ မရှိသော စိုက်ပျိုးမြေအနီးတွင် ကိုယ်ပိုင် အဝီစိတွင်းများရှိရန် လိုအပ်ကြောင်း၊ သီးနှံများအားလုံးသည် သဘာဝရာသီဥတုကိုမှီခို၍ စိုက်ပျိုးရခြင်းဖြစ်သဖြင့် မိုးခေါင်ခြင်း၊ မိုးများ၍ ရေကြီးခြင်း၊ ရေလျှံခြင်းများနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ဆုံးရှုံးမှုရှိနိုင်သဖြင့် သုံးသီး စိုက်ပျိုးရန်အတွက် စိုက်ပျိုးမြေနေရာသည် ရေတော်၊ မိုးတော်ဖြစ်၍ ရေလိုအပ်ခြင်း၊သဘာဝအရင်းအမြစ်ဖြစ်သော မြစ်ချောင်းများ သို့မဟုတ် ဆည်မြောင်းလက်တံများရှိသည့်နေရာဖြစ်ရန် လိုအပ်ကြောင်း တွေ့ရှိရသည်။

တစ်နှစ် သုံးသီးစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနမှ နည်းပညာနှင့် စိုက်နည်းစနစ်များအား ပညာပေးခြင်းနှင့် သရုပ်ပြလယ်ကွက်များဖြင့် တောင်သူများသို့ လက်တွေ့ပြသ၍ စိုက်ပျိုးလာစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ ဆည်မြောင်းလက်တံဘေးလယ်ယာများနှင့် သဘာဝအရင်းအမြစ်ရှိသည့် လယ်ယာများတွင် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးသည့် အလေ့အထကို ဆောင်ရွက်စေခြင်း၊ စိုက်ပျိုးမည့်သီးနှံ မှန်ကန်စွာ ရွေးချယ်၍ အရည်အသွေးကောင်း အထွက်နှုန်းကောင်းသီးနှံဖြစ်ပြီး ရာသီဥတုကိုပါ ချိန်ညှိနိုင်ရန် လိုအပ်သည်။ ကျွမ်းကျင်လုပ်သားများ လုံလောက်စွာရှိ၍ ထွက်ကုန်သီးနှံများအား အချိန်အခါမီ ထွက်ပေါ်နိုင်ရန် ပြုပြင်ထိန်းသိမ်းပြီး ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းအတွက်ပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ သုံးသီးစိုက်ပျိုးသူ တောင်သူများကို နိုင်ငံတော်ကလည်း လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ထွက်ရှိမည့် သီးနှံများအတွက် ဈေးကွက်ရရှိရေးနှင့်ဈေးကောင်းသည့်သီးနှံများကို ရွေးချယ်၍ စိုက်ပျိုးသင့်ကြောင်း အကြံပြုလိုပါသည်။

စိုက်ပျိုးသူ တောင်သူများအနေဖြင့် တစ်နှစ်လျှင် ပုံမှန်နှစ်သီးစိုက်ပျိုးခြင်းမှာ အကျိုးအမြတ်နည်းပြီး သုံးသီးစိုက်ပျိုးခြင်းမှာ အကျိုးအမြတ်များစွာရရှိသည့်အတွက် တောင်သူများအတွက် တွက်ခြေလည်း ကိုက်သလို နိုင်ငံတော်အနေဖြင့်လည်း ပိုလျှံသီးနှံများကို နိုင်ငံခြားသို့ တင်ပို့နိုင်မည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ပြည်တွင်းလယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်လာ၍ အလုပ်အကိုင် အခွင့်အလမ်းကောင်းများလည်း ရရှိလာမည်ဖြစ်သဖြင့် တောင်သူများအနေဖြင့် တစ်နှစ်လျှင် နှစ်သီးမှ သုံးသီးသို့ ပြောင်းလဲ စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

# ငရုတ်သီးမှုန့်နှင့် ဟင်းမွှေးမဆလာလုပ်ငန်းရှင်အား တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ခရိုင်ဦးစီးမှူး ဦးမောင်လှဝင်းနှင့် ဝန်ထမ်းများသည် စားသုံးသူကာကွယ်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉) အခန်း(၁၈)၊ ပုဒ်မ(၄၁)၊ ပုဒ်မ(၄၃) ပြဋ္ဌာန်းချက်များအား သိရှိလိုက်နာပြီး မိမိတို့ထုတ်လုပ်ထုပ်ပိုးသော ကုန်စည်တွင် ကုန်အညွှန်းအမှတ်အသားများ ဖော်ပြချက်နှင့်ပတ်သက်၍ ပြည့်စုံစွာ ဖော်ပြစေရေးအတွက် ဇူလိုင် ၇ ရက် နံနက်၁၀နာရီတွင် စစ်တွေမြို့ မင်းဂံရပ်ကွက် အကွက်(၁၆)ရှိ ငရုတ်သီးခြောက်မှုန့်နှင့်ဟင်းမွှေးမဆလာအား ကုန်ကြမ်းအဆင့်မှ ကုန်ချောအထိ အဆင့်မြင့် စက်ယူနစ်များဖြင့် စမ်းသပ်ကြိတ်ခွဲထုတ်လုပ်ကာ “အိုးသူကြီး”တံဆိပ် အမှတ်အသားဖြင့် ဖြန့်ချိရောင်းချဆဲဖြစ်သော ဟင်းမွှေး မဆလာနှင့် ဆက်လက်ကြိတ်ခွဲထုတ်လုပ်ပြီး “အိုးသူကြီး”တံဆိပ် အမှတ်အသားဖြင့် ငရုတ်သီးအကြမ်းမှုန့်၊ အနုမှုန့်၊ အလျှော်မှုန့်များအား ထုပ်ပိုးဖြန့်ချိရောင်းချမည့် လုပ်ငန်းရှင် ဦးမြတ်ကျော်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

လုပ်ငန်းရှင်ဦးမြတ်ကျော်မှာ ယခုအချိန်တွင် ဟင်းမွှေးမဆလာကိုသာ စမ်းသပ်ကြိတ်ခွဲထုတ်လုပ်ဖြန့်ချိဆဲဖြစ်ရာ ငရုတ်သီးခြောက်ကို ရန်ကုန်နှင့် မိမိဒေသမှ ဝယ်ယူကာ စက်ယူနစ်များဖြင့် ရေဆေးကြောသန့်စင်ကာ မိုးလုံနေရောင်ခြည်သုံး အခြောက်ခံစနစ်ဖြင့် မှိုမတက်စေရေး နေလှန်းဆဲဖြစ်ပြီး ဆက်လက်ကြိတ်ခွဲထုတ်လုပ်ထုပ်ပိုးဖြန့်ချိရောင်းချမည်ဖြစ်ကြောင်း၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မိမိအနေဖြင့် “အိုးသူကြီး” တံဆိပ်အမှတ်အသားဖြင့် ပုံနှိပ်ထားရှိပြီးဖြစ်ကြောင်း ဆွေးနွေးရာ ခရိုင်ဦးစီးမှူးက “ထုတ်ကုန်လုံခြုံစိတ်ချရမှုအစ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်က” ကုန်အညွှန်းအမှတ်အသားများဖော်ပြရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉) ပုဒ်မ (၄၁)ပါ ကုန်စည်၏ တံဆိပ်အမှတ်အသား (Trademark/Logo)နှင့် ကုန်စည်အမျိုးအမည်၊ အသားတင် အလေးချိန်ပမာဏ၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့် /သက်တမ်းကုန်ဆုံးမည့် ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ပြည်တွင်း/ပြည်ပမှ တင်သွင်း၊ ထုတ်လုပ်သူအမည်/လိပ်စာ၊ ထုတ်လုပ်သည့်လုပ်ငန်း/ထုပ်ပိုးသည့်နေရာ၊ ကုန်စည်တွင် ပါဝင်သည့် ကုန်ကြမ်းပစ္စည်းအမျိုးအမည်၊ ပါဝင်သောပမာဏ အချိုးအစား၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး/ဓာတ်မတည့်ကြောင်း ဖော်ပြချက်/ကြိုတင်သတိပေးချက်၊ သက်ဆိုင်ရာ အစိုးရဌာနများက ဖော်ပြရန် သတ်မှတ်ထားသောအချက်များ ဖော်ပြပါရှိစေရေး ချပြဆွေးနွေးခဲ့ခြင်းဖြစ်သည်။

၎င်းအနေဖြင့် ပုံနှိပ်ထားသော “အိုးသူကြီး” အမှတ်တံဆိပ် ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်မှာ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်နှင့် ကိုက်ညီမှုရှိပါက နမူနာပုံစံနှင့်အတူ စားသုံးသူရေးရာဦးစီးဌာနသို့ လာရောက်လျှောက်ထားကာ ရုံးချုပ်မှ အတည်ပြုချက်ရရှိရေး ဆောင်ရွက်ရန် အသိပေးဆွေးနွေးပြီး ကုန်စည်တံဆိပ် အမှတ်အသား မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ သိရှိစေရေး၊ မူပိုင်ခွင့်ဦးစီးဌာနမှပေးပို့သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာ စာအုပ်များနှင့် လက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကာ ကုန်ကြမ်းမှ ကုန်ချောထိ စားသုံးကုန် လုံခြုံဘေးကင်း ထုတ်လုပ်မှုလုပ်ငန်းစဉ် (Food Safety Product Process) တစ်ခုလုံး၏ စက်ယူနစ်များအား လေ့လာ၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကာ ဆောင်ရွက်ရန် လိုအပ်ချက်များအား ချပြဆွေးနွေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**စားသုံးသူရေးရာဦးစီးဌာန(စစ်တွေ)**

# ကျုံ့ဒိုးမြို့ အထကရှိ ကျောင်းမုန့်ဈေးတန်း စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တာဝန်ခံ ဦးသက်လွင်သည် ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီတွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းကျန်းမာရေးကော်မတီ၊ ကျောင်းအကျိုးတော်ဆောင်နှင့် ရပ်ကျေးအဖွဲ့ဝင်တို့ ပူးပေါင်း၍ အမှတ်(၄)ရပ်ကွက်၊ အခြေခံပညာ(အ-ထ-က)ကျောင်းဝင်းအတွင်းရှိ ကျောင်းမုန့်ဈေးတန်းတွင် အစားအသောက်အချိုရည်များနှင့်မုန့်မျိုးစုံတို့ ရောင်းချလျက်ရှိသောဆိုင်များရှိ ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချမှုရှိစေရေးအတွက် သက်တမ်းလွန် အစားအသောက်များ ဈေးကွက်အတွင်း ရောင်းချမှု ရှိ/မရှိ ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်မှု ရှိ/မရှိတို့ကို စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သီတာဌေး(ကရင်သု/နည်း)**

# ဒီဂျောင်နှင့် မာတီနက်ဇ်တို့ကို ခေါ်ယူရန် မန်ယူ သဘောတူညီမှုရရှိ

မန်ယူအသင်းသည် ရာသီသစ်အတွက် ပြင်ဆင်သည့်အနေဖြင့် ကစားသမားသစ်များကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိရာ ဇူလိုင် ၁၅ ရက် သတင်းများအရ ဘာစီလိုနာအသင်းမှ နယ်သာလန်နိုင်ငံသား ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်နှင့် အေဂျက်အသင်းမှ အာဂျင်တီးနားနိုင်ငံသား ဗဟိုခံစစ်ကစားသမား လီဆန်ဒရိုမာတီနက်ဇ်တို့ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် အဆိုပါ ကစားသမားနှစ်ဦးကို ခေါ်ယူရန် ပြင်ဆင်နေသည်မှာ အချိန်ကာလ ကြာမြင့်လာခဲ့ပြီဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာမှုရှိနေခဲ့ရခြင်းဖြစ်သည်။

မန်ယူအသင်းသည် အသက်(၂၁)နှစ်သာရှိသေးသည့် အေဂျက် နောက်ခံကစားသမား လီဆန်ဒရိုမာတီနက်ဇ်ကို ပေါင် ၄၆ ဒသမ ၅သန်း(အမေရိကန်ဒေါ်လာ ၅၅သန်း)ဖြင့် ခေါ်ယူရန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း Goal.com တွင် ဖော်ပြထားသည်။

အခြားတစ်ဖက်တွင် မန်ယူအသင်းသည် ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်ကို ပေါင် ၇၁သန်း(အမေရိကန်ဒေါ်လာ ၈၄သန်း)ဖြင့်ခေါ်ယူရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ ဖရန်ကီဒီဂျောင်သည် အစောပိုင်းကပင် မန်ယူအသင်း၏ ကမ်းလှမ်းမှုကို လက်ခံရန် အဆင်သင့်ရှိနေခဲ့သော်လည်း ဘာစီလိုနာအသင်းနှင့် ကြွေးကျန်ပြဿနာများရှိနေခြင်းကြောင့် အပြောင်းအရွှေ့ကိစ္စ ကြန့်ကြာနေရခြင်းဖြစ်သည်။








# ရိုဒရီဂိုအား ငါးနှစ်သက်တမ်းတိုးစာချုပ် မန်စီးတီးချုပ်ဆို

မန်စီးတီးအသင်းသည် ၎င်းတို့၏ ကွင်းလယ်ကစားသမား ရိုဒရီဂိုအား ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ဇူလိုင် ၁၅ ရက်က ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းနှင့် ၂၀၁၇ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးခဲ့သည့် ရိုဒရီဂိုက "ကျွန်တော့်ကို မန်စီးတီးအသင်းမှာ ဆက်နေခွင့်ပေးတဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ပါတယ်။ မန်စီးတီးအသင်းဟာ ကမ္ဘာ့အကောင်းဆုံးအသင်းတွေထဲက အကောင်းဆုံးအသင်းတစ်သင်းပါ။ မန်စီးတီးအသင်းမှာ ကစားခွင့်ရနေတာက ဂုဏ်ယူစရာတစ်ခုပါ။ ကျွန်တော် မန်စီးတီးအသင်းနဲ့အတူ ချန်ပီယံဆုဖလားတွေကို ရယူသွားဦးမှာပါ"ဟု ပြောဆိုခဲ့သည်။

မန်စီးတီးအသင်းသည် ရာသီသစ်အတွက် ပြင်ဆင်မှုများကို ပြုလုပ်နေရာ တိုက်စစ်ပိုင်းတွင် ဒေါ့မွန်အသင်းမှ ဟာလန်းကို ခေါ်ယူခဲ့သည့်အပြင် လိဒ်အသင်းမှ ကွင်းလယ်ကစားသမား ကယ်ဗင်ဖိလစ်၊ ရေဗားပလိပ်အသင်းမှ တိုက်စစ်ကစားသမား ဂျူလီယန်အဲလ်ဗာရက်ဇ်တို့ကို ခေါ်ယူထားပြီးလည်း ဖြစ်သည်။

မန်စီးတီးအသင်းသည် ရာသီသစ်အတွက် တိုက်စစ်ရော၊ ကွင်းလယ်ပိုင်းကိုပါ အထူးပြင်ဆင်နေသလို ခံစစ်ပိုင်းကိုလည်း အားဖြည့်ရန်ရှိနေသေးကြောင်း သိရသည်။

# ကစားသမား ၁၁ ဦးအထိ ရောင်းထုတ်ရန် ပီအက်စ်ဂျီ ပြင်ဆင်

ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းသည် အသင်း၌ ထိပ်တန်းကစားသမား အများအပြားရှိနေရာ ယခု နွေရာသီဈေးကွက်တွင် ကစားသမား ၁၁ ဦးအထိ ပြန်လည်ရောင်းထုတ်သွားရန် ပြင်ဆင်နေကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ရာသီတွင် ကစားသမားသစ်ခေါ်ယူရေးထက် အသင်းရှိကစားသမားများကို ရောင်းထုတ်ရေးသာ ဦးစားပေး စဉ်းစားနေခြင်းဖြစ်သည်။ သို့သော် ပီအက်စ်ဂျီအသင်း နည်းပြသစ်ဖြစ်လာသည့် ဂယ်လ်တီယာက အသင်းရှိ ကစားသမားအချို့ကို ရောင်းထုတ်ပြီး အစားထိုးခေါ်ယူမှုကိုလည်း လုပ်ဆောင်သွားရန်ရှိကြောင်း ပြောဆိုထားသည်။




ပီအက်စ်ဂျီအသင်းက ထုတ်ရောင်းသွားမည့် ကစားသမား ၁၁ ဦးထဲတွင် တိုက်စစ်မှူး အိုင်ကာဒီက ထိပ်ဆုံးမှ ပါဝင်နေပြီး ဝီနယ်ဒန်၊ ကာဇာဝါ၊ ဒီရယ်လို၊ သီလိုခီရာ၊ လီအန်ဒရိုပါရီဒက်စ်၊ ဒါနီလိုပီရီရာ၊ ဂူယီ၊ အန်ဒါဟာရဲရား၊ အီဘမ်ဘီနှင့် ဒရစ်လာတို့ ပါဝင်နေသည်။

ထို့ပြင် စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး နေမာ၏ အနာဂတ်မှာလည်း ပီအက်စ်ဂျီအသင်းတွင် မသေချာမရေရာမှုများ ရှိနေကြောင်း သတင်းများတွင် ဖော်ပြနေကြသည်။

## ဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် တိုက်စစ်ပိုင်းအတွက် စတာလင်းကို ခေါ်ယူပြီးနောက်တွင် မန်ယူအသင်းမှ တောင်ပံကစားသမား စီရော်နယ်ဒိုကို ခေါ်ယူရန် စိတ်ဝင်စားနေမှုကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။
- ပီအက်စ်ဂျီအသင်းသည် လိုက်ဇစ်အသင်းမှ ပြင်သစ်လက်ရွေးစင် တိုက်စစ်မှူး အင်ကွန်ကူကို ခေါ်ယူရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး နေမာက မိမိအနေဖြင့် ဘရာဇီးအသင်းနှင့်အတူ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကစားလိုခြင်းကြောင့် ယခုနှစ်ရာသီတွင် ပီအက်စ်ဂျီအသင်းမှ မထွက်ခွာလိုကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။



# စတာလင်းကို ပေါင်သန်း ၅၀ ဖြင့် ချယ်လ်ဆီး ခေါ်ယူ

ချယ်လ်ဆီးအသင်းသည် မန်စီးတီးအသင်းမှ အင်္ဂလန် တောင်ပံကစားသမား စတာလင်းကို ပေါင်သန်း ၅၀ ဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယခု အပြောင်းအရွှေ့ကာလ၌ နောက်ခံကစားသမား ရူဒီဂါနှင့် တိုက်စစ်မှူး လူကာကူတို့ကို လက်လွှတ်ပြီးနောက်တွင် ပထမဦးဆုံး ခေါ်ယူလိုက်သည့် ကစားသမားမှာ စတာလင်းပင်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အသက်(၂၇)နှစ်ရှိစတာလင်းကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းလည်းဖြစ်သည်။ စတာလင်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို လီဗာပူးအသင်းဖြင့် စတင်ခဲ့ပြီး ၂၀၁၂-၂၀၁၅တွင် လီဗာပူးနှင့် ၂၀၁၅-၂၀၂၂တွင် မန်စီးတီးအသင်းတို့၌ ကစားခဲ့သူဖြစ်သည်။

"ကျွန်တော် ချယ်လ်ဆီးကို ပြောင်းရွှေ့လိုက်တာက ဘောလုံးသမားဘဝကို အရန်ခုန်မှာပဲ ထိုင်နေရတဲ့ဘဝကို မလိုချင်လို့ပါ။ ချယ်လ်ဆီးအသင်းဟာ ကျွန်တော့်အတွက် အသင်းသစ်ဆိုပေမယ့် ကျွန်တော်ဟာ လီဗာပူး၊ မန်စီးတီးတို့လို အင်္ဂလန် ပရီးမီးယားလိဂ် အသင်းကြီးတွေမှာ ကျင်လည်ခဲ့တာဖြစ်လို့ ဘာအခက်အခဲမှ ရှိလာမယ်မထင်ပါဘူး။ မန်စီးတီးအသင်းရဲ့ ပြိုင်ဘက်ကောင်းဖြစ်တဲ့ ချယ်လ်ဆီးအသင်းမှာ ကစားခွင့်ရတာကိုလည်း ကျွန်တော် ဂုဏ်ယူပါတယ်။ ချယ်လ်ဆီးအဆင်းအတွက် ကစားပေးဖို့ ကျွန်တော်အဆင်သင့်ဖြစ်နေပါပြီ"ဟု စတာလင်းက ပြောခဲ့သည်။

အခြားတစ်ဖက်တွင် ချယ်လ်ဆီးအသင်းသည် နာပိုလီအသင်းမှ အသက်(၃၁)နှစ်ရှိ ဆီနီဂေါလက်ရွေးစင် ဗဟိုခံစစ်ကစားသမား ကူလီဘာလီကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သိရသည်။

**ဟန်နေသစ် စုစည်းသည်**

# စားသုံးသူများ အခွင့်အရေးနှင့်အာမခံချက်အပေါ် တောင်းဆိုနိုင်မှု

ခင်ကြည်(မွန်ပြည်နယ်)

စားသုံးသူများအတွက် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် စားသုံးသူကာကွယ်ရေးကို စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို (၂၀၁၄ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၀) ဖြင့် ပထမအကြိမ်နှင့် စားသုံးသူကာကွယ်ရေးဥပဒေကို (၂၀၁၉ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉) ဖြင့် ဒုတိယအကြိမ် ပြဋ္ဌာန်းချက်တွင် အသစ်ပြင်ဆင် ပြဋ္ဌာန်းထားသည့် စားသုံးသူကာကွယ်ရေးဥပဒေကိုလည်း စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ကာ ဆောင်ရွက်လာခဲ့ကြသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၂၅ (AEC Blue Print 2025)လက်အောက်တွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းသည် အရေးပါသောကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသည့်အတွက် အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)ပါ လုပ်ငန်းအစီအစဉ်များကို နှစ်အလိုက် ဦးစားပေးကဏ္ဍများ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူများကို စားသုံးသူများသိသင့်သည့် အသိပညာများကို အသိပညာပေး ဟောပြောကျင်းပမှု စီးပွားရေးလုပ်ငန်းရှင်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်တို့ကို အသိပညာပေး ဟောပြောပွဲများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ခဲ့သည်။ စားသုံးသူဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုရန်မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲမှုအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ကုန်စည်ချေးငှားပြုလုပ်သူများ သို့မဟုတ် ပေးကမ်းထောက်ပံ့ခြင်းခံရသူများကို ဆိုသည်။

စားသုံးသူများသည် ကုန်စည်နှင့်ဝန်ဆောင်မှုတို့ကို ဝယ်ယူသုံးစွဲကြရာတွင် အကျိုးရှိရှိ အခွင့်အရေးများရစေရန်အတွက် စားသုံးသူရေးရာဦးစီးဌာန၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သော စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေးဆောင်ရွက်ရန်သည်လည်း စားသုံးသူများကို ပိုမိုအကျိုးဖြစ်စေရန် ကူညီဆောင်ရွက်နေခြင်းဖြစ်သည်။ စားသုံးသူကာကွယ်ရေးဥပဒေမှ စားသုံးသူအခွင့်အရေး(၈)ချက် သိရှိစေရန် (၁)အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိစေခြင်း၊ (၂)ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်း၊ (၃)လိုအပ်သော သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ သိရှိခွင့်နှင့်ပြေစာ၊ အထောက်အထား ရယူခွင့်ရှိခြင်း၊ (၄)စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခွင့်ရှိခြင်း၊ (၅)နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရရှိနိုင်ခြင်း၊ (၆)နစ်နာဆုံးမှုနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိခြင်း၊ (၇)အသိပညာဗဟုသုတများ၊ အခွင့်အရေးများနှင့် လိုအပ်သော အချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊ (၈)ပစ္စုပ္ပန်သာမက အနာဂတ် မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်းတို့ဖြစ်သည်။

စားသုံးသူအခွင့်အရေးများကို ရယူသုံးစွဲသည့် စားသုံးသူများအနေဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့ကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန်၊ နစ်နာဆုံးရှုံးမှုကြုံတွေ့လျှင် စားသုံးသူအခွင့်အရေးမှ နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရှိသလို ကုန်စည်နှင့်ဝန်ဆောင်မှုအား စီးပွားရေးလုပ်ငန်းရှင်များက အာမခံချက်ပေးထားသော သတင်းအချက်အလက်မပြည့်စုံခြင်းတို့ကို စားသုံးသူက အာမခံချက် တောင်းဆိုနိုင်သည့် အခွင့်အရေးများလည်းရှိသည်။

စားသုံးသူများအနေဖြင့် အခန်း(၁၁)တွင် ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်းကိုလည်း ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းချသည့်ကုန်စည်တွင် သာမန်အားဖြင့် မမြင်နိုင်သော သဘာဝပြောင်းလဲနိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို စားသုံးသူအား ထင်ရှားစွာဖော်ပြ၍ အသိပေးရမည်။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်နှင့်စပ်လျဉ်း၍ ဖော်ပြရမည့် အာမခံချက်များတွင် ဖော်ပြရန်အချက်အလက်များမှာ စားသုံးသူက လက်ခံသုံးစွဲနိုင်သော အရည်အသွေးရှိခြင်း၊ ကုန်စည်၏အရည်အသွေး၊ အချိန်အတွယ်ပမာဏနှင့်အလေးချိန်မှန်ကန်မှုရှိခြင်း၊ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊ သုံးစွဲသူ၏ လိုအပ်ချက်အတွက် သင့်လျော်မှုရှိခြင်း၊ နမူနာပစ္စည်းတွင် ဖော်ပြထားသည့်အတိုင်း တူညီစွာပါရှိခြင်း၊ အာမခံချက် ပေးထားသည့်ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်း အပိုပစ္စည်းရရှိနိုင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ခြင်း သို့မဟုတ် လဲလှယ်နိုင်ခြင်း၊ ကုန်အညွှန်းအမှတ်အသားပါ အချက်အလက်၊ ကြော်ငြာ၊ ကမ်းလှမ်းချက် သို့မဟုတ် အရောင်းမြှင့်တင်ခြင်းတွင် ပါဝင်သော ဖော်ပြချက်နှင့်ကိုက်ညီမှုရှိခြင်းတို့ကို ပြည့်စုံစွာပါဝင်စေရမည်။

**စားသုံးသူအခွင့်အရေးများကို ရယူသုံးစွဲသည့်**
**စားသုံးသူများအနေဖြင့် ကုန်စည် သို့မဟုတ်**
**ဝန်ဆောင်မှုတို့ကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှု**
**မခံရစေရန်၊ နစ်နာဆုံးရှုံးမှု ကြုံတွေ့လျှင်**
**စားသုံးသူအခွင့်အရေးမှ နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍**
**ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရှိ ....**

စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်နှင့်စပ်လျဉ်း၍ ဖော်ပြရမည့်အာမခံချက်များတွင် ဖော်ပြရန် အချက်အလက်များ၊ သတင်းအချက်အလက် ပြည့်စုံစွာ ဖော်ပြခြင်းမရှိလျှင်ဖြစ်စေ၊ စားသုံးသူသည် ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးကို တောင်းဆိုပိုင်ခွင့်ရှိသည် ယင်းအချက်များမှာ အာမခံချက်ပေးထားသည့်အတိုင်း ပြန်လည်ပြင်ဆင်လဲလှယ်ပေးရန် သို့မဟုတ် အပိုပစ္စည်းမရရှိနိုင်လျှင် ထုတ်လုပ်သူထံမှ ကုန်စည်တန်ဖိုး သို့မဟုတ် ဝယ်ယူသုံးစွဲသည့် ကုန်စည် သို့မဟုတ် မူလအရည်အသွေးအောက် မနိမ့်သော ကုန်စည်ကို ပြန်လည်ရရှိရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်ဘက်မှ ချို့ယွင်းချက်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ယင်းကုန်စည်တန်ဖိုးနှင့် ညီမျှသောကုန်စည်ကို အစားထိုးလဲလှယ်ပေးရန် သို့မဟုတ် ကုန်စည်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ဖော်ပြရန် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုရှိခဲ့လျှင် ယင်းအတွက် လျော်ကြေးတောင်းခံခွင့်ရရှိရန်တို့ကို တောင်းဆိုနိုင်သည့် အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက်ပေးထားပြီး ရောင်းချသည့် ကုန်စည်နှင့်စပ်လျဉ်း၍ စားသုံးသူသည် တောင်းဆိုပိုင်ခွင့်သုံးချက်ကို သိရှိစေရန် အာမခံချက်နှင့်ညီသော အရည်အသွေးတူ ကုန်စည်ရရှိရန်၊ ရောင်းချသူမှ ငွေပြန်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ပြန်လည်လဲလှယ်ပေးရန်နှင့် အာမခံချက်ထားသည့်အတိုင်း အမှန်တကယ်မရရှိပါက လျော်ကြေးရရှိရန်ကိုလည်း တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၀၁၉ခုနှစ်၊ စားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၃)၌ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်းကိုလည်း ပုဒ်မ ၂၆ တွင် ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူအပေါ် ဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်းသည့် ဖော်ပြရမည့် အာမခံချက်များတွင် အချက်အလက် ငါးခုကို ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်းရှင်မှ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အချက်အလက်များကို စားသုံးသူသိရှိစေရန် ကြိုတင်အသိပေးခြင်း၊ မှန်ကန်သော သတင်းအချက်အလက်နှင့် ပြည့်စုံသော ဝန်ဆောင်မှု အဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊စားသုံးသူ၏လိုအပ်ချက်နှင့်ကိုက်ညီမှုရှိခြင်း၊ အာမခံထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းနှင့် စားသုံးသူနှင့် သဘောတူညီထားသည့် ဝန်ဆောင်မှုတန်ဖိုးအတိုင်း ပေးအပ်စေခြင်းအား စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက်ပေးထားသည့်ကာလအတိုင်းဝန်ဆောင်မှုမပေးနိုင်လျှင် သို့မဟုတ် ဝန်ဆောင်မှုပေးရန် ပျက်ကွက်လျှင် စားသုံးသူသည် တောင်းဆိုပိုင်ခွင့်လည်းရှိပါသည်။ ဝန်ဆောင်မှုပေးရန် ပျက်ကွက်ခဲ့မှုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် ယင်းအတွက် လျော်ကြေးပေးရန်၊ အာမခံထားသော အချိန်ကာလအတွင်း သဘောတူညီထားသော ဝန်ဆောင်မှုကို မရရှိခဲ့လျှင် စားသုံးသူ၏ နစ်နာမှုအတွက် ကုစားခွင့်ပေးရန်တို့ဖြစ်သည်။

စားသုံးသူများက ကုန်စည်နှင့်ဝန်ဆောင်မှုတို့ကို သုံးစွဲရာမှ ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များ စားသုံးသူ၏အခွင့်အရေးများနှင့် တာဝန်များ၊ အာမခံချက်များနှင့် တောင်းဆိုနိုင်သည့်အခွင့်အရေးသည် သိရှိထားမည်ဆိုလျှင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းခြင်း စားသုံးသူများ အကျိုးစီးပွားကာကွယ်ရေး လုပ်ဆောင်ခြင်း၊ စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်သော အသိပညာဗဟုသုတများ ရရှိခြင်းတို့ကို ရရှိစေခြင်းသည် စားသုံးသူများအတွက် စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်များမှ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ တိကျမှန်ကန်ရှင်းလင်းသည့် သတင်းအချက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## အသိပညာပေး ဆွေးနွေးခြင်းနှင့် ကွင်းဆင်းလေ့လာ

ဇူလိုင် ၁၃ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ မြစ်ကြီးနားခရိုင် ဦးစီးမှူးရုံးမှ ဦးဘောမ်ဇုန်း(ရုံးအုပ်)သည် မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်ရှိ မလိခဟိုတယ်လုပ်ငန်းရှင်နှင့် တာဝန်ရှိသူများကို တွေ့ဆုံပြီး ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးခဲ့သည်။

အသိပညာပေးဆွေးနွေးရာတွင် စီးပွားရေးလုပ်ငန်းရှင်အနေဖြင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီဆောင်ရွက်ရန်၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အချက်အလက်များကို စားသုံးသူသိရှိစေရန် ကြိုတင်အသိပေးခြင်း၊ မှန်ကန်သော သတင်းအချက်အလက်နှင့် ပြည့်စုံသော ဝန်ဆောင်မှုအဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊ စားသုံးသူ၏လိုအပ်ချက်နှင့်ကိုက်ညီမှုရှိခြင်း၊ အာမခံထားသောအချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊ စားသုံးသူနှင့်သဘောတူညီထားသည့် ဝန်ဆောင်မှုတန်ဖိုးအတိုင်း ပေးအပ်စေခြင်းတို့အား အာမခံပေးရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံပေးထားသည့်ကာလအတိုင်း ဝန်ဆောင်မှုပေးရန် ပျက်ကွက်ခဲ့မှုကြောင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် ယင်းအတွက် လျော်ကြေးပေးရန်၊ အာမခံထားသောအချိန်ကာလအတွင်း သဘောတူညီထားသော ဝန်ဆောင်မှုကိုမရရှိခဲ့လျှင် စားသုံးသူ၏ နစ်နာမှုအတွက် ကုစားခွင့်ပေးရန် အချက်များအား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ မိုးညှင်းခရိုင် ဦးစီးမှူးရုံးမှ ဦးကျော်မိုးလွင်(ဌာနခွဲစာရေး)သည် ဇွန် ၁၃ ရက်တွင် မိုးညှင်းမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာအတွင်းရှိစားသုံးသူများအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခဲ့သည်။

ဖန်းမော်ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးသည် ဇွန် ၁၃ ရက်တွင် ဗန်းမော်မြို့၊ (၅)မိုင် စီဟဲကျေးရွာသို့ CP စိုက်ပျိုးရေးကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ သွားရောက်၍ ကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်ငါးဧကတွင် မျိုး/ သွင်းအားစု စိုက်ထုတ်ပေးပြီး ရောဝတီတိုင်းဒေသကြီးမှ မနောသုခစပါးမျိုး ကြဲပက် စမ်းသပ်စိုက်ပျိုးထားသည့် ၁၀ ရက်သား စိုက်ခင်းအား ကွင်းဆင်းကြည့်ရှုခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆွေးနွေးရာတွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီတွင် ဗန်းမော်ခရိုင်အတွင်းရှိ တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိရန် ရည်ရွယ်၍ CP စိုက်ပျိုးရေးကုမ္ပဏီနှင့်တောင်သူများအကျိုးတူ ပူးပေါင်းပြီး မနောသုခစပါးမျိုးအား ဧက ၂၀၀ခန့် စမ်းသပ်စိုက်ပျိုးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**စောနွဲ့ (မြစ်ကြီးနား)၊**
**စွဲ့ဇင်မာဖွေး (မိုးညှင်း)၊**
**ရဲရင့်ဖြိုး (ဗန်းမော်)**


Extreme Performance
EVEREST
Premium Automotive Lubricants
PASSENGER CARS, HEAVY-DUTY FLEET, COMMERCIAL, AND INDUSTRY LUBRICANTS
Global Award Winner 2021 - 2nd Place - AutomotiveTech
dexos 1
GM
Manufactured by US Global Petroleum • usglobalpetroleum.com • +1-773-376-9660
Sole Authorized Distributor in Myanmar: XY Trading Co. Ltd. 09 5006510 , 09 408481133
Address: No. L9, Nwethargi Street, Bayintnaung Pweyon, Mayangone Township, Yangon, Myanmar. www.xy-trading.com


sun
ELECTRICAL ENGINEERING & CONSTRUCTION CO.,LTD.
Address: No.72,(1 - A), Tayoke Kyaung Street, Sanchaung Township, Yangon.
Tel: 01-2304752, 01-706851, 09-500 1247, 09 862 2829
Email : sunelectricalengineering@gmail.com
INSTALLATION OF 66/33 KV, 66/11 KV, 33/11 KV, 33/0.4 KV, 11-6.6/0.4 KV, 11/0.4 KV SUBSTATION, 66 KV LINE, 33 KV LINE, 11 KV LINE, 6.6 KV LINE & 400V LINE, CIVILWORK FOR SWITCH BAY, SWITCH YARD, SUBSTATION, CONTROL BUILDING CONSTRUCTION
33/11 KV, 10MVA SUBSTATION @ MYAYEENANDAR
33 KV DOUBLE CIRCUIT O/H LINE @ KYANSISMINN
66/11 KV, 2 X 30 MVA GIS SUBSTATION @ YADANA
66 kV DOUBLE CIRCUIT O/H LINE @ FORTUNE PLAZA


Green Rock
WINE MERCHANTS
Quality import Wine များကို
ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ပါသည်။
City
Käfer Weine
ANDES
Carson's
Eagle Creek
MERTES
MARKUS MOLITOR
UMBERTO FIORE
biorebe
CHÂTEAU PEYCHOT
09 777 002 136 , 09 200 3095


ရိုးမနှင်းဆီနီ
ကုမ္ပဏီလီမိတက်
BELNO
YOKO
YOKO
Star
BO WANG
YAKUZA ヤクザ
HI-KEN
ALPHA-1
Ygn office : 09 501 3530, 09 967 985 842, 09 963 157 472.
Mdy office : 09 254 117 780, 09 440 657 173.
ဒီဇယ်အင်ဂျင် အမျိုးမျိုး
Pump
HI-KEN
ဓါတ်ဆီအင်ဂျင်အမျိုးမျိုး
YAKUZA ヤクザ


HLAING THAR YAR PORT
Mottama
Logistics Hub
SHWE PYI THAR PORT
OUR SERVICES
PORT SERVICES
• General Cargo Handling
• Container Handling
• Space rental
• Ramping
• Stevedoring
• Warehouse
ICD
• Service
TRANSPORTATION
• Trucking
• Barging
Head Office
124, Seik Kan Thar St,
Industrial Zone (2), Shwe Pyi Thar Tsp,
Yangon, Myanmar.
Office 2
121, Seik Kan Thar St,
Industrial Zone (7), Hlaing Thar Yar Tsp,
Yangon, Myanmar.
+95 9 765484668, +95 9 765484669, +95 9 765484670, +95 9 765484674


LIUGONG
Tough World. Tough Equipment.
Please contact AGGC to make purchase about
all kinds of quality and affordable price machines in on place . . .
LIUGONG
AGGC
www.aungyigroup.com
Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com

COMMERCE INTERNATIONAL

# ဖို့ဒ်က လျှပ်စစ်ကားထုတ်လုပ်ရေးအတွက် Valencia နှင့် ပူးပေါင်း

အမေရိကန်၏ ကမ္ဘာကျော် မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ဖို့ဒ်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် လျှပ်စစ်မော်တော်ကားများ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် Valencia ကုမ္ပဏီနှင့် ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာအနှံ့ ဖြန့်ကြက်ထားသည့် ဖို့ဒ်မော်တော်ကားကုမ္ပဏီသည် Valencia ကုမ္ပဏီနှင့် ပူးပေါင်းပြီး မျိုးဆက်သစ် လျှပ်စစ်ကားများကို ထုတ်လုပ်သွားမည်ဖြစ်သည်။ ဥရောပနိုင်ငံများသည် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ဓာတ်ဆီနှင့် ဒီဇယ်ကားသစ်များ ရောင်းချခြင်းကို တားမြစ်သွားရန် စီစဉ်ထားခြင်းကြောင့် လျှပ်စစ်ကားများကိုသာ ထုတ်လုပ်ရောင်းချသွားရမည်ဖြစ်သည်။

ထို့ကြောင့် ဖို့ဒ် မော်တော်ကားကုမ္ပဏီအနေဖြင့် လျှပ်စစ်ကားများကို တိုးချဲ့ထုတ်လုပ်သွားရန်



ခြေလှမ်းသစ်တစ်ရပ် ထပ်မံပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

ဖို့ဒ် မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီအနေဖြင့် Valencia စက်ရုံအတွက် ဝန်ထမ်းပေါင်း ၆၀၀၀ ခန့်ကို အသုံးပြုသွားရန် စီစဉ်ထားကြောင်းနှင့် လျှပ်စစ်ကားများထုတ်လုပ်ရာတွင် လူ၏ပါဝင်ပတ်သက်မှုကဏ္ဍနည်းပြီး အလိုအလျောက် တပ်ဆင်မှုများကို ပိုမိုအသုံးပြုသွားမည်ဟုဆိုသည်။

ဖို့ဒ် မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီသည် လျှပ်စစ်ကားထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း သိရသည်။ ဖို့ဒ်သည် လျှပ်စစ်ကားများထုတ်လုပ်ရန် ဂျာမနီ၊ တူရကီနှင့် ရိုမေးနီးယားရှိ Cologne အပါအဝင် နောက်ထပ်စက်ရုံပေါင်းများစွာကို လျှပ်စစ်ကားများ ထုတ်လုပ်ရန် ရွေးချယ်ခံထားသည်။ ဖို့ဒ်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် Cologne စက်ရုံတွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ကတိပြုထားပြီး လာမည့် ၂၀၂၃ ခုနှစ်မှစ၍ Volkswagen မှ နည်းပညာကိုအသုံးပြု၍ လျှပ်စစ်ကားများ ထုတ်လုပ်သွားမည်ဖြစ်သည်။

**Source; BBC**

## အမေရိကန်တွင် လောင်စာဆီဈေးများ ကျဆင်းလာ

အမေရိကန်ပြည်ထောင်စုတွင် လောင်စာဆီများ ဝယ်လိုအား ကျဆင်းလာမှုနှင့်အတူ ဈေးနှုန်းများလည်းကျဆင်းလာခဲ့ကြောင်း သိရသည်။ အမေရိကန်၌ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဓာတ်ဆီတစ်ဂါလန်လျှင် ငါးဒေါ်လာကျော် မြင့်တက်သွားပြီးနောက် ဇူလိုင်လဒုတိယပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

အမေရိကန်တွင် ဓာတ်ဆီ၊ လေယာဉ်ဆီနှင့် ဒီဇယ်ဆီ ဝယ်လိုအားသည် ကိုဗစ်ကပ်ရောဂါမစတင်မီ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း စွမ်းအင်သတင်းအချက်အလက် စီမံခန့်ခွဲရေးအဖွဲ့မှ သိရသည်။

လောင်စာဆီဈေးနှုန်းများသည် လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ဆက်လက်ကျဆင်းသွားနိုင်ဖွယ်ရှိနေပြီး အမေရိကန်ဒေါ်လာ အားကောင်းမှုကြောင့် အမေရိကန်ပြင်ပနိုင်ငံများတွင် လောင်စာဆီဈေးနှုန်း ကြီးမြင့်မှုများ ဖြစ်ပေါ်လာနိုင်သည်။ ဗဟိုဘဏ်များသည် ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရာတွင် အတိုးနှုန်းမြှင့်တင်ခြင်းမှာ စီးပွားရေးနှေးကွေးစေမည့်လက္ခဏာ ဖြစ်လာခြင်းကြောင့် လောင်စာဆီဈေးကွက်ပါ ကျဆင်းလာသည်။

## တရုတ်နိုင်ငံ၏ ကုန်သွယ်ရေး ပို့ကုန်သွင်းကုန်တိုးတက်လာ

၂၀၂၂ ခုနှစ် ပထမ ခြောက်လတာကာလအတွင်း တရုတ်နိုင်ငံ၏ ကုန်ပစ္စည်း ကုန်သွယ်ရေး ပို့ကုန်သွင်းကုန် စုစုပေါင်းတန်ဖိုးသည် တရုတ်ယွမ်ငွေ ၁၉ ဒသမ ၈ ထရီလီယံရှိပြီး ယမန်နှစ် ကာလတူထက် ၉ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာကြောင်း တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ (GACC)မှ ပြောခွင့်ရပုဂ္ဂိုလ် လီကူဝန်က ဇူလိုင် ၁၃ ရက်တွင် ပြောကြားခဲ့သည်။



လီကူဝန်က တရုတ်နိုင်ငံအနေဖြင့် Industry chain တည်ငြိမ်ရေးကို မြှင့်တင်လျက်ရှိသလို အရေးကြီး Industry chain supply chain လုပ်ငန်းများ၏ အာမခံလုပ်ငန်းအား အကောင်းဆုံးဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာတင်သွင်းမှု အဆင်ပြေချောမွေ့ရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ပြောင်းဖူး၊ မာလဝီနိုင်ငံမှ ပဲပိစပ်၊ ဘရာဇီးနိုင်ငံမှ ပြောင်းဖူးနှင့်မြေပဲ အစရှိသည်တို့ကို တင်သွင်းရန် အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း ပြောကြားထားသည်။

တရုတ်နိုင်ငံသည် ဘရာဇီးနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ပြောင်းဖူးများကို နှစ်စဉ် အမြောက်အမြား တင်သွင်းလျက်ရှိရာ မကြာမီတွင် တင်သွင်းနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**Source; Xinhua**



## ဥရောပ စီးပွားရေးဇုန်တွင် ငွေကြေးဖောင်းပွမှု မြင့်တက်လျက်ရှိ

ဇူလိုင်လ ဒုတိယပတ်အတွင်းသို့ ရောက်ရှိလာချိန်တွင် ဥရောပ စီးပွားရေးဇုန်၌ ငွေကြေးဖောင်းဖွမှု ကြီးမားစွာ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းမှာ နှစ်ပေါင်း ၂၀ အတွင်း အဆိုးရွားဆုံး အနေအထားသို့ ရောက်ရှိလာခဲ့ခြင်းလည်းဖြစ်သည်။

အခြားတစ်ဖက်တွင် ဥရောပငွေကြေးနှင့် အမေရိကန်ဒေါ်လာတို့ နှစ်ပေါင်း ၂၀အတွင်း ပထမဦးဆုံး တန်ဖိုးတူညီသည့် အနေအထားသို့ ရောက်ရှိလာခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၂၂ ခုနှစ်၏ နှစ်စပိုင်းမှစတင်ပြီး တဖြည်းဖြည်း ကျဆင်းလာခဲ့ရသည့် ယူရိုငွေကြေးသည် ဇူလိုင် ၁၃ ရက်တွင် အမေရိကန်ဒေါ်လာနှင့် တန်ဖိုးတူညီသွားခဲ့ရခြင်းဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့၏ စစ်ပွဲကြောင့် ဥရောပတွင် စွမ်းအင်အကျပ်အတည်းများကို ရင်ဆိုင်လာကြရသည်။ ယင်းက ဥရောပနိုင်ငံများသာမကဘဲ ကမ္ဘာ့နိုင်ငံအများအပြား၏ စီးပွားရေးကို နှေးကွေးမှုဖြစ်ပေါ်စေခဲ့သည်။ ထိုကဲ့သို့ စီးပွားရေးကျဆင်းမှုအပေါ် ဥရောပဗဟိုဘဏ်(The European Central Bank) က ငွေကြေးဖောင်းပွမှုကို လျှော့ချနိုင်ရေးမူဝါဒကို တင်းကျပ်စွာ လုပ်ဆောင်နိုင်မည်လားဆိုသည့်အပေါ် စီးပွားရေးလုပ်ငန်းရှင်များက သံသယရှိနေကြသည်။။

ယခု ဇူလိုင်လ ဒုတိယပတ်ထဲတွင် ဥရောပဇုန်၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိနေခြင်းကြောင့် ဥရောပဗဟိုဘဏ်အနေဖြင့် ယခု ဇူလိုင်လမကုန်မီမှာပင် အတိုးနှုန်းများ တိုးမြှင့်ရန် ကြေညာထားပြီးဖြစ်သည်။ ထိုကဲ့သို့ အတိုးနှုန်းများ တိုးမြှင့်ရန် ကြေညာခြင်းမှာ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

ဥရောပနိုင်ငံများရှိ ဗဟိုဘဏ်များက အတိုးနှုန်းများကို ဆက်တိုက် ဆိုသလို တိုးမြှင့်လာသဖြင့် စီးပွားရေးတိုးတက်မှုကို နှေးကွေးစေပြီး ယူရိုငွေကြေးအပေါ် ဖိအားများ ဖြစ်ပေါ်စေခဲ့ရသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံသူများကလည်း လက်ရှိအချိန်၌ အမေရိကန်ဒေါ်လာသည် လုံခြုံပြီး စိတ်ချရသည့် အနေအထားမျိုး ဖြစ်လာသည်ဟု ယူဆလာကြသည်။ ယင်းမှာ ယူရိုငွေကြေးကို ယုံကြည်မှု လျော့ကျလာခြင်း၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်နေသည်။

**Source; BBC**

**Beat Plastic Pollution**
**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**

စိုင်းဗညား - စုစည်းသည်